www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


၈၉၅.၈၃
ကြီးစက္ကူ
ရွှေတာလားနှင့်ကိုယ်ပွားမိစ္ဆာ)/ကြီးစက္ကူ။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၂၅၀-စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) ကြီးစက္ကူ

[illegible] အောင်မြင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ(၅၀၀)။



# ကြီးစက္ကူ

## ရွှေတာလားနှင့်ကိုယ်ပွားမိစ္ဆာ



www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

- သံမှိုတစ်ခုကို ဂရုမစိုက်သဖြင့်
မြင်းခွာတစ်ခု ဆုံးရှုံးရသည်။
မြင်းခွာတစ်ခု ဆုံးရှုံးရသဖြင့်
မြင်းတစ်ကောင်ပါ ဆုံးရှုံးရသည်။
မြင်းတစ်ကောင်း ဆုံးရှုံးခဲ့ပြီးနောက်တွင်
တိုင်းပြည်တစ်ခုလုံး ပျက်စီးဆုံးရှုံးမှု ဖြစ်ရသည်။

- တစ်ချိမဟာကဲ့သို့ ဝှုဗိမာန်ကို မြင်သောအခါ
လူအတော်များများက သဘောကျကြသည်။
တစ်ချိမဟာကဲ့သို့ ခမ်းနားသော ဂူဗိမာန်ထက်
အသက်ရှင်ခွင့်ရသော ဘဝက
ပိုပြီး တန်ဖိုးရှိသည်ကိုတော့ မေ့လျော့နေကြသည်။

- ချမ်းသာသော်လည်း ကိုယ်ကျင့်တရားမကောင်းလျှင်
လေးစားထိုက်သောသူ မဟုတ်ပေ။
ဆင်းရဲနေသော်လည်း ကိုယ်ကျင့်တရားကောင်းလျှင်
တန်ဖိုးထား ဆက်ဆံရပေမည်။

## ဒဿနလက်ဆောင်

- အလင်းရောင်ရှိလျှင်
နောက်မှာ ညိုမှိုင်းသော အရိပ်တစ်ခုရှိသည်။
အောင်မြင်ခြင်း၊ ချမ်းသာခြင်းတို့နောက်တွင်
ပျက်စီးခြင်းက အဆင်သင့်ရှိနေတတ်သည်။

- လူကိုသတ်သည့် တိရစ္ဆာန်သည်
မည်သည့်ကြံစည်မှုမှ မရှိပဲ
သတ်ရန်တစ်ခုတည်းသာ စိတ်ရှိသည်။
လူက တိရစ္ဆာန်ကိုသတ်သောအခါ
နည်းမျိုးစုံဖြင့် ကြံစည်စိတ်ကူးလေ့ရှိသည်။

- ရေနက်သောနေရာမှာနေသည့် ငါးသည်
အသက်အန္တရာယ် လုံခြုံမှုရှိသည်။
လေးနက်သော အတွေးအခေါ်ရှိလျှင်
ဘဝအတွက် လုံခြုံစိတ်ချမှု ရစေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ မီးအိမ်ကွဲသွားသောအခါ
အလင်းရောင်တွေပျောက်ကွယ်ရတယ်။
မိုးတိမ်တွေဖုံးအုပ်တဲ့အခါ
သက်တံရောင်တွေပျက်ပြယ်ရတယ်။
စောင်းကြိုးပြတ်တဲ့အခါ
ချိုသာသော တေးသံများ ဆိတ်သုဉ်းရတယ်။
ချစ်ခြင်းမေတ္တာကတော့
မဆုံဆည်းဖြစ်ခဲ့ရင်တောင် ပျက်စီးသွားခြင်းမရှိပေ။

❖ အချစ်ဦးနှင့်လက်တွဲချင်သူများပါသည်။
သို့သော်လက်တွဲခွင့်ရသူကတော့ နည်းပါသည်။
ဘဝအတွေ့အကြုံနှင့် မပြည့်စုံခြင်းများက
ဆုံဆည်းခြင်းကို အဟန့်အတားဖြစ်စေခဲ့ကြသည်။

❖ ငိုကြွေးခြင်းဖြင့် စတင်ခဲ့သောဘဝကို
ညီးတွားခြင်းများဖြင့် အချိန်ကုန်စေပြီး
မျှော်လင့်ချက်မရှိသော ဘဝအခြေအနေမျိုးဖြင့်တော့
အဆုံးမသတ်သင့်ပါပေ။

# ဒဿနလက်ဆောင်

❖ ဘဝကိုဘာမှမသိသော အခြေအနေမျိုးဖြင့်
လူ့ဘဝ၏သုံးပုံတစ်ပုံ ကုန်သွားသည်။
ဝိုးတဝါးသိသောအချိန်ရောက်တော့
နောက်ထပ် တစ်ပုံကုန်သွားပြန်သည်။
လက်ကျန်နည်းနေပြီဖြစ်သော လူ့ဘဝသက်တမ်းတွင်
ဘဝအခြေအနေကိုသိအောင် ကြိုးစားသင့်ပေသည်။

❖ အခြားသူများအားလိမ်ရန် ကြိုးစားသူသည်
ဦးစွာ မိမိကိုယ်ကို အရင်လိမ်ရသည်။
ကိုယ့်စိတ်ကို လိမ်ညာရတော့မှ ,
အခြားသူများကို လိမ်ညာ၍ရနိုင်ပေမည်။

❖ ဗဟုသုတမရှိသူသည်လည်းကောင်း
ဗဟုသုတပြည့်စုံသူသည်လည်းကောင်း
အန္တရာယ်မရှိပေ။
ဗဟုသုတနည်းနည်းရှိပြီး
များများသိနေပြီဟုထင်လျှင်တော့
အန္တရာယ်ရှိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) ကျူးတို့ဆိပ်တွင်မှိုအိတ်ပြေရောင်းမှု

အခန်း(၂) မဟာဂန္ဓာရီဇစ်မြစ်များ

အခန်း(၃) လင်းနို့ရေနှင့်သဲလွန်စများ

အခန်း(၄) ဗီးနပ်စ်နတ်ဘုရားမ၏သားကောင်များ

အခန်း(၅) ကမ္ဘာတစ်ဝှမ်းမှရှေးဟောင်းအယူအဆများ

အခန်း(၆) သိုးမက်စ်သချိုင်းနှင့်အန္တရာယ်လမ်းများ

အခန်း(၇) ထူးဆန်းသည့်လင်းနို့ဖြူတံဆိပ်တုံး

အခန်း(၈) ရွှေတလားနှင့်သချိုင်းဂူအကျဉ်းသား

အခန်း(၉) ကျိန်စာသင့်ခဲ့ကြသူများ

အခန်း(၁၀) ဝိညာဉ်ဖြူတမန်တော်

အခန်း(၁၁) အကျဉ်းသားဘဝမှလွတ်မြောက်ကြခြင်း

အခန်း(၁၂) ကလဲ့စားချေလိုသောဝိညာဉ်များ

အခန်း(၁၃) ရွှေတလားနှင့်ရွှေသားမိစ္ဆာ

အခန်း(၁၄) တိုက်တန်းနစ်သင်္ဘောနှင့်ကြမ္မာဆိုး

အခန်း(၁၅) အလှနှင့်ဝိညာဉ်တမန်






# အခန်း [၁]

# ကျူးတို့ဆိပ်တွင် မှိုအိတ်ပြေရောင်းမှု

BURMESE CLASSIC .com

အီဂျစ်နှင့်ပတ်သက်ပြီး ရှေးနှစ်ပေါင်းများစွာက အကြောင်းအရာများကို ရေးသားပြောဆိုကြရာတွင် ပိရမစ်ကြီးများနှင့် ရှေးခေတ်ဖာရိုးဘုရင်တို့၏ မံမီရုပ်အလောင်းများ၊ ရှေးဟောင်းသချိုင်းဂူများ၊ ရတနာသိုက်ကြီးများက မပါမဖြစ်သည့် အကြောင်းအရာများ ဖြစ်ကြပေသည်။

ထို့ပြင် ဂမ္ဘီရနှင့်သက်ဆိုင်သော လျှို့ဝှက်ဆန်းကြယ်



www.burmeseclassic.com

www.burmeseclassic.com



သည့်အကြောင်းအရာများ၊ ကျိန်စာများအကြောင်းကလည်း ပါဝင်ကြပေသည်။

ထို့အတူပင် အီဂျစ်နိုင်ငံနှင့် အမိကသက်ဆိုင်သော **နိုင်းမြစ်ကြီးအကြောင်းကလည်း အပါအဝင်ဖြစ်ကြပေသည်။**

**နိုင်းမြစ်**သည် အလျားမိုင်ပေါင်း (၄၀၀၀)ခန့် ရှည်လျားသောကြောင့် အာဖရိကတိုက်တွင် အရှည်ဆုံးဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် ဒုတိယအရှည်ဆုံး မြစ်ကြီးတစ်စင်း ဖြစ်ပေသည်။

ထို့ပြင် ကမ္ဘာပေါ်ရှိ အီကွေတာအနီးတွင် မြစ်ဖျားခံ၍ သမပိုင်းဇုံအတွင်းသို့စီးဝင်သည့် တစ်ခုတည်းသောမြစ်မှာ နိုင်းမြစ်ပင်ဖြစ်သည်။

နိုင်းမြစ်၏ မြောက်ဖက်၌ မြေထဲပင်လယ်၊ အရှေ့ဖက်၌ အာရေဗျသဲကန္တာရနှင့် ပင်လယ်နီ၊ တောင်ဖက်တွင် ဆူဒန်နိုင်ငံနှင့် အနောက်ဖက်၌ လစ်ဗျားသဲကန္တာရတို့ အသီးသီး ဝန်းရံတည်ရှိကြသည်။

နိုင်းမြစ်သည် မြစ်ညာတွင် နိုင်းမြစ်ပြာနှင့် နိုင်းမြစ်ဖြူဟူ၍ မြစ်နှစ်သွယ်တည်ရှိလေသည်။

**နိုင်းမြစ်ပြာ**သည် **"အက်ဗီးဆီးနီးယန်း"** တောင်တန်းများတွင် မြစ်ဖျားခံ၍၊ နိုင်းမြစ်ဖြူသည် အာဖရိက အလယ်ပိုင်းရှိ ဗိတိုရိယအိုင်၊ အဲလ်ဗတ်အိုင်နှင့် အက်ဒွပ်အိုင်တို့၌ မြစ်ဖျားခံလေသည်။





နိုင်းမြစ်ဖြူသည် ဤသို့မြစ်ဖျားခံကာ မြောက်ဖက်သို့ စီးဆင်းသွားရာ ကွန်ဂိုမြစ်၏ အရှေ့မြောက်ဖက်အရပ်တွင် များပြားလှစွာသော မြစ်ချောင်းတို့ စီးဝင်ပေါင်းဆုံမှုဖြစ်ကြလေသည်။

ခါတွမ်းမြို့အနီးရောက်သောအခါ နိုင်းမြစ်ပြာနှင့် ပေါင်းဆုံမိလေသည်။ ထိုမှတစ်ဖန် **နိုင်းမြစ်**သည် သဲကန္တာရဒေသကို ဖြတ်သန်း၍ မြောက်ဖက်သို့ ဆက်လက်စီးဆင်းသွားရာ မြစ်ကြောင်းမှာလည်း တဖြည်းဖြည်းကျဉ်းမြောင်းသွားလေသည်။ နိုင်းမြစ်သည် ကိုင်ရိုမြို့တောင်ဖက်သို့ ရောက်သောအခါ ပေ(၃၀၀)ပင် မကျယ်တော့ပေ။

ခါတွမ်းမြို့နှင့်အက်ဆူးဝန် မြို့တို့အကြားတွင် ရေတံခွန်ကြီး (၆)ခု ရှိသည်။ ယင်းတို့ကြောင့် လှေသင်္ဘောများခုတ်မောင်းသွားလာရန် ခက်ခဲလှသည်။

နိုင်းမြစ်သည် အီဂျစ်နိုင်ငံကို ဖြတ်သန်းစီးဆင်းပြီးသော်မြစ်ဝ၌ ရေကြောင်းနှစ်သွယ်ဖြစ်လျှင် မြေထဲပင်လယ်သို့ စီးဝင်လေသည်။

နိုင်းမြစ်ဝှမ်းသည် ကမ္ဘာပေါ်တွင် လယ်ယာစိုက်ပျိုးလုပ်ကိုင်ရန်အတွက် မြေဩဇာအကောင်းဆုံးသော ဒေသများတွင် အပါအဝင်ဖြစ်သဖြင့် ဘီစီ(၅၀၀၀)ခန့်ကပင် အီဂျစ်တောင်သူလယ်သမားတို့သည် နိုင်းမြစ်ဝှမ်းတွင် ကောက်ပဲသီးနှံများ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်းမြစ်ဝှမ်းတစ်လျှောက်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ ရှိခဲ့လေသည်။ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ အစပြုခဲ့ရာဒေသ ဟုဆိုလျှင်လည်း မှားမည်မဟုတ်ပေ။

အီဂျစ်နိုင်ငံနှင့် ဆူဒန်နိုင်ငံတို့အပေါ်တွင် နိုင်းမြစ်၏ ကျေးဇူးပြုပုံကား ကြီးမားလှပေသည်။

စိုက်ပျိုးရန် ရေရရှိသလို အကယ်၍သာ နှစ်စဉ်ရေလွှမ်းမှုများ မဖြစ်ပေါ်ပါက ပတ်ဝန်းကျင်ဒေသတစ်ခုလုံး သဲကန္တာရ ဖြစ်သွားပေလိမ့်မည်။

နိုင်းမြစ်နှင့်ပတ်သက်ပြီး လူသိများသော အချက်များထဲတွင် ရှေးနှစ်ပေါင်းများစွာက ပြုလုပ်ထားခဲ့သော ဖာရိုးဘုရင်တို့၏ ရှေးဟောင်းသင်္ချိုင်းဂူများ ရှိကြခြင်းလည်း အပါအဝင်ဖြစ်လေသည်။

နိုင်းမြစ်ဝှမ်းတစ်လျှောက်တွင် ရှေးနှစ်ပေါင်းများစွာက ရှိနေသော ရှေးဟောင်းနေရာများရှိနေသလို ထိုနေရာများကို အကြောင်းပြုပြီး စီးပွားရှာနေကြသူများလည်း ရှိကြသည်။

ထိုသူများမှာ သင်္ဘောများဖြင့် နိုင်းမြစ်တစ်လျှောက်အစုန်အဆန်သွားလာကာ ရှေးဟောင်းနေရာများကို လေ့လာချင်သူတို့ကို ပို့ဆောင်ပေးနေကြလေသည်။

ထိုလုပ်ငန်းသည် ခရီးသွားများထံမှာငွေကို အလွယ်တကူရနိုင်သော လုပ်ငန်းဖြစ်ပြီး အကျိုးစီးပွားလည်း ရရှိကြ





သဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပေသည်။ ထို့ကြောင့်လည်း နိုင်းမြစ်ကမ်းတစ်လျှောက်တွင် ကမ္ဘာလှည့်ခရီးသွားများ အပါအဝင် ရှေးဟောင်းသင်္ချိုင်းများနှင့် နေရာဒေသတို့ကို လှည့်လည်ပြသပေးသည့်သင်္ဘောများ ဆိုက်ကပ်ထားသော သင်္ဘောဆိပ်များရှိလေသည်။

ထိုသင်္ဘောဆိပ်များထဲတွင် "လင်းနို့ဖြူ"ဟု အမည်ပေးထားသော သင်္ဘောဆိပ်လည်း တစ်နေရာပါဝင်လေသည်။ တစ်နေ့သ၌ နံနက်ပိုင်းအချိန်တွင် ထိုသင်္ဘောဆိပ်သို့ ခရီးသည်များ တစ်သုတ်ပြီးတစ်သုတ် ဆင်းသက်လာနေကြလေသည်။

ထိုသို့ဆင်းလာသော ခရီးသည်များမှာ အတော်များများ အီဂျစ်လူမျိုးများပြီး၊ နေရာအနှံ့အပြားမှ လာရောက်ကြသော အခြားလူမျိုးများလည်း ပါကြသည်။

အတော်များများကတော့ ကိုယ့်အဖွဲ့နှင့် ကိုယ်အဖော်နှင့်ကိုယ် အတူလာကြခြင်း ဖြစ်လေသည်။ ထိုအထဲတွင် မြန်မာလူမျိုးသုံးယောက်လည်း ပါဝင်ကြလေသည်။

ထိုသုံးယောက်မှာ အခြားတော့မဟုတ်ပေ။ ဒေါက်တာမင်းထင်ကျော်နှင့် အဖော်နှစ်ယောက်တို့ ဖြစ်ကြလေသည်။

အခြားနှစ်ယောက်က ဦးမင်းဟန်နှင့် ကျော်စွာတို့ပင်

www.burmeseclassic.com



ဖြစ်ကြလေသည်။

ဦးမင်းဟန်မှာ ယခင်က ရှေးဟောင်းသုတေသနဌာနတွင် အရာရှိတစ်ဦးဖြစ်ခဲ့ပြီး ယခုအလုပ်နားသောအချိန်တွင် ဒေါက်တာမင်းထင်ကျော် ခရီးထွက်ရာနှင့် အလျင်းသင့်သောကြောင့် လိုက်လာခဲ့ခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုခရီးမျိုးတွင် ဦးမင်းဟန်ကဲ့သို့ ရှေးဟောင်းပစ္စည်းများနှင့်ပတ်သက်ပြီး နှံ့စပ်ကျွမ်းကျင်သူတစ်ယောက် ပါလာသောကြောင့် များစွာအားရှိလေသည်။

ကျော်စွာကတော့ လူလွတ်တစ်ဦးလည်းဖြစ် ဒေါက်တာမင်းထင်ကျော်အပေါ်မှာလည်း ခင်မင်သူတစ်ဦးဖြစ်လေသည်။ ထို့ပြင် စွန့်စားမှုများနှင့် ခရီးထွက်ခြင်းကို ဝါသနာပါသောကြောင့် ယခုကဲ့သို့ တကူးတကလိုက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သုတေသနလုပ်ငန်းများ၊ ရှေးဟောင်းပစ္စည်းများ ရှာဖွေလေ့လာခြင်းနှင့်. . စွန့်စွန့်စားစား ခရီးသွားလာခြင်းများကို များစွာဝါသနာပါသူဖြစ်ပေသည်။

သို့ကြောင့်လည်း အဖော်များပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မကြာခဏ ခရီးထွက်လေ့ရှိပေသည်။

မြန်မာနိုင်ငံအတွင်းမှာ နေရာအတော်များများကို



သွားလာခဲ့ဖူးပြီး၊ ပြည်ပနိုင်ငံများကိုလည်း မကြာခဏ ခရီးထွက်လေ့ရှိသည်။

ယခုလည်း နိုင်းမြစ်ဝှမ်းတစ်လျှောက်တွင်ရှိသော ရှေးဟောင်းနေရာများသို့ လေ့လာကြည့်ရှုရန်အတွက်. . သုံးယောက်တိုင်ပင်ပြီး ခရီးထွက်လာကြခြင်း ဖြစ်သည်။

တကယ်တော့ ထိုခရီးစဉ်မှာ သူ့အတွက် တစ်ကြိမ်တစ်ခေါက်မှ မရောက်ဖူးသေးသောနေရာမျိုးတော့ မဟုတ်ပေ။ ကိုင်ရိုသို့ရောက်တိုင်း တစ်ခေါက်နှစ်ခေါက်တော့ ရောက်ဖြစ်သောနေရာလည်း ဖြစ်သည်။

ယခုလည်း ဒေါက်တာမင်းထင်ကျော်၊ ဦးမင်းဟန်နှင့် ကျော်စွာတို့သုံးယောက်သည် ခရီးဆောင်အိတ်တစ်လုံးစီ ကျောပိုးကာ သင်္ဘောဆိပ်သို့ ဆင်းလာကြလေသည်။

သင်္ဘောဆိပ်မှာတော့ အတော်အသင့်သာကြီးသော မြစ်ကြောင်းသွားသင်္ဘောတစ်စင်း ဆိုက်ကပ်ထားသည်ကို ကမ်းပေါ်မှလှမ်းမြင်ရသည်။

ခရီးသည်များကတော့ အချို့က သင်္ဘောရှိရာဆင်းသွားကြပြီး. . အချို့ကတော့ တံတားပေါ်မှာသော်လည်းကောင်း၊ ကမ်းပေါ်မှာသော်လည်းကောင်း ရှိနေကြသည်။

ကမ်းပေါ်မှလှမ်းကြည့်လျှင် သင်္ဘော၏ကိုယ်ထည်ကို ခြုံငုံပြီးလှမ်းမြင်ရသည်။ တစ်စင်းလုံး မီးခိုးရောင်ဆေးများ သုပ်ထားပြီးနောက် ဆေးအဖြူဖြင့် လင်းနို့ကြီးတစ်

www.burmeseclassic.com



ကောင်၏ပုံသဏ္ဍာန်ကို သဘော်တစ်စင်းလုံးပြည့်အောင် ရေးဆွဲထားလေသည်။

လင်းနို့တစ်ကောင်လုံး အဖြူရောင်ဆေးဖြင့် ရေးဆွဲထားပြီး မျက်လုံးနေရာကိုတော့ အနီရောင်ဆေးများဖြင့် ရေးဆွဲထားလေသည်။ ဦးပိုင်းမှာတော့ အင်္ဂလိပ်ဘာသာဖြင့် (WHITE BAT) ဟုရေးသားလေသည်။

ကျော်စွာက သဘော်ကိုယ်ထည်တွင် ရေးဆွဲထားသော လင်းနို့ရုပ်ပုံကြီးကိုကြည့်ပြီး မှတ်ချက်ချလေသည်။

"အီဂျစ်တွေရဲ့ အယူအဆမှာ . . လင်းနို့ဆိုတာ မကောင်းဆိုးဝါးတွေရဲ့ တမန်တော်လို့ သတ်မှတ်ထားကြတာ မဟုတ်လား၊ ဘယ်လိုကြောင့် သဘော်မှာ လင်းနို့ပုံသဏ္ဍာန်ကြီး ဆွဲထားတာလည်း မသိဘူး"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က. . .

"မကောင်းတဲ့ဘက်ကတွေးတော့လည်း ဒီလိုပေါ့၊ ဒါပေမယ့် ကောင်းတဲ့ဘက်ကတွေးတော့လည်း အဖြူရောင်က သန့်စင်တဲ့သင်္ကေတပဲ၊ ဒီတော့. . လင်းနို့ဆိုသော်ငြားလည်း အဖြူရောင်လင်းနို့ဆိုတော့ ကောင်းတာလို့ပဲ ယူဆရမှာပေါ့"

ဟု ပြောလိုက်သည်။ ထိုအခါ ဦးမင်းဟန်က ဝင်မေးသည်။

"သဘော်စီးဖို့အတွက် လက်မှတ်ဝယ်ရမယ်ထင်တယ်၊ ကျွန်တော်တို့မှာ လက်မှတ်မရကြသေးဖူးလို့ထင်





တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"မဝယ်ရသေးဘူးဆရာ၊ ကျွန်တော်တို့က နောက်ကျပြီးမှရောက်လာတော့ ဒီအချိန်မှာ လက်မှတ်မရနိုင်တော့ဘူး"

"ဒီတော့ ဘယ်လိုနည်းနဲ့ စီးကြရမှာလဲ"

"ထုံးစံအတိုင်းပဲပေါ့၊ ကမ္ဘာသုံးဖော်မြူလာကို အသုံးပြုပြီးပဲ ဝယ်ကြရမှာပေါ့"

"ကမ္ဘာသုံးဖော်မြူလာဆိုတာ ဘယ်လိုမျိုးလည်း မောင်ထင်ကျော်ရဲ့ ရှင်းပြပါဦး"

"တခြားမဟုတ်ပါဘူး၊ ငွေပိုပေးပြီး ဝယ်ရမယ်လို့ ပြောတာပါ"

ထိုအခါမှ ဦးမင်းဟန်မှာ သဘောပေါက်သွားလေတော့သည်။

"ဒီလိုနေရာမျိုးမှာတောင် ဒီလိုကိစ္စမျိုးတွေက ရှိနေကြတာပဲလား"

"ငွေကိုအသုံးပြုပြီး အလုပ်လုပ်နေကြတဲ့ နေရာတိုင်းမှာ အကျိုးအမြတ်နဲ့လုပ်တဲ့ ကိစ္စတွေက ရှိနေမှာပါပဲဆရာ၊ နေရာဒေသပေါ်မှာ မူတည်ပြီးတော့ နည်းတာနဲ့များတာပဲ ကွာခြားကြတာပါ"

"သဘောပေါက်ပါပြီ၊ သဘောပေါက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ဆရာ ဒီခရီးတွေက ကျွန်တော်သွားလာဖူးပါတယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာလည်း သဘောပေါက်ပါတယ်၊ ဒီနေရာကသာ စိတ်အေးလက်အေး စောင့်နေကြပါ၊ ကျွန်တော်စီစဉ်လိုက်ပါ့မယ်"

ဟုပြောဆိုကာ ထိုနေရာမှ ထွက်လာခဲ့လေသည်။ သင်္ဘောလက်မှတ်ရဖို့ဆိုလျှင် သင်္ဘောစတီးဝပ်များထံမှာသာ ရနိုင်မည်ဖြစ်ကြောင်း သဘောပေါက်သဖြင့် ကမ်းစပ်သို့ ဆင်းလာလေသည်။

သူ့ကိုမြင်တော့ စတီးဝပ်တစ်ယောက်က တစ်ချက်လှမ်းကြည့်လိုက်သည်။

သို့သော်လည်း ထိုလူထံသို့ အမျိုးသမီးတစ်ယောက်ရောက်လာပြီး ၎င်းတို့ဘာသာစကားဖြင့် ပြောဆိုမေးမြန်းနေလေသည်။ တိုင်းရင်းသားစတီးဝပ်ပြောသောစကားကို ထိုအမျိုးသမီးက ကောင်းစွာနားလည်လေသည်။

"ဘာများအလိုရှိပါသလဲခင်ဗျာ"

"ငါတို့က အခန်းအတွက် လက်မှတ်ဖြတ်ထားပြီးသားပါ၊ ဒါပေမယ့် ခရီးထွက်ကာနီးတော့မှ လိုက်မယ့်သူပိုလာလို့ အခန်းလက်မှတ် ရနိုင်ဦးမလား"

စတီးဝပ်က မနီးမဝေးမှာ ရပ်နေသော ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

သူ့အမူအယာမှာ သွက်လက်ချက်ချာလှသော ထို





အမျိုးသမီးကို လက်မှတ်ရောင်းသည်ထက် မျက်နှာစိမ်းဧည့်သည်တစ်ယောက်ကိုရောင်းလျှင် သူပြောဆိုသည့် ဈေးဖြင့် ရနိုင်လိမ့်မည်ဟု တွက်ဆထားဟန် ရှိပေသည်။

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ကျွန်တော့်ဆီမှာတော့ အခန်းလက်မှတ် မရနိုင်တော့ပါဘူး၊ တကယ်လို့ သင်္ဘောအကြီးအကဲ တစ်ယောက်ယောက်ဆီမှာ သွားပြီးမေးမြန်းကြည့်ရင်တော့ အဆင်ပြေနိုင်စရာ ရှိပါလိမ့်မယ် "

ဟု ယဉ်ကျေးစွာပြောလိုက်ရာ ထိုအမျိုးသမီးလည်း ဘဝင်မကျသော အမူအယာမျိုးဖြင့် ထိုနေရာမှ ထွက်သွားလေတော့သည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့ လျှောက်သွားလေသည်။

"သင်္ဘောထွက်ချိန် နီးပြီလား"

ဟု မေးလိုက်သည်။

"ကျွန်တော်တို့သင်္ဘောက အချိန်မှန်ပါတယ်၊ နောက်ထပ်နာရီဝက်ဆိုရင် သင်္ဘောထွက်တော့မှာပါ"

သူ့အမူအယာက အလွန်ရှိသေသော အမူအယာမျိုးဖြင့် ပြောဆိုနေခြင်းဖြစ်သည်။

"လူပြည့်နေပြီလား"

"လူကတော့ မပြည့်ပါဘူး၊ ဒါပေမယ့် ဆရာတို့က လက်မှတ်ကြိုတင်ယူထားပြီးသားလား"

"မယူရသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အခန်းကတော့ မရနိုင်တော့ဘူး။ အပြင်ဘက်က ထိုင်လိုက်နိုင်မယ်ဆိုရင်တော့ လိုက်လို့ရပါသေးတယ်၊ ဒါပေမယ့်ပေါ့လေ"

စတီးဝပ်က စကားမဆက်သေးပဲ ဒေါက်တာမင်းထင်ကျော်ကို အဓိပ္ပာယ်ပါသော အကြည့်မျိုးဖြင့် တစ်ချက်ကြည့်လိုက်သည်။ ထိုအခြေအနေကိုမြင်ရုံနှင့် ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သွားလေသည်။

မြန်မာပြည်မှာလည်း လေယာဉ်ပျံလက်မှတ်၊ မီးရထားလက်မှတ်၊ သင်္ဘောလက်မှတ်၊ ကားလက်မှတ်များ ဝယ်ယူရာတွင် ထိုကဲ့သို့သော အခြေအနေမျိုးဖြင့် ကြုံတွေ့ရတတ်ပေသည်။

"လူတစ်ယောက်အတွက် သင်္ဘောလက်မှတ် ဘယ်လောက်ယူသလဲ"

"မများပါဘူး။ ပီယာစတားဒင်္ဂါး (၃)ပြားပါပဲ"

"ငါတို့က သုံးယောက်လိုက်မယ်၊ အခန်းတစ်ခန်းလည်း လိုချင်တယ်"

ထိုသို့ပြောပြီး ပီယာစတားဒင်္ဂါး(၁၅)ပြား ထုတ်ပေးလိုက်သည်။

"လူသုံးယောက် သင်္ဘောခက ပီယာစတားဒင်္ဂါး (၉)ပြားကျတယ်၊ သုံးယောက်နေလောက်တဲ့ အခန်းဆိုရင် ဦးပိုင်ကအခန်းကျယ်မှာ စီစဉ်ပေးရမှာဆိုတော့ နောက်ထပ် (၃)





ပြားပေးပါ"

ဟုတောင်းသဖြင့် ထွေထွေထူးထူး ထပ်ပြောမနေတော့ပဲ ဒင်္ဂါး(၁၈)ပြား ပေးလိုက်သည်။ လူစီးခက(၉)ပြား၊ နေရာအတွက်က (၉)ပြားကျလေသည်။

ထိုအခါ စတီးဝပ်က အခန်းနံပါတ် ရေးသွင်းထားပြီးသော လက်မှတ်သုံးစောင်ထုတ်ပေးပြီး၊ ဒေါက်တာမင်းထင်ကျော်ကို အရိုအသေပေးကာ သင်္ဘောဘက်သို့ ဆင်းသွားလေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က အဖော်နှစ်ယောက် ရပ်စောင့်နေသောနေရာသို့ လျှောက်သွားလေသည်။

"အဆင်ပြေခဲ့ပြီလား မောင်ထင်ကျော်"

ဦးမင်းဟန်ကမေးသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ကမ္ဘာသုံးဖော်မြူလာကို အသုံးပြုခဲ့တာပဲ ဆရာရယ်. . အဆင်မပြေစရာ မရှိပါဘူး"

ဟုပြောသောအခါ နှစ်ယောက်သားသဘောကျစွာ ရယ်နေကြလေသည်။

"သင်္ဘောထွက်ချိန်က နာရီဝက်လောက်လိုသေးတော့ ဟိုနားဒီနား လျှောက်ကြည့်ကြရအောင်"

ဟုပြောပြီး သင်္ဘောဆိပ်နှင့် အနီးတစ်ဝိုက်သို့ လျှောက်ကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောဆိပ်တစ်ဝိုက်မှာတော့ ခရီးသွားများဖြင့် ရှုပ်ထွေးနေလေသည်။ ဒေသခံတိုင်းရင်းသားများက ကမ္ဘာလှည့်ခရီးသည်များကို အမှတ်တရပစ္စည်း လိုက်လံရောင်းချနေကြလေသည်။

သင်္ဘောဆိပ်နှင့် အနည်းငယ်ဝေးသော နေရာသို့ ရောက်သောအခါ အဘိုးကြီးတစ်ယောက်မှာ အထုပ်ကြီးတစ်ထုပ်ကို မနိုင်မနင်းထမ်းလာသည်ကို တွေ့ရသည်။

အထိုအဘိုးကြီးမှာ ဒေသခံတိုင်းရင်းသားကြီးတစ်ဦးဖြစ်ပြီး ၎င်းထမ်းလာသော အထုပ်ကြီးကို သစ်ပင်ကြီးတစ်ပင်အောက်တွင်ချကာ အထုပ်ဖြေနေသောကြောင့် ဒေါက်တာမင်းထင်ကျော်တို့က ထိုနေရာသို့ လျှောက်သွားကြလေသည်။

'အဘိုးကြီးကတော့ သူတို့သုံးယောက် အနားရောက်လာသည်ကို ဂရုမစိုက်ပဲ အထုပ်ကိုဖြေကာ ဖျင်စပေါ်တွင် ပစ္စည်းများကို နေသားတကျရှိစေရန် ချနေလေသည်။

ထိုပစ္စည်းများကိုမြင်တော့ စိတ်ဝင်စားသဖြင့် သုံးယောက်သား ထိုနေရာမှာထိုင်ပြီး ကြည့်ကြလေသည်။

တိုင်းရင်းသားအဘိုးကြီး ချရောင်းနေသော ပစ္စည်းများမှာ အခြားတော့မဟုတ်ပေ။ ရှေးဟောင်းပစ္စည်းများပင်ဖြစ်လေသည်။

ကြီးကြီးမားမားပစ္စည်းများမပါပဲ ဓားကျိုး၊ လှံကျိုး



အခြားအသုံးအဆောင် အပျက်အစီးများပင်ဖြစ်၏။ အချို့က ကြေးဖြင့်ပြုလုပ်ထားပြီး၊ အချို့မှာ သတ္တုဖြင့် ပြုလုပ်ထားကြသည်။

ထို့ပြင် ပေစာဟောင်း၊ ပုရပိုဒ်အဟောင်းများလည်း တွေ့ရသည်။ သို့သော် ပြည့်ပြည့်စုံစုံရှိသည်မျိုးမဟုတ်ပဲ ကျိုးဖျက်နေသောကြောင့် အချို့တဝက်သာရှိကြလေသည်။

ရှေးခေတ်သုံးအရုပ်များဖြင့် ရေးသားသော ပုရပိုဒ်အဟောင်းများလည်း တွေ့ရသည်။

"မောင်ထင်ကျော် ဒီမှာကြည့်ပါဦး"

ပုရပိုဒ်များကို စိတ်ဝင်စားစွာကြည့်နေစဉ် ဦးမင်းဟန်က ပစ္စည်းတစ်ခုကို ပြသဖြင့်ကြည့်လိုက်သည်။

ခြောက်ထောင့်ပုံသဏ္ဌာန်ကြေးပြားပေါ်မှာ လင်းနို့တစ်ကောင်ပုံကို ထွင်းထုထားသည်။

ကြေးပြားထုမှာ လက်မဝက်ခန့်ထုပြီး ဗျက်အကျယ်တ (၃)လက်မခန့် ရှိပေသည်။

အောက်မှာတော့ အီဂျစ်ဘာသာဖြင့် ရေးသားသောစာတစ်ကြောင်းရှိသဖြင့် ဖတ်ကြည့်လိုက်သည်။

"မရဏကျိန်စာ တံဆိပ်တော်"

ဟု အဓိပ္ပာယ်ရသောစာပင် ဖြစ်သည်။

ထိုအခိုက်မှာပင် သင်္ဘောရှိရာမှ သင်္ဘောထွက်ခွာတော့မည့်အကြောင်း အချက်ပေးသော ပထမဥသြဆွဲသံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ပေါ်ထွက်လာသည်။ ခရီးသည်များ သင်္ဘောသို့ ဆင်းရန် အချက်ပေးသော ဥဩသံပင်ဖြစ်သည်။

ထို့ကြောင့် ပစ္စည်းကြည့်ခြင်းကို လက်စသပ်ကာ အလိုရှိသော ပစ္စည်းများကို ဝယ်ယူကြသည်။

"ဒီပစ္စည်းတွေ ဘယ်လောက်ပေးရမလဲ"

"ပစ္စည်းဟောင်းတွေက တန်ဖိုးမရှိပေမယ့်၊ တန်ဖိုးသိတဲ့သူဆိုရင်တော့၊ ကိုယ့်ဖာသာ တန်ဖိုးဖြတ်ပြီးတော့ ယူသွားပါ"

သူပြောသောဈေးက သတ်မှတ်ထားသောဈေးထက် တန်ဖိုးဖြတ်ရခက်သော ဈေးနှုန်းပင်ဖြစ်၏။ သို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ အိတ်ထဲမှပါလာသော ပီယာစတားဒင်္ဂါးအချို့ကို အဘိုးကြီးရှေ့သို့ ပုံထားပေးခဲ့ပြီး ပစ္စည်းများကိုယူကာ သုံးယောက်သား သင်္ဘောဆိပ်သို့ ဆင်းလာကြလေသည်။









## အခန်း (၂)

## မဟာဂန္ဓာရီ ခရီးသည်များ

လိုက်ပါမည့်ခရီးသည်များ သင်္ဘောပေါ်သို့ရောက်သောအခါမှာတော့ လင်းနို့ဖြူဟုအမည်ပေးထားသော ခရီးသည်တင်သင်္ဘောသည် ဆိပ်ကမ်းမှ စတင်ထွက်ခွာလေသည်။ ခန့်မှန်းခြေအားဖြင့် သင်္ဘောပေါ်၌ လိုက်ပါလာသော ခရီးသည်ဦးရေမှာ (၅၀)ခန့်ရှိပေမည်။

သင်္ဘောထွက်စမှာတော့ မည်သူမှ အခန်းတွင်းမှာ မနေကြပဲ အပြင်ထွက်နေကြသည်။ သင်္ဘောမှာ နှစ်ထပ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အပေါ်တွင် တစ်ဝက်သာအမိုးနှင့် အိပ်ခန်းများ ရှိပြီး ခေါင်းတိုင်နောက်ပိုင်းမှာတော့ အမိုးမရှိပဲ ဒီအတိုင်းထား လေသည်။

ဘေးတစ်ဖက်တစ်ချက်တွင် သင်္ဘောလက်ယမ်းများ ရှိပြီး ထိုနေရာမှကြည့်လျှင် နိုင်းမြစ်ကမ်းဘေးဝဲယာမှ မြင် ကွင်းများကို မြင်တွေ့နိုင်သည်။

အများအားဖြင့်တော့ သစ်ပင်သစ်တောများ၊ မြင့်မား သော ကျူတောကြီးများ၊ ဟိုးအပေါ်ဘက်တွင်တော့ တမျှော် တခေါ်မြင်နေရသော လယ်ကွင်းများရှိလေသည်။ ရွာများ၊ လယ်သမားများနေသော အိမ်များကိုလည်း တွေ့ရသည်။

အချို့နေရာများတွင် လယ်ကွင်းများ၏ ဟိုးနောက် ဘက်တွင် မြင့်မားသော တောင်တန်းကြီးများရှိကြလေသည်။

အချို့မှာ ဝေးလွန်းသောကြောင့် အပေါ်ထိပ်ကိုပင် မမြင်ရပဲ မြူခိုးငွေ့များဖြင့် ကွယ်ပျောက်နေလေသည်။

သင်္ဘောက စထွက်လာကတည်းက ကမ်းခြေနှင့် မဝေးလှသောနေရာမှ ဖြေးဖြေးမှန်မှန်ပင် ခုတ်မောင်းပေးနေ သောကြောင့် သင်္ဘောရှိသောနေရာဘက်မှ ကမ်းခြေရှုခင်း များကို ကောင်းစွာမြင်ကြရလေသည်။ ထို့ကြောင့် အပေါ် ထပ်မှသော်လည်းကောင်း၊ အောက်ထပ်မှာရှိကြသော ခရီး သည်အချို့တို့သည်လည်းကောင်း အပေါ်ထပ်သို့ တက် ရောက်ကာ ရှုခင်းများကို ကြည့်ရှုကြလေသည်။



ခရီးသည်များမှာ ကိုယ်အဖွဲ့နှင့်ကိုယ်ရှိကြရာ ထိုအဖွဲ့ များထဲတွင် ထူးထူးခြားခြား အဖွဲ့နှစ်ဖွဲ့လည်း ပါလေသည်။

တစ်ဖွဲ့မှာ ဦးဒီပကျော်ဆိုသူ ခေါင်းဆောင်သော အဖွဲ့ ဖြစ်ပြီး ထိုအဖွဲ့တွင် မေရီချိုလည်း ပါလာသည်။ ဦးဒီပကျော် မှာ မြန်မာသွေးပါသော ဥရောပနိုင်ငံသားတစ်ဦးဖြစ်ပြီး အ သက်အရွယ်အားဖြင့် (၅၀)ကျော်ခန့်သာ ရှိပေသည်။

ရင်းနှင့်အတူပါလာသော မေရီချိုမှာလည်း ကပြား သွေးပါလာသူတစ်ဦး ဖြစ်သည်။ သူမမှာ အသက်(၂၅)နှစ် ကျော်ကျော်လောက်သာ ရှိသေးပြီး ဖျတ်လတ်သွက်လက်သူ တစ်ဦးဖြစ်သည်။

မေရီချိုမှာ ဦးဒီပကျော်နှင့် သားချင်းတော်စပ်သူ တစ်ဦးဖြစ်ပြီး လက်ထောက်အဖြစ် လုပ်ကိုင်နေခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်၏။

ဦးဒီပကျော်တို့အဖွဲ့မှာ လူ(၉)ယောက်ခန့် ပါလာလေ သည်။ ထိုအဖွဲ့တွင် အခြားသူများက သာမန်ဖြစ်ကြသော် လည်း မေရီချိုကဲ့သို့ အရေးပါသော အခြားတစ်ယောက်ရှိပေ သေးသည်။

'ပက်ထရစ်'ဆိုသူဖြစ်ပြီး အသက်(၃၀)ကျော်ဝန်းကျင် အရွယ်ခန့်သာရှိသေးကာ၊ ဦးဒီပကျော်ထံတွင် လက်ထောက် အဖြစ် လုပ်ကိုင်နေခဲ့သည်မှာ နှစ်အတော်ပင်ကြာခဲ့ပေပြီ။

ဦးဒီပကျော်မှာ ငွေကြေးချမ်းသာသူတစ်ဦး ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စီးပွားရေးလုပ်ငန်းများစွာ လုပ်ကိုင်နေသူဖြစ်သည်။

ထိုလုပ်ငန်းများထဲတွင် ရှေးဟောင်းပစ္စည်းများ ရှာဖွေခြင်းလုပ်ငန်းလည်း အဓိကနေရာမှ ပါဝင်လေသည်။

အီဂျစ်နိုင်ငံသည် ရှေးဟောင်းပညာရပ်များ၊ ရတနာသိုက်ကြီးများ နေရာအနှံ့အပြားတွင် လျှို့ဝှက်စွာရှိနေသောကြောင့် ရတနာသိုက်ရှာဖွေလိုသူတို့အတွက် များစွာစိတ်ဝင်စားဖွယ်ရာနေရာလည်း ဖြစ်ပေသည်။

ထိုလုပ်ငန်းမှ အကျိုးအမြတ်များစွာလည်း ရရှိခဲ့ပြီးဖြစ်ပေသည်။

ယခု ၎င်းတို့အဖွဲ့သည် နိုင်းမြစ်ခရီးစဉ်ကို လာကြခြင်းမှာ အီဂျစ်သချိုင်းဟောင်းတစ်ခုကို ရှာဖွေရန် လာကြခြင်းပင် ဖြစ်ပေသည်။

အခြားတစ်ဖွဲ့ကတော့ လုပ်ငန်းကိစ္စအတွက်လာကြသော အဖွဲ့မဟုတ်ပဲ သုတေသနလုပ်ငန်းတစ်ခုအတွက် ခရီးထွက်လာသော မိသားစုအဖွဲ့တစ်ဖွဲ့ပင် ဖြစ်ပေသည်။

အဖွဲ့ဟုသာဆိုသော်လည်း မိသားစုဝင်သုံးယောက်နှင့် အစေအပါးနှစ်ယောက်သာ ဖြစ်သည်။ ခေါင်းဆောင်လာသူမှာ ကမ္ဘာကျော်ရှေးဟောင်း သုတေသနပညာရှင်လည်းဖြစ်၊ မနုဿဗေဒပညာရှင်တစ်ဦးလည်းဖြစ်သူ နော်ဝေအမျိုးသားတစ်ဦးဖြစ်သည်။

၎င်းသည် ရေကြောင်းစွန့်စားသွားလာခဲ့သူလည်း





ဖြစ်သော ဒေါက်တာသောဟေယာဒဲလ် (Thor Heyerdanl) ဖြစ်ပြီး ၎င်းနှင့်အတူ ဇနီးဖြစ်သူနှင့် သမီးဖြစ်သူ ဟယ်လင်တို့ပင်ဖြစ်သည်။

အစေခံနှစ်ယောက်က မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်တို့ပင် ဖြစ်ကြလေသည်။

သုတေသနပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာသော်ဟေယာဒဲလ်သည် ယခု ခရီးစဉ်မတိုင်ခင်က စိတ်ဝင်စားဖွယ်ကောင်းသော ခရီးတစ်ခုကို ထွက်ခဲ့သေးသည်။ အခြားနေရာတော့မဟုတ်ပေ။

ပီရူးနိုင်ငံ၏ ထူးခြားလျှို့ဝှက်ဆန်းကြယ်သော ဂမ္ဘီရနယ်မြေဟု ကမ္ဘာ့သုတေသနပညာရှင်များက ယူဆထားသော တီတီကာကာ ရေအိုင်ကြီးရှိသောနေရာပင် ဖြစ်သည်။

(၁၉၁၂)ခုနှစ် နှစ်ဆန်းပိုင်းတွင် သွားသောခရီးစဉ်များတွင် ယခုထွက်သော နိုင်းမြစ်ခရီးစဉ်မှာ ဒုတိယမြောက်ခရီးစဉ်လည်း ဖြစ်ပေသည်။

သင်္ဘောထွက်လာပြီး အတန်ကြာသောအခါ . . သင်္ဘောအောက်ထပ်မှ အချက်ပေးခေါင်းလောင်းသံကြားကြရသည်။ တဆက်တည်း သင်္ဘောသားတစ်ယောက်က . . အောက်ထပ်ခန်းတွင် နံနက်စာစားသုံးရန် အဆင်သင့်ဖြစ်ကြောင်း လိုက်လံပြောဆိုသဖြင့် အပေါ်ထပ်မှာ ရောက်နေကြသူများပါ အောက်ထပ်သို့ ဆင်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့ ရထားသောအခန်းမှာ အပေါ်ထပ်၌ဖြစ်သောကြောင့် အောက်ထပ်သို့ဆင်းကြရပေသည်။ သင်္ဘောအောက်ထပ်အခန်းမှာ မကျယ်ဝန်းလှသော်လည်း ခရီးသည်အရေအတွက်နှင့်ဆိုလျှင် ချောင်ချောင်ချိချိပင် ရှိလေသည်။

အလျားလိုက်စားပွဲရှည်ကြီးများ ချထားပြီး တဖက်တချက်တွင် ထိုင်ခုံများချထားရာ မိမိတို့စားသောက်လိုသော အစားအသောက်များကိုယူပြီး မျက်နှာချင်းဆိုင်ထိုင်ကာ စားသောက်ကြရလေသည်။

ကံအားလျော်စွာ ဟယ်လင်တို့ မိသားစုသုံးယောက်နှင့် ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်မှာ မျက်နှာချင်းဆိုင်ပင် နေရာရကြလေသည်။

ဟယ်လင်တို့နှင့်ပါလာသော အစေအပါးနှစ်ယောက်က အခြားမနီးမဝေးနေရာမှာပင် နေရာယူ၍ စားသောက်နေကြလေသည်။

ဟယ်လင်ဆိုသော အမျိုးသမီးမှာ ဥရောပသွေးပါသူတစ်ယောက် ဖြစ်သော်လည်း ရုပ်ရည်က အရှေ့တိုင်းသူများနှင့် ဆင်ဆင်တူကာ ချောမောလှပသူတစ်ဦး ဖြစ်ပေသည်။

အတန်ကြာသောအခါ. . အီဂျစ်လူမျိုး ဖြစ်ဟန်တူသော လူတစ်ယောက်က အင်္ဂလိပ်ဘာသာစကားဖြင့် သင်္ဘောရပ်နားမည့် ခရီးစဉ်များအကြောင်းကို ပြောပြလေ





သည်။

"ကျွန်တော်က ဒီသင်္ဘောရဲ့ တိုးရစ်ဂိုက်တစ်ယောက်ပါခင်ဗျာ၊ ကျွန်တော်က ဒီခရီးလမ်းမှာ အကြိမ်ကြိမ်အခေါက်ခေါက် သွားရောက်ခဲ့ဖူးတဲ့သူလည်း ဖြစ်ပါတယ်၊ ဒါကြောင့် ဒီခရီးလမ်းတစ်လျှောက်မှာရှိတဲ့ ရှေးဟောင်းနေရာတွေကို သိပါတယ်၊ ရှေးခေတ်အီဂျစ်သမိုင်းကြောင်းတွေကိုလည်း သိပါတယ်၊ ကျွန်တော့်နာမည်က ဆာလီတာ ဖြစ်ပါတယ်"

ထိုသို့ သူ့ကိုယ်သူမိတ်ဆက်ပြီးနောက် ပြောလက်စစကားကို ခေတ္တရပ်လိုက်သည်။

စားသောက်နေကြသော ခရီးသည်များကတော့ အစားအသောက်မပျက်နှင့်ပင် နားထောင်နေကြလေသည်။

ခဏနားပြီးတော့ ဆက်ပြောပြန်လေသည်။

"ဒီလမ်းခရီးတစ်လျှောက်မှာ အီဂျစ်ဖာရိုးဘုရင်တွေနဲ့ ပတ်သက်တဲ့ သမိုင်းဟောင်းတွေ အများကြီးရှိပါတယ်၊ ရှေးဟောင်းသင်္ချိုင်းဂူတွေလည်း အများကြီးရှိပါတယ်၊ ကျွန်တော်တို့ သင်္ဘောက ဒေသန္တရဗဟုသုတအတွက် ခရီးထွက်ချင်သူတွေအတွက်. . အထူးအစီအစဉ် တစ်ရပ်အနေနဲ့ ပို့ဆောင်ပေးတဲ့ သင်္ဘောဖြစ်ပါတယ်"

ထိုသို့ပြောပြီး စကားစကိုရပ်ပြီး စားသောက်နေသူများကို အကဲခတ်သောအကြည့်မျိုးဖြင့် တစ်ချက်ကြည့်လေသည်။ ထိုအခိုက်မှာပင် မည်သည့်နေရာမှ မသိရသောစ



www.burmeseclassic.com

www.burmeseclassic.com



ကားသံတစ်ချက် ထွက်လာသည်။

"အထူးသာဆိုလည်း သဘော်ကလည်း အရင်အတိုင်းပါပဲ၊ အစားအသောက်တွေကလည်း ထူးမခြားနားပါပဲ"

ထိုစကားသံကို ကြားလိုက်ရသဖြင့် ရယ်သံအချို့ထွက်လာလေသည်။ အချို့လည်း ပြုံးစေ့စေ့အမူအယာဖြင့် အစားအသောက်ကို ဆက်စားနေကြလေသည်။

တိုးရစ်ဂိုက်ကလည်း ထိုစကားသံကို ကြားလိုက်ဟန်ရှိသည်။ သို့သော် မကြားဟန်ပြုပြီး ပြောလက်စစကားကို ဆက်ပြောသည်။

၎င်းက ခရီးစဉ်တလျှောက်တွင် ဆိုက်ကပ်ပေးမည့် နေရာများနှင့် သဘော်ဆိုက်ကပ်သောအခါ ကြာမြင့်မည့် အချိန်များကို ပြောပြပေးသည်။ ထို့နောက် ညအိပ်ရပ်နားမည့်နေရာများကိုပါ ပြောပြလေသည်။

ထိုခရီးစဉ်များကို ပြောပြသောအခါမှာတော့ ခရီးသည်တော်တော်များများက၊ စာရွက်များနှင့်သော်လည်းကောင်း၊ မိမိတို့မှာပါလာသော စာအုပ်များနှင့်သော်လည်းကောင်း ရေးမှတ်ထားကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း စာရွက်နှင့်ဖောင်တိန်ကိုထုတ်ပြီး ခရီးစဉ်တလျှောက်ရပ်နားမည့် နေရာများကို ရေးမှတ်ထားလိုက်သည်။

ထိုသို့ ရေးမှတ်ပြီးနောက် စာရွက်ကို စာအုပ်ကြား၌





ခြန်ညှပ်ထားလိုက်သည်။ ထိုသို့ပြုလုပ်နေသည်ကို မျက်နှာချင်းဆိုင်ထိုင်နေသော ဒေါက်တာသော်ဟေယာဒဲလ်က မသိမသာကြည့်နေလေသည်။ စားသောက်ပြီးသွားတော့မှ မေးသည်။

"ကျုပ်နာမည်က ဒေါက်တာသော်ဟေယာဒဲလ်ပါ၊ ရှေးဟောင်း သုတေသနသမားလည်း ဖြစ်ပါတယ်၊ အရှေ့တိုင်းဘက်က လာကြတာထင်ပါရဲ့"

ဟု ပြောဆိုမိတ်ဆက်လာသောအခါ ဒေါက်တာမင်းထင်ကျော်က အသိအမှတ်ပြုသော အမူအယာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်ပါ၊ ကျွန်တော်လည်း ရှေးဟောင်းသုတေသနလုပ်ငန်းတွေကို စိတ်ဝင်စားပါတယ်၊ အခုလို မမျှော်လင့်ပဲ သုတေသနပညာရှင်တစ်ယောက်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

ဟုပြောဆိုကာ လက်ဆွဲနှုတ်ဆက်လိုက်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်က ၎င်းနှင့်ပါလာသော အဖော်နှစ်ယောက်နှင့်ပါ မိတ်ဆက်ပေးသလို ဒေါက်တာသော်ဟေယာကလည်း သူ့မိသားစုနှစ်ယောက်နှင့် မိတ်ဆက်ပေးလေသည်။

"ဝါသနာတူကြတဲ့ ခရီးသွားဖော်ခြင်း အခုလိုအသိ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေဖြစ်ရတာ ဝမ်းသာစရာပါပဲ၊ ဒါထက် မင်းဆီမှာတွေ့တဲ့စာအုပ်က ရှားပါးစာအုပ်ပဲ၊ အာရေဗျဘာသာနဲ့ရေးထားတဲ့ အီဂျစ်ရှေးဟောင်းလောကီကျမ်းစာအုပ်ပဲ လူငယ်လူရွယ်တွေအနေနဲ့ ဖတ်နိုင်ဖို့မလွယ်ဘူး၊ အရှေ့တိုင်းသားတွေအနေနဲ့ အာရေဗျဘာသာကို ကျွမ်းကျွမ်းကျင်ကျင် ဖတ်နိုင်တာလည်း အံ့ဩစရာပဲ"

ဒေါက်တာမင်းထင်ကျော်ကတော့ ပြုံးရုံသာပြုံးနေပြီး မျက်နှာချင်းဆိုင်ထိုင်နေသော ဟယ်လင်ကို တစ်ချက်ကြည့်လိုက်သည်။

သူမမျက်နှာပေါ်မှာလည်း ဒေါက်တာမင်းထင်ကျော်တို့နှင့် မိတ်ဆွေဖြစ်ရသည်ကို ကျေနပ်နေဟန်ရှိလေသည်။

ထိုသို့ပြောဆိုနေကြစဉ် ဆာလီတာဟုခေါ်သော တိုးရစ်ဂိုက်က ၎င်းပြောပြနေသော အကြောင်းအရာများကို နိဂုံးချုပ်လိုက်လေသည်။

၎င်းစကားဆုံးတော့ တစ်ယောက်ကထပြီး မေးသည်။

"ဒီသင်္ဘောက သိုးမက်စ်မင်းဆက်ရဲ့ သချိုင်းဟောင်းနေရာတွေကိုရော ရောက်နိုင်ပါသလား"

"အဲဒီနေရာက သင်္ဘောဆိပ်နဲ့ အတော်ကလေးဝေးပါတယ်၊ သွားမယ်ဆိုရင် သုံးနာရီထက်မနည်း ကြာပါတယ်၊ ကျွန်တော်တို့သင်္ဘောက တစ်နေရာမှာ သုံးနာရီထက် ပိုကြာ





အောင် မနေပါဘူး"

"ဒါဖြင့် ဒီသင်္ဘောက အနီးဆုံးဘယ်ရွာမှာ ညအိပ်ရပ်နားမှာလဲ"

"ဘီနီမိုဟာမက် ဆိပ်ကမ်းမှာ ညအိပ်ရပ်နားပါမယ်"

ထိုသို့မေးသောအခါ မေးသူမှာ အတော်ပင်စိတ်ပျက်လက်ပျက် ဖြစ်သွားလေသည်။ ထိုသူမှာ အခြားမဟုတ်ပေ။

ဦးဒီပကျော်တို့နှင့်ပါလာသော မေရီချိုဆိုသော အမျိုးသမီးပင် ဖြစ်ပေသည်။

"ရှင်က ဒီလမ်းခရီးတွေမှာ သွားလာနေတာ ကြာပြီဆိုတော့ သိုးမက်စ်မင်းဆက်တွေရဲ့ သချိုင်းဟောင်းတွေအကြောင်းကို အတော်ကလေးသိမှာပေါ့၊ ရှင်သိသမျှ ပြောပြပါဦး"

ဟု တောင်းဆိုလိုက်သည်။

ထိုစကားကြောင့် ဆာလီတာမှာ အတော်ကလေး အခက်အခဲတွေသွားပုံရလေသည်။ အတန်ကြာတော့မှ. . .

"သိုးမက်စ်ရဲ့ သချိုင်းအခြေအနေကတော့ မကောင်းလှဘူး၊ မနှစ်က ဒီနေရာတွေမှာ ငလျင်တွေလှုပ်တော့ သိုးမက်(၃)ရဲ့ သချိုင်းဂူနေရာက ကျောက်တုံးတွေ ပြိုကျခဲ့တယ်"

ဟု ပြောလေသည်။

"ဒါဖြင့် သွားလာလို့မရတော့လောက်အောင် ပိတ်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့မဟုတ်သေးပါဘူး၊ ဝင်ထွက်လို့တော့ ရနိုင်ပါသေးတယ်၊ ဒါပေမယ့် မသွားသင့်တော့ပါဘူး တကယ်လို့ သွားမယ်ဆိုရင် အန္တရာယ်တော့ ရှိနိုင်ပါတယ်"

ဟုပြောကာ စကားကိုအဆုံးသတ်ပြီး ထိုနေရာမှ ထွက်သွားလေတော့သည်။

စားသောက်ခန်းထဲမှာ ရောက်နေကြသော ခရီးသည်များမှာလည်း စားသောက်နေခြင်းများကို လက်စသပ်ကာ မိမိတို့အလိုရှိရာသို့ ထွက်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်လည်း ၎င်းတို့အခန်းရှိရာ အပေါ်ထပ်သို့ ပြန်တက်လာကြလေသည်။

လင်းနို့ဖြူဟု အမည်ပေးထားသော သင်္ဘောကတော့ မြစ်ရိုးတလျှောက် ခုတ်မောင်းနေရင်းနှင့် ဆိပ်ကမ်းအတော်များများသို့ ဝင်ရောက်ဆိုက်ကပ်ပေးလေသည်။ သို့သော် စိတ်ဝင်စားစရာကောင်းသော နေရာမျိုးတော့ မဟုတ်ပေ။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့လည်း အပြင်သို့မထွက်တော့ပဲ အခန်းတွင်းမှာပင်နေကာ စာဖတ်သူဖတ် မှတ်တမ်းရေးသူက ရေးနေကြသည်။

ဒေါက်တာမင်းထင်ကျော်က ဆိပ်ကမ်းမှဝယ်ယူလာသော ပစ္စည်းများကို တစ်ခုချင်းကြည့်နေလေသည်။

၎င်းတို့ဝယ်ယူလာသော ပစ္စည်းများမှာ ရှေးခေတ်သုံး





ပစ္စည်းအဟောင်းများပင် ဖြစ်သည်။

အများအားဖြင့် ကြေး၊ သတ္တုစသည်တို့နှင့် ပြုလုပ်ထားသောပစ္စည်းများဖြစ်ပြီး နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သောကြောင့် အရောင်အဆင်းပင် မပေါ်တော့ပေ။

အရွယ်အစားကြီးမားလှသော သော့တံတစ်ချောင်း၊ ကြေးပြားဖြင့်ပြုလုပ်ထားသော ပုရပိုဒ်ဟောင်းများနှင့် အခြားပစ္စည်းများပါဝင်လေသည်။

အထူးခြားဆုံးကတော့ လင်းနို့ တစ်ကောင်ပုံထွင်းထုထားပြီး "မရဏကျိန်စာ တံဆိပ်တော်" ဟု အမည်ရေးထားသည့် ကြေးပြားတံဆိပ်တော်ပင် ဖြစ်လေသည်။

ကြေးဖြင့်ပြုလုပ်ထားပြီး လက်မတစ်ဝက်ခန့်ထုသည်၊ ခြောက်ထောင့်ကြယ်ပုံသဏ္ဌာန်ဖြစ်ပြီး (၃)လက်မခန့် ဖြက်ကျယ်လေသည်။

ဒေါက်တာမင်းထင်ကျော်က အိပ်ယာပေါ်မှာလှဲနေရင်းနှင့် ကြေးပြားတံဆိပ်ကို အသေအချာကြည့်နေလေသည်။ ထိုကြေးပြားပေါ်တွင် ထွင်းထုထားသော လင်းနို့ပုံသဏ္ဌာန်မှာ အတောင်နှစ်ဘက် ဖြန့်ကားထားပြီး ကြည့်နေသူနှင့် မျက်နှာချင်းဆိုင်အနေအထားမျိုး ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ လင်းနို့ပုံမှာ ကြည့်နေရင်းနှင့် အသက်ဝင်နေသကဲ့သို့ဖြစ်ကာ သူ့ကို စိုက်ကြည့်နေသည်ဟု စိတ်ထဲတွင် ထင်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ဆက်မကြည့်တော့ပဲ ပြန်ချထားလိုက်ကာ ပုရပိုဒ်များကို ကြည့်ပြန်လေသည်။ အချို့ပုရပိုဒ်များမှာ ရှေးခေတ်အင်္ဂလိပ်ပြည်၌ အသုံးပြုခဲ့သည့် အရုပ်စာများဖြစ်ပြီး အချို့စာများမှာတော့ အာရေဗျစာဖြင့် ရေးသားထားခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှာ သုတေသနလုပ်ငန်းများ လုပ်ကိုင်နေသူဖြစ်သောကြောင့် ဘာသာရပ်အတော်များများကို လေ့လာထားရပေသည်။

အထူးသဖြင့် မဟာဂန္ဓာရီပင်မဇစ်မြစ်ဖြစ်သော ရှေးဟောင်းအင်္ဂလိပ်ဘာသာ၊ အာရေဗျဘာသာများကို အတန်အသင့် ဖတ်ရှုနိုင်အောင် လေ့လာထားရပေသည်။

ဒေါက်တာမင်းထင်ကျော်က ကျိုးပဲ့နေသော ပုရပိုဒ်များကို တစ်ခုချင်းဆက်စပ်ပြီး ဖတ်ရှုနေလေသည်။

ရေးထားသော အကြောင်းအရာများမှာ "သိုးမက်စ်နံပါတ်(၃)ဘုရင်နှင့် ပတ်သက်သည့် သမိုင်းဟောင်း" သမိုင်းကြောင်းများပင် ဖြစ်လေသည်။

နှစ်ပေါင်း(၃၀)ခန့် အင်္ဂလိပ်ပြည်ကို အုပ်ချုပ်စိုးစံခဲ့စဉ်ကာလက ထူးခြားဆန်းကြယ်သော အကြောင်းအရာများစွာတို့ကို မှတ်တမ်းတင်ထားခဲ့ခြင်း ဖြစ်လေသည်။

အင်္ဂလိပ်တို့၏ မဟာဂန္ဓာရီပညာသည် တစ်ကမ္ဘာလုံးတွင် အစောဆုံးပေါ်ပေါက်ခဲ့သည့် ဂန္ဓာရီပညာပင် ဖြစ်၏။





ယခုကာလအသုံးများလှသော "ဂမ္ဘီရ" ဟူသော ဝေါဘာရမှာ ယေဘူယျသဘောသာဖြစ်ပြီး "ဂန္ဓာရီ"ဟူသော ဝေါဟာရကသာ ဇစ်မြစ်ဖြစ်ပေသည်။

ဟီဘရူးမဟာဂန္ဓာရီ ပညာဖြစ်သော ကဗ္ဗာလာဂန္ဓာရီပညာပင်လျှင် အင်္ဂလိပ်ဂန္ဓာရီမှတစ်ဆင့် လက်ဆင့်ကမ်းရရှိခဲ့ခြင်း ဖြစ်ပေသည်။

ကဗ္ဗာလာပညာသည် ကမ္ဘာပေါ်တွင် လူသိအများဆုံး ယနေ့အထိတွင်ကျယ်စွာ လက်ခံအသုံးပြုနေသောပညာပင် ဖြစ်ပေသည်။

လွန်ခဲ့သောနှစ်ပေါင်းခုနစ်သိန်းခန့်က ကမ္ဘာပေါ်တွင် အတ္တလန်တိတ်တိုက်ကြီးရှိပြီး အတ္တလန်တိယံ လူသားများရှိခဲ့ကြသည်။

ဉာဏ်ပညာ အဆင့်အတန်း မြင့်ရှိသာမက ဂန္ဓာရီပညာရပ်များကိုပါ အထက်တန်းကျကျ တတ်မြောက်ထားသူများဖြစ်ကြောင်း ပလေ့တိုကရေးသားခဲ့သည်။

ထိုကဲ့သို့ ရေးသားခဲ့ခြင်းကြောင့် အတ္တလန်တိတ်တိုက်ကြီးနှင့် အတ္တလန်တိယံလူသားတို့၏ ယဉ်ကျေးမှု၊ အနုပညာရပ်တို့နှင့် မဟာဂန္ဓာရီပညာကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားခဲ့ကြသည်။

နောက်ပိုင်း အတ္တလန်တိတ်တိုက်ကြီး သမုဒ္ဒရာရေများ လွှမ်းမိုးခြင်းခံရပြီး ရေအောက်သို့ရောက်သွားခဲ့ရပုံများ



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓာရီပညာရှင်များက ၎င်းတို့၏တပည့်နှင့် နောက်လိုက်များကိုခေါ်ယူကာ ရေဘေးနှင့်လွတ်ရာ ကုန်းမြေသို့ ခေါ်ဆောင်လာခဲ့ပုံများ၊ လွန်ခဲ့သောနှစ်ပေါင်း (၃)သိန်းခန့်ကပင် ဥရောပတိုက်နှင့် အီဂျစ်ပြည်သို့ ရောက်ခဲ့ရပုံတို့မှာ စိတ်ဝင်စားဖွယ်ရာဖြစ်လေသည်။

၎င်းတို့ရောက်ခဲ့သော အထိမ်းအမှတ်အဖြစ် အီဂျစ်တွင် ပိရမစ်များနှင့် အင်္ဂလန်တွင် (Stone Henge) ခေါ် ကျောက်တိုင်စက်ဝန်းများ ပြုလုပ်ထားခဲ့ကြသည်။

ပိရမစ်ကြီးများ တည်ဆောက်ရန်အတွက် တစ်တန်ခန့်လေးသော ကျောက်တုံးပေါင်း(၂၃)သိန်း အသုံးပြုကာ တည်ဆောက်ခဲ့ကြသည်။

အမြင့်ပေ (၄၈၁)ပေရှိသော ပိရမစ်ထိပ်သို့ တစ်တန်ခန့်လေးသော ကျောက်တုံးကြီးများကို ဘယ်ပုံဘယ်နည်း ရောက်အောင် သယ်တင်ခဲ့ကြသည်ဆိုသောအဖြေကို ယခုခေတ် သိပ္ပံပညာရှင်များ အဖြေမရှာနိုင်ကြပေ။

(ထိုခေတ်အချိန်က ဝန်ချီစက်များလည်း မရှိသေးပေ) ဂန္ဓာရီပညာရှင်များကတော့ ထိုကျောက်တုံးကြီးများကို မန္တန်တည်းဟူသော အသံစွမ်းအားဖြင့်. . လေးလံသော ကျောက်တုံးကြီးများကို လိုသောနေရာရောက်အောင် ပို့ဆောင်ကာ တည်ဆောက်ခဲ့ကြသည်ဟုဆိုသည်။

ဘီစီ(၄၀၀၀)ခန့်က အီဂျစ်ကို အုပ်စိုးသော ဘုရင်များ





လက်ထက်တွင် မန္တန်စွမ်းအားဖြင့် ခေါင်းဖြတ်အသတ်ခံရသောသူများကိုပင် အသက်ပြန်ရှင်အောင် ပြုလုပ်နိုင်စွမ်း ရှိကြသည်။ ရာဇဝတ်သားများကို ခေါင်းဖြတ်ကွပ်မျက်စေပြီးမှ မန္တန်စွမ်းအားဖြင့် ခေါင်းပြန်ဆက်ကာ အသက်ပြန်ရှင်အောင် ပြုလုပ်နိုင်ကြပေသည်။

တတိယမြောက် သိုးမက်စ်ဘုရင်လက်ထက်မှာလည်း ထိုကဲ့သို့သောဂန္ဓာရီပညာများ ထွန်းကားခဲ့လေသည်။

လူများကိုသတ်ဖြတ်ပြီးမှ အသက်ပြန်ရှင်အောင် ပြုလုပ်ခြင်းများ၊ တိရစ္ဆာန်များကိုသတ်ဖြတ်ပြီးနောက် မှော်ပညာဖြင့် အသက်သွင်းကာ မိမိအလိုရှိရာ စေခိုင်းခဲ့ပုံများစသောအကြောင်းအရာများ ရေးသားထားလေသည်။

အချို့ပုရပိုဒ်များတွင် ရေးသားသောမှတ်တမ်းများက အပြည့်အစုံပါသော်လည်း အချို့မှတ်တမ်းများကတော့ ကျိုးပဲ့ပျက်စီးနေပြီဖြစ်သောကြောင့် အပြည့်အစုံမပါတော့ပေ။ ဒေါက်တာမင်းထင်ကျော်ကတော့ အိပ်ယာပေါ်တွင် လှဲနေရင်းမှ ဖတ်၍ရသော အကြောင်းအရာများကို ဆက်စပ်ပြီး ဖတ်နေလေသည်။

အချို့သောမှတ်တမ်းများတွင် လင်းနို့နှင့်လင်းဆွဲစသော ညဥ့်ငှက်များကို အသက်သွင်းပြီးနောက် လိုရာစေခိုင်းသကဲ့သို့. . မြွေ၊ ခြသေ့စသော တိရစ္ဆာန်တို့ကို မှော်ပညာဖြင့် အသက်သွင်းပြီး ရန်သူတို့ကို သတ်ဖြတ်စေခြင်းများ



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်လွှသည်။

နေ့လည်ဘက်ရောက်တော့ ရာသီဥတုက ပြောင်းလဲသွားလေသည်။

နေရောင်ခြည်တို့ဖြင့် သာသာယာယာရှိနေရာမှ ချက်ချင်း အလင်းရောင်ပျောက်သွားပြီး ကောင်းကင်တစ်ခုလုံး မှောင်မည်းလာလေတော့သည်။

လေကလည်း ပုံမှန်တိုက်နေရာမှ . . ပြင်းထန်လာသည်။ သို့ကြောင့် မြစ်အတွင်းမှာလှိုင်းထလာရာ သင်္ဘောမှာ လူးလိမ့်နေလေသည်။

မိုးပေါက်များ ကျဆင်းလာသောအခါမှာတော့ အပြင်ဘက်မှာရှိနေကြသည့် ခရီးသည်တို့မှာ မိမိတို့ရရှိထားသော အခန်းများထဲသို့ ဝင်လာလေသည်။ ချက်ချင်းဆိုသလို ရာသီဥတုကပြောင်းလဲသွားကာ မိုးမှောင်ကြီးကျလာခြင်း ဖြစ်လေသည်။

လေပြင်းသောကြောင့် လှိုင်းလုံးကြီးများက ပိုမိုကြီးလာသဖြင့် ရှေ့ဆက်သွားရန်မလွယ်ကူတော့သဖြင့် သင်္ဘောကို သင့်တော်သောနေရာတွင် ဆိုက်ကပ်ပြီး ရပ်နားထားရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရထားသောအခန်းမှာ အပေါ်ထပ်၌ဖြစ်သောကြောင့် လေမိုးပြင်းထန်လာသောအခါတွင် ပို၍ထိတွေ့မှုများလေသည်။





အခန်းများက စကြံန်လမ်းအတွင်းဘက်၌ ဖြစ်သော်လည်း လေတိုက်သံ၊ မိုးရွာသံများကို အတိုင်းသားကြားနေရသည်။ တံခါးပိတ်ထားသော်လည်း မှန်ချပ်များမှတဆင့် အပြင်ဘက်မှ မြင်ကွင်းများကို ဝိုးတဝါးမြင်နေရသည်။

ထိုအချိန်မှာပင် လေမိုးများကြားမှ ပျံလာသော လင်းနို့ကြီးသုံးကောင်က သင်္ဘောဆီသို့ရောက်လာပြီး ခေါင်မိုးတစ်နေရာ၌ ချိတ်ဆွဲပြီး နားနေကြသည်။

အကောင်အရွယ်အစားမှာ သာမန်လင်းနို့များထက် နှစ်ဆသုံးဆကြီးပြီး မျက်လုံးပြူးကြီးများက နီရဲနေလေသည်။

ထိုလင်းနို့သုံးကောင်ကို ကျော်စွာကမြင်သဖြင့် ဒေါက်တာမင်းထင်ကျော်တို့ကို ခေါ်ပြလေသည်။

"ဆရာ . . အပြင်ဘက်ကပျံလာတဲ့ လင်းနို့သုံးကောင်က ကျွန်တော်တို့အခန်းပေါက်ဝနားမှာ ချိတ်ပြီး နားနေကြတယ်"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးမင်းဟန်တို့က နေရာမှထကြည့်ကြသည်။

အပြင်ဘက်မှာ လေမိုးများက ပြင်းထန်နေသော်လည်း အခန်းပေါက်ဝနှင့် မနီးမဝေးမှာချိတ်ဆွဲပြီး နားနေကြသော လင်းနို့သုံးကောင်ကိုတော့ မှန်ချပ်များမှတဆင့်မြင်နေကြရပေသည်။

"လေတွေမိုးတွေထဲမှာ ဘယ်ကလင်းနို့တွေက သ



www.burmeseclassic.com

www.burmeseclassic.com



ဘော်ထဲရောက်နေတာပါလိမ့်"

ဦးမင်းဟန်က ရေရွတ်ပြောဆိုလိုက်သည်။

"လေပြင်းတွေကြောင့် တစ်နေရာကပါလာတာ ဖြစ်မယ်ထင်ပါတယ်"

"ပါလာတော့လည်း တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ရှိနေတဲ့ အခန်းပေါက်ဝမှာ လာနားနေတာကရော မထူးဆန်းပေဘူးလား"

"ဒါလည်း တိုက်ဆိုင်မှုပဲ ဖြစ်မှာပါ"

ပြောပြောဆိုဆိုနှင့် ဒေါက်တာမင်းထင်ကျော်က ပိတ်ထားသော မှန်ချပ်တံခါးကို ဖွင့်လိုက်သည်။

"ဂိး. . ဂိး. . ဂိး"

ဟူသော မာန်ဖီသံကြားရသဖြင့်. . . အပေါ်သို့မော့ကြည့်လိုက်ရာ လင်းနို့သုံးကောင်၏မျက်နှာမှာ လူမျက်နှာမျိုးနှင့်တူနေပြီး သူ့ကို နီရဲနေသော မျက်လုံးများဖြင့်ကြည့်ကာ မာန်ဖီနေကြခြင်း ဖြစ်သည်။

မာန်ဖီသံမှာ ကိုက်တော့မည့် ခွေးတစ်ကောင် မာန်ဖီသံမျိုးဖြစ်ပြီး ဖြူဖွေးနေသော အစွယ်နှင့်သွားများကိုပင် အတိုင်းသားမြင်ရသည်။ ထို့ကြောင့် ဖွင့်ထားသော မှန်တံခါးကို ချက်ခြင်း ပြန်ပိတ်လိုက်သည်။

"ဘာဖြစ်လို့လဲ ဆရာ"

"အပြင်ဘက်မှာ နည်းနည်းတော့ ထူးခြားနေသလိုပဲ"





ထိုသို့ပြောသဖြင့် ကျော်စွာက သဘောပေါက်သွားပြီး စောစောကလင်းနို့များ ချိတ်ဆွဲနားနေသော နေရာသို့ လှမ်းကြည့်လိုက်သည်။ မရှိတော့ပေ။

သဘော်ခေါင်မိုးတန်းများမှာ နားနေသောလင်းနို့သုံးကောင်စလုံး မတွေ့ရတော့ပေ။ ထို့ကြောင့် စိတ်မကျေနပ်သဖြင့် မှန်တံခါးပါဖွင့်ပြီး ကြည့်လိုက်သည်။ မရှိပေ။

လင်းနို့ကြီး သုံးကောင်မှာ ပျောက်ခြင်းမလှ ပျောက်သွားကြလေပြီ။

"ထူးဆန်းလိုက်တာ မရှိတော့ဘူး"

ထိုသို့ ရေရွတ်သဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးမင်းဟန်တို့ကပါ အပြင်ထွက်ကြည့်ကြသည်။

"ဒီနေရာတွေက ဂမ္ဘီရနယ်မြေတွေပဲ၊ ဒီနေရာမျိုးတွေရောက်လာမှတော့ ဒီလိုဆန်းကြယ်မှုမျိုးတွေနဲ့ တွေ့ရတာမထူးဆန်းလှပါဘူး"

ဟု ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချလိုက်လေသည်။ အပြင်ဘက်မှာတော့ မိုးလေများက သည်းထန်နေဆဲပင် ရှိသေး၏။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၃)

# လင်းနို့ဂူနှင့် ဩလုနိဇများ

တစ်နေ့လုံးတစ်ညလုံး လေမိုးများပြင်းထန်နေသောကြောင့် ထိုနေရာမှာပင် ညအိပ်ရပ်နားကြရလေသည်။ ညဦးပိုင်း အချိန်ကျော်တော့မှ လေမိုးများတိုက်ခတ်နေခြင်းများ လျော့သွားသည်။ မိုးမရွာတော့ပဲ လေများသာတိုက်ခတ်နေသည်။ ဒေါက်တာမင်းထင်ကျော်လည်း တစ်နေကုန် အခန်းထဲမှာ နေခဲ့ရသဖြင့် ညီးငွေ့နေပြီဖြစ်သောကြောင့် အပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။

သဘော်အပေါ်ထပ် အပြင်ဘက်မှာတော့ လူသူရှင်းနေလေသည်။ ဒေါက်တာမင်းထင်ကျော်က သဘော်အနောက်ဘက် လက်ယမ်းတန်းများရှိသောနေရာအထိ လျှောက်သွားပြီး မြစ်ဘက်သို့ လှမ်းကြည့်နေလေသည်။

မိုးစဲသွားပြီဖြစ်သော်လည်း တိမ်မည်းများဖုံးထားသည်ကတစ်ကြောင်း၊ လရောင်မရှိသည်ကတစ်ကြောင်း၊ မြစ်ပြင်တစ်ခုလုံး မည်းမှောင်နေသည်။ တိမ်များရွေ့လျားနေရာမှ တစ်ခါတစ်ရံမှပေါ်လာသော အလင်းရောင်အချို့ကြောင့်သာ ပတ်ဝန်းကျင်ကို လှမ်းမြင်ရလေသည်။

ကမ်းစပ်နှင့်မနီးမဝေးမှာတော့ ကိုင်းတောကြီးများရှိသည်။ သစ်ပင်ကြီးများ ရှိနေကြသည်။ ထိုနေရာတစ်ဝိုက်မှာလည်း ညအချိန်အစာရှာထွက်လာသော လင်းဆွဲကြီးများနှင့်၊ လင်းနို့များပျံဝဲနေကြသည်။

လင်းနို့အကောင်သေးများက သဘော်မှထွက်နေသော မီးရောင်အောက်တွင် ပျံဝဲနေကြသော ပိုးကောင်များကို လိုက်လံဖမ်းဆီးကာ စားသောက်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က ခေါင်းပေါ်မှာပျံသန်းနေကြသည့် လင်းနို့များကိုကြည့်ရင်း နေ့လည်က အမှတ်မထင်မြင်လိုက်ရသော လင်းနို့ကြီးသုံးကောင်ကို သတိရနေလေသည်။ ထိုနေရာမျိုးမှာ လင်းနို့များ မြင်တွေ့ရသည်မှာအဆန်းတော့ မဟုတ်ပေ။ သို့သော် ထူးထူးခြားခြား နေ့ခင်းအချိန်ကြီး ရောက်လာကြသည့် လင်းနို့ကြီးသုံးကောင်ကို တွေ့မြင်ရသည်ကတော့ ထူးဆန်းသည်။





တစ်ယောက်တည်း စီးကရက်သောက်ရင်း ရပ်နေစဉ် နောက်ဘက်မှ လျှောက်လာသော ခြေသံလိုလို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်။

နောက်ဘက်မနီးမဝေးနေရာမှာ အမျိုးသမီး တစ်ယောက် ရပ်နေလေသည်။ ပုံပန်းသဏ္ဌာန်မြင်ရုံနှင့် ဟယ်လင်ဖြစ်မှန်း သိလိုက်သည်။

"ဩော်. . ရှင်ပါလား၊ ကျွန်မအတွက်ကြောင့် အနှောင့်အယှက်များ ဖြစ်သွားသလား"

"မဖြစ်ပါဘူး၊ တစ်နေကုန် အခန်းထဲမှာနေရတာ ငြီးငွေ့လာလို့ ထွက်ရပ်နေတာပါ"

ဟယ်လင်က သူနှင့်မနီးမဝေးနေရာအထိ လျှောက်လာပြီး ရပ်လိုက်သည်။

"ဒါထက် ဟယ်လင်တို့က ဘယ်အထိသွားကြမှာလဲ"

"ရှင်က ကျွန်မနာမည်တောင် မှတ်မိနေမှကိုး"

"ဒီနာမည်မျိုးက တစ်ခါကြားတာနဲ့ မှတ်မိလွယ်ပါတယ်၊ လူကလည်း တစ်ခါမြင်ရုံနဲ့ မှတ်မိနိုင်ပါတယ်"

ထိုစကားကြောင့် သူမမျက်နှာပေါ်တွင် ကျေနပ်သော အပြုံးရိပ်တစ်ခု ပေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှေ့တိုင်းသားတွေ စကားပြောရင် လူတစ်ဖက်သား ကျေနပ်အောင်တော့ ပြောတတ်ကြတယ်"

ဒေါက်တာမင်းထင်ကျော်က ပြုံးလိုက်သည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်ပါ"

"ကျွန်မလည်း ရှင့်နာမည်ကို မှတ်မိပါတယ်၊ ကျွန်မတို့က ရှေ့ကရွာတစ်ရွာရောက်တဲ့အခါ ဆင်းကြမှာပါ၊ သဘော်ခရီးစဉ်ဆုံးတဲ့အထိတော့ မလိုက်ဖြစ်တော့ပါဘူး၊ ဒါထက် ရှင်တို့ကရော"

"ကျွန်တော်တို့လည်း ရှေ့ကရွာမှာပဲ ဆင်းကြမှာပါ၊ အမိကကတော့ ဟိုးအတွင်းဘက်မှာရှိတဲ့ သချိုင်းဟောင်းတွေကို သွားပြီးလေ့လာကြဖို့ပါပဲ"

"ကျွန်မဒယ်ဒီကလည်း အဲဒီဘက်အထိသွားဖို့ အစီအစဉ်ရှိတယ်၊ ဒါပေမယ့် သူ့မှာအဖော်မရှိလို့ အခက်တွေ့နေတယ်"

"ကျွန်တော်တို့သွားမယ့် ခရီးနဲ့ကြုံရင်တော့ အတူတူသွားကြလို့ ရပါတယ်၊ လိုတဲ့အကူအညီတွေလည်း တတ်နိုင်သလောက်ပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ရှင်"

ထိုသို့ပြောဆိုနေကြစဉ် အဝေးမှပျံသန်းလာသော မည်းမည်းသဏ္ဌာန်အချို့ကို လှမ်းမြင်ရသဖြင့် ဒေါက်တာမင်းထင်ကျော်က စကားရပ်ပြီး ကြည့်လိုက်သည်။





ပျံသန်းလာသော သတ္တဝါများမှာ အခြားမဟုတ်ပေ။

လင်းဆွဲလား၊ လင်းနို့လား မသိရသော သတ္တဝါသုံးကောင်ပင် ဖြစ်သည်။

"ဟယ်လင်. . ကျွန်တော်တို့ အခန်းဘက်ပြန်ကြရင်ကောင်းမယ်"

"ဟင် ဘာဖြစ်လို့လဲ"

ဟယ်လင်က သဘောမပေါက်သော အမူအယာဖြင့်ကြည့်ကာ မေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်ကလည်း မနီးမဝေးအထိ ရောက်လာကြသည့် သတ္တဝါသုံးကောင်ကို မျက်ခြည်မပြတ်ကြည့်နေသောကြောင့် ရှည်ရှည်ဝေးဝေး ရှင်းမပြနိုင်တော့ပါချေ။ ထိုအခိုက်မှာပင် အဝေးမှပျံသန်းလာကြသည့် လင်းနို့သုံးကောင်က သူတို့အပေါ်ရောက်လာသည်။

"ဘယ်လိုသတ္တဝါမျိုးတွေလဲ မျက်နှာကလူမျက်နှာမျိုးတွေနဲ့"

ဟယ်လင်က အထိတ်တလန့် ရေရွတ်ပြောဆိုလိုက်သည်။ လူမျက်နှာပုံပန်းသဏ္ဌာန်မျိုးရှိပြီး၊ အကောင်အရွယ်အစား ကြီးမားလှသော လင်းနို့ကြီးသုံးကောင်က သူတို့နှစ်ယောက် ရပ်နေကြသည့်အပေါ်မှ နိမ့်နိမ့်ပင်ပျံဝဲနေကြလေသည်။ သဘော်မှထွက်နေသော မီးရောင်အချို့ကြောင့်သေသေချာချာ မြင်နေရသော်လည်း ... 

www.burmeseclassic.com



ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်တို့ကို တွေ့မြင်ရတော့သည်။

ထိုအခါမှပင် ဟယ်လင်မှာ များစွာကြောက်ရွံ့သွားသော အမူအယာဖြင့် ဒေါက်တာမင်းထင်ကျော်အနီးသို့ တိုးကပ်လာလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဟယ်လင်၏ လက်တစ်ဖက်သို့ဆွဲကာ အခန်းများရှိရာသို့ ပြန်ပြေးရတော့သည်။ ထိုအခါ အပေါ်မှာ ပျံဝဲနေသောလင်းနို့ကြီး သုံးကောင်ကလည်း နောက်မှလိုက်လာပြီး ဝင်ရောက်တိုက်ခိုက်ကြလေသည်။

၎င်းတို့ တိုက်ခိုက်ပုံမှာ ကြောက်စရာကောင်းလှသည်။ လည်ပင်း၊ မျက်နှာစသည် အဝတ်မရှိသော နေရာများကို ချွန်ထက်သောအစွယ်များဖြင့် ကိုက်ဖောက်ကာ သွေးစုပ်ရန်ရည်ရွယ်ပြီး တိုက်ခိုက်ကြခြင်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ထံမှာ မည်သည့်လက်နက်မှ မပါပေ။ ထို့ကြောင့် အနားရောက်လာသော လင်းနို့ကြီးသုံးကောင်ကို လက်နှစ်ဖက်ဖြင့် ရိုက်ဖယ်ပြီး အတွင်းရောက်အောင် ပြေးရလေသည်။

သူတို့နှစ်ယောက် အတွင်းဘက်ရောက်သွားတော့မှ လင်းနို့ကြီးသုံးကောင်တို့မှာ ဆက်လိုက်မလာတော့ပဲ မြစ်ဘက်သို့ ပြန်လှည့်သွားကြလေသည်။





ဟယ်လင်မှာလည်း ကြောက်လွန်းသဖြင့် မျက်စိမျက်နှာ ပျက်နေလေသည်။ ထို့ကြောင့် သူမအခန်းရှိရာသို့ ပြန်ပို့ပေးလိုက်ပြီးမှ ပြန်လှည့်လာရာလမ်းမှာ သူမမိခင်ဆာလီတာနှင့် တွေ့ရလေသည်။ ၎င်းက. . .

"အဲပေါ် ထပ်မှာပြေးသံတွေကြားလို့ တက်လာတာပါ ဘာဖြစ်ကြလို့လဲ"

ဟုမေးလေသည်။

"ခင်ဗျားက ဒီလမ်းခရီးမှာ သွားလာနေတာကြာပြီလို့ ပြောပေမယ့်၊ လူမျက်နှာနဲ့ လင်းနို့တွေအကြောင်းတော့ သိပုံမရဘူး"

"အလိုလေး ခင်ဗျားမြင်လိုက်ရတာလား"

ဟု တုံလှုပ်သောအမူအယာမျိုးဖြင့် ပြန်မေးလေသည်။

"သိချင်ရင်တော့ အပြင်ထွက်ကြည့်တာ ပိုကောင်းမယ်"

ဟုပြောပြီး ထိုနေရာမှ ထွက်လာလေသည်။

ဆာလီတာက အပြင်မထွက်ပဲ ကြောက်ရွံ့သောအမူအယာဖြင့် တိုင်တည်ဆုတောင်းမှုများ ပြုလုပ်နေလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ ရာသီဥတုကောင်းမွန်ပြီး သာသာယာယာဖြစ်နေလေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သဘော်ကိုဆံက်လက် ခုတ်မောင်းလေသည်။

နံနက်စာ စားချိန်ရောက်တော့ ခရီးသည်အားလုံး စားသောက်ခန်းတွင်းမှာပင် ပြန်ဆုံကြလေသည်။

ထိုအခန်းတွင်းသို့ ရောက်သွားသောအခါမှာတော့ ဒေါက်တာမင်းထင်ကျော်တို့ကို လူအချို့က ဝိုင်းကြည့်နေကြ လေသည်။ ထိုအထဲတွင် ဦးဒီပကျော်တို့လည်း ပါဝင်လေ သည်။ ဒေါက်တာမင်းထင်ကျော်က စားသောက်စရာများ သယ်ယူလာပြီး နေရာလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။

ထိုအချိန်မှာပင် သူ့ရှေ့တည့်တည့်နေရာသို့ အမျိုးသ မီးတစ်ယောက် ဝင်ရောက်နေရာယူပြီး ထိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ခရီးသွားဖော် ချင်း မြင်ဖူးတွေ့ဖူးနေသောကြောင့် ပြုံး၍နှုတ်ဆက်လိုက် သည်။

"မင်္ဂလာပါ"

"မင်္ဂလာပါရှင်၊ ကျွန်မနာမည်က မေရီချို့ပါ"

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ခရီးသွားဖော်ချင်း အခုလိုမိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်"

ဟုပြောပြီး အစားအသောက်များကို စားသောက်ကြ သည်။ မေရီချို့ကတော့ အခြားအစားအသောက်များ မစား သောက်ပဲ သစ်သီးဖျော်ရည်တစ်ခွက်ကိုသာ သောက်နေ



ခလသည်။ စားသောက်ပြီးတော့မှ သူမက စကားစသည်။

"ဒါထက် ညတုန်းက ရှင်တို့ထူးထူးဆန်းဆန်းတွေ့ရ ဘယ်လို့ ပြောသံကြားတယ်၊ ကျွန်မက အဲဒီလိုထူးထူးဆန်း ဆန်းတွေဆိုရင် စိတ်ဝင်စားတယ်၊ ဘယ်လိုတွေတာမျိုးလဲ ပြောပြပါလား"

ထိုသို့မေးတော့မှ မေရီချို့တစ်ယောက် သူ့ရှေ့ ရောက်လာသော ရည်ရွယ်ချက်ကို သဘောပေါက်ရတော့ သည်။

"တခြားတော့ မဟုတ်ပါဘူး၊ လင်းနို့သုံးကောင်တွေ့ လိုက်လို့ပါ"

"နိုင်ငံမြစ်ထဲမှာ လင်းနို့တွေအများကြီးရှိတယ်"

"ဒါပေမယ့် . . ကျွန်တော်တွေ့လိုက်တဲ့ လင်းနို့က သာမန်လင်းနို့တွေနဲ့ မတူဘူး"

"ဘယ်လို ထူးခြားနေလို့လဲ"

"လူမျက်နှာတွေနဲ့ အတော်တူတယ်"

ထိုစကားကြားတော့ မေရီချို့က အံ့သြနေဟန်ရှိ သည်။ သို့သော် ချက်ချင်းပြန်မပြောသေးပဲ မျက်မှောင်ကျုံ့ပြီး စဉ်းစားနေလေသည်။ ပြီးမှ. . .

"ကျွန်မ ထင်တာတော့ ဒီလိုလင်းနို့တွေက သာမန် မဟုတ်ဘူး၊ မိစ္ဆာဝိညာဉ်တွေ ပူးကပ်နေတဲ့ လင်းနို့မျိုးတွေ ဖြစ်နိုင်တယ်၊ ဒီအရပ်ဒေသတွေမှာ အဲဒီလိုထူးဆန်းတဲ့

www.burmeseclassic.com



သတ္တဝါမျိုးတွေ တွေ့ရလေ့ရှိတယ်"

"ဘယ်လိုထူးဆန်းတာမျိုးလည်း နည်းနည်းလောက် ပြောပြပါလား"

"ဒီအကြောင်းတွေက ပြောရရင်အတော်များတယ် အတိုချုပ်ပြီး ပြောပြရရင်တော့ တိရစ္ဆာန်တွေရဲ့ ဝိညာဉ်တွေ ကို နုတ်ဖယ်ပြီး မိစ္ဆာဝိညာဉ်တွေကို ထည့်ပြီးတော့ လိုရာစေ ခိုင်းကြတာမျိုးပါ"

"ဘယ်သူတွေက လုပ်ကြတာလဲ"

"အီဂျစ်ဆိုတာ မှော်အတတ်ပညာတွေရဲ့ ပင်မဌာန မြစ်နေရာပဲ၊ အနိမ့်ဆုံး "ဖကီး" တွေကစပြီး မှော်ဆရာတွေ အဆုံး ဒီလိုပညာမျိုးတွေ တတ်ကြတယ်၊ အရှေ့တိုင်းမှာတော့ ဖုတ်သွင်းတဲ့ပညာမျိုးလို့ ခေါ်ကြတယ်"

မေရီချို့က ရုပ်ချောသလောက် အပြောအဆိုလည်း ကောင်းလေသည်။ ထိုအကြောင်းအရာများကိုလည်း အ တော်လေး နှံ့စပ်ကျွမ်းကျင်ဟန်ရှိသည်။

"စိတ်ဝင်စားစရာပါပဲ"

"ကျွန်မသိသလောက် ပြောရရင်တော့ မိစ္ဆာဝိညာဉ် တွေပူးကပ်နေတဲ့ လင်းနို့မိစ္ဆာတွေကို တွေ့မြင်ရတာ သိပ် မကောင်းဘူး"

"ဘယ်လိုဖြစ်တတ်သလဲ"

"အန္တရာယ်တွေနဲ့ တွေ့ရလေ့ရှိတယ်"





"သတိထားရမှာပေါ့ဗျာ၊ ဒါထက်ခင်ဗျားက ဒီအ ကြောင်းတွေကို သိထားတော့ မေးရဦးမယ်၊ မိစ္ဆာဝိညာဉ် ပူးကပ်နေတဲ့ လင်းနို့တွေကို တွေ့ရတာ ဘယ်လိုကြောင့်ဖြစ် မယ်လို့ ထင်သလဲဟင်"

ထိုအခါ မေရီချို့က သောက်လက်စ ဖျော်ရည်ဖန် ခွက်ကို ပြန်ချထားလိုက်ပြီး ဒေါက်တာမင်းထင်ကျော်မျက်နှာ ကို တစ်ချက်ကြည့်လိုက်သည်။

"ရှင့်ဆီမှာ သူတို့နဲ့ သက်ဆိုင်တဲ့ပစ္စည်းတစ်ခုခု ရှိနေ ပုံပဲ၊ ဒါကြောင့် ရောက်လာတာဖြစ်နိုင်ပါတယ်"

ထိုသို့ပြောသောအခါ ဒေါက်တာမင်းထင်ကျော် စိတ် ထဲတွင် သင်္ဘောမထွက်ခင်အချိန်က ဆိပ်ကမ်းမှဝယ်လာ သောပစ္စည်းများကို သတိရလိုက်မိလေသည်။

"ဒီအနှောက်အယှက်တွေကို ဘယ်လိုနည်းနဲ့ ဖယ် ရှားပစ်လို့ရနိုင်မလဲ"

"လင်းနို့မည်းတွေက လင်းနို့ဖြူကိုကြောက်ကြတယ်၊ ရှင့်အနေနဲ့ လင်းနို့ဖြူတစ်ကောင်ရမယ်ဆိုရင်တော့ ဒီအန္တ ရာယ်တွေက ကင်းဝေးသွားမှာပါ"

"အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါထက် မေရီချို့က အရှေ့တိုင်းသူတစ်ယောက်များလား"

"ဟုတ်ပါတယ်၊ ကျွန်မက ဗမာပြည်မှာအတော်ကြာ ကြာ နေခဲ့ဖူးပါတယ်၊ မြန်မာသွေးပါတဲ့ မြန်မာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း မမှားပါဘူး၊ ကျွန်မရဲ့ ဦးကြီးတော်စပ်တဲ့ ဦးဒိ
ကျော်ကလည်း မြန်မာသွေးပါတဲ့ မြန်မာတစ်ယောက်ပါပဲ"

ဟု ပြောပြလေသည်။

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ မေရီချိုနှင့် သိခွင့်ရသည်ကိုပင် ကျေနပ်သွားမိလေသည်။

"အခုလို တိုင်းတပါးမှာ မြန်မာလူမျိုးအချင်းချင်းတွေ့ဆုံသိကျွမ်းခွင့်ရတာ ဝမ်းသာပါတယ်"

"ကျွန်မလည်း ဝမ်းသာပါတယ်၊ ဒါထက် စပ်စုတယ်လို့တော့ မထင်ပါနဲ့ ကိုမင်းထင်ကျော်တို့က ဒီခရီးကိုလေ့လာရေးခရီးအဖြစ် ထွက်လာကြတာလား"

"ဟုတ်ပါတယ်၊ ကျွန်တော်က သုတေသနလုပ်ငန်းတွေ လုပ်နေတဲ့သူတစ်ယောက်ပါ၊ အီဂျစ်မှာရှိတဲ့ လေ့လာစရာတွေပြီးလို့ နိုင်းမြစ်တကျောမှာရှိတဲ့ ရှေးဟောင်းနေရာတွေကို လေ့လာဖို့ ထွက်လာခဲ့ကြတာပါ"

"ကျွန်မတို့လည်း ဒီရည်ရွယ်ချက်နဲ့ ထွက်ခဲ့ကြတာပါပဲ၊ ဒါထက်ကိုမင်းထင်ကျော်တို့ ခရီးစဉ်ဘယ်မှာအဆုံးသတ်မှာလဲ"

"ရှေ့မှာညအိပ်မယ် ဘီနီမိုဟာမက် ဆိပ်ကမ်းကျရင်တော့ ဆင်းကြမှာပါ၊ ရှေ့တော့ ဆက်မလိုက်ကြတော့ပါဘူး"

"လေ့လာရေးသွားမယ့်သူတွေက အဲဒီဆိပ်ကမ်းမှာပဲ ဆင်းကြတာများပါတယ်၊ ရှေ့ကိုဆက်လိုက်သွားကြတဲ့ ခရီးသည်တွေကတော့ မြစ်အတွင်းမှာ အပျော်ခရီးထွက်လာကြတဲ့သူတွေ များပါတယ်၊ ကျွန်မတို့အဖွဲ့လည်း အဲဒီဆိပ်ကမ်း ရောက်တဲ့အခါ ဆင်းကြမှာပါ၊ နောက်တော့လည်း တွေ့ကြသေးတာပေါ့"





ဟုပြောဆိုကာ မေရီချိုက နေရာမှထရပ်လိုက်ရာ ဒေါက်တာမင်းထင်ကျော်ကပါ အစားအသောက်တို့ကို လက်စသပ်ကာ နေရာမှထရပ်လိုက်သည်။

"ကျွန်တော်လည်း တွေ့ချင်ပါသေးတယ်၊ နောက်တစ်ခါ အေးအေးဆေးဆေးတွေ့ရင်တော့ လင်းနို့ဖြူနဲ့ပတ်သက်တဲ့ အကြောင်းလေးတွေ ထပ်မေးချင်ပါသေးတယ်"

ဟုပြောလိုက်ရာ မေရီချိုက အဓိပ္ပာယ်ပါသော အကြည့်မျိုးဖြင့် တစ်ချက်ကြည့်ကာ ဘာမှထွေထွေထူးထူး ပြန်မပြောပဲ နေရာမှထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ 'လင်းနို့ဖြူ'ဟူသော ဝေါဟာရတစ်ခု အသစ်ဝင်ရောက်နေလေတော့သည်။ ထိုဝေါဟာရ အသစ်ကပင်လျှင် စိတ်ဝင်စားမှုကို ဖြစ်စေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၄)

# စီးနပ်စိန်နတ်ဘုရားမ၏ သားကောင်များ

ခရီးသည်များကို တင်ဆောင်လာသော လင်းနို့ဖြူသင်္ဘောမှာ လမ်းခရီးတလျှောက်မှာရှိသော နေရာများကို ရပ်တံ့ပေးလိုက်၊ ဆက်မောင်းလိုက်နှင့် ခရီးဆက်ခဲ့ရာ ညနေစောင်းအချိန်လောက်တွင် ညအိပ်ရပ်နားမည့် ဘီနီမိုဟာမက်ဆိပ်ကမ်းသို့ ဆိုက်ရောက်လေတော့သည်။

ထိုဆိပ်ကမ်းရောက်သောအခါ လူအတော်များများ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဆင်းကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်လည်း မိမိတို့ပစ္စည်းများကို သိမ်းဆည်းကာ သင်္ဘောပေါ်မှ ဆင်းကြလေသည်။ ထိုဆိပ်ကမ်းတွင် ဆင်းသောခရီးသည်များထဲတွင် ဦးဒီပကျော်တို့အဖွဲ့ကို တွေ့ရသည်။

ဒေါက်တာ သော်ဟေဒဲလ်တို့မိသားစုကိုလည်း တွေ့လိုက်ရသည်။ ဘီနီမိုဟာမက်ဆိပ်ကမ်းမှာ မြို့တစ်မြို့တော့ မဟုတ်ပေ။ သို့သော် ရွာတစ်ရွာတော့လည်း မကပြန်ပေ။

တောမကျ မြို့မကျနေရာမျိုးဖြစ်သည်။

ဆိပ်ကမ်းတစ်လျှောက်မှာ အိမ်တန်းများရှိသည်။

သင်္ဘောဆိပ်နှင့် မနီးမဝေးတွင် စားသောက်ဆိုင်များရှိသည်။ ခရီးသည်များဝင်ရောက်တည်းခိုနိုင်သော အိမ်များ၊ အဆောင်များရှိသည်။

ဒေသခံယောကျာ်း၊ မိန်းမများက သင်္ဘောမှတက်လာသော ခရီးသည်များရှေ့မှရပ်ကာ ၎င်းတို့စားသောက်ဆိုင်များအကြောင်း၊ တည်းခိုနေထိုင်ရန် နေရာများအကြောင်းကို ပြောဆိုကာ ခေါ်ယူနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့က ကမ်းဆိပ်နှင့်နီးသောဆိုင်များတွင် မဝင်ပဲ ရှေ့ဆက်လျှောက်လာကြသည်။ တစ်နေရာရောက်တော့ သီးခြားသဘောမျိုး ဆောက်ထားသော အဆောက်အဦးတစ်ခုကို တွေ့ရလေသည်။





ရေးထားသောဆိုင်းဘုတ်မှာ အီဂျစ်ဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားခြင်းဖြစ်ပြီး အဓိပ္ပာယ်မှာ "သရဖူတည်းခို စားသောက်ဆိုင်"ဟူ၍ ဖြစ်ပေသည်။

ထိုနေရာမှာ လူမရှုပ်ပဲ ရှင်းလင်းနေသောကြောင့် ထိုနေရာသို့ ဝင်ကြလေသည်။

ဧည့်ကြိုကောင်တာဟု ခေါ်ရမည့်နေရာမှာတော့ ဒေသခံ မိန်းမချောကလေးများ တွေ့ရသည်။

၎င်းတို့က နှစ်လိုဖွယ်အပြုံးဖြင့် ကြိုဆိုနှုတ်ဆက်လေသည်။ ထို့ကြောင့် သုံးယောက်အတွက် အခန်းသုံးခန်းနှင့် အစားအသောက်များ ရနိုင်မရနိုင် မေးမြန်းစုံစမ်းကြည့်သောအခါ အလွယ်တကူပင် ရရှိလေသည်။

ထို့ကြောင့် ကျသင့်ငွေကိုပေးချေပြီး အခန်းယူလိုက်ကြသည်။ ထိုနေရာမှာလည်း သူတို့လဲလှယ်ယူလာသော ဝီယာစတားဒင်္ဂါးများက အသုံးဝင်လှသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ထိုသို့အေးအေးဆေးဆေးနား၍ရသော တည်းခိုခန်းရောက်တော့မှပင် စိတ်သက်သာရာ ရကြလေတော့သည်။ ထူးဆန်းသောအချက်မှာ သရဖူတည်းခိုစားသောက်ဆိုင်တွင် ယောကျာ်းများမတွေ့ရပဲ အမျိုးသမီးများသာ ရှိကြလေသည်။

ထိုအမျိုးသမီးများမှာလည်း အသက်အရွယ်မကြီးလှပဲ အသက်(၂၀)ဝန်းကျင်သာ ရှိကြသူများ ဖြစ်ကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

စားသောက်ခန်းမှာ တာဝန်ယူနေသူများ၊ တည်းခိုဆောင်များမှာ ဝေယျာဝစ္စ ဆောက်ရွက်ပေးနေကြသူများ၊ နောက်ဆုံး သန့်ရှင်းရေးဆောင်ရွက်ပေးနေသောသူများအထိ အမျိုးသမီးများသာပင် ဖြစ်ကြလေသည်။

ရှိကြသော အမျိုးသမီးများလည်း သာမန်မဟုတ်ပဲ ချောမောလှပကာ ဆွဲဆောင်မှုရှိကြသူများ ဖြစ်ကြလေသည်။ ထိုအခြေအနေကို မြင်သောအခါ ကျော်စွာက ပြောသည်။

"ဒီတည်းခိုဆောင်မှာ ယောကျာ်းတွေတစ်ယောက်မှ မတွေ့ရဘူးဆရာ၊ မိန်းကလေးတွေချည်းပဲ တွေ့ရတယ်၊ ကျွန်တော်တို့ မိန်းမလှကျွန်းကိုများ ရောက်နေတာများလား"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"ဒါမျိုးတွေက ကမ္ဘာပေါ်မှာ နေရာအနှံ့အပြား ရှိနေကြတာပါပဲ ကိုကျော်စွာရယ်"

ထိုသို့ပြောဆိုပြီး ညစာစားသောက်ပြီးနောက် မိမိတို့ရထားသော အခန်းများသို့မဝင်မီ လေသာဆောင်မှာ ချထားသော ကုလားထိုင်များတွင် ထိုင်နေကြစဉ် . . သူတို့ရှိရာသို့ အမျိုးသမီးသုံးယောက် ရောက်လာလေသည်။

ပိုးသားကဲ့သို့ ပါးလွှာသောအဝတ်များကို ဝတ်ဆင်





ထားကြသောကြောင့် ၎င်းတို့ပင်ကိုယ်အလှများကို အတိုင်းသားပင် တွေ့မြင်ကြရသည်။

"ကျွန်မတို့သုံးယောက်က မိုင်လစ်တာ နတ်ဘုရားကျောင်းမှာရှိတဲ့ ဗီးနပ်(စ်)နတ်ဘုရားမရဲ့ ကျေးကျွန်တွေဖြစ်ကြပါတယ်၊ နတ်ဘုရားကျောင်းအတွက် အလုပ်လုပ်ပေးဖို့ တာဝန်ကျနေတဲ့ သူတွေဖြစ်ပါတယ်ရှင်"

ဟု ပြုံးရွှင်သောမျက်နှာ၊ ချိုသာသောအသံမျိုးဖြင့် ပြောလေသည်။

"နတ်ဘုရားကျောင်းမှာ ဘယ်လိုတာဝန်တွေယူပြီး ဘယ်လိုအလုပ်မျိုးတွေ လုပ်ပေးရတာလဲ"

ဒေါက်တာမင်းထင်ကျော်က ၎င်းတို့နားလည်သော ဘာသာစကားဖြင့် ပြန်မေးလိုက်သည်။

"ဒီရွာမှာနေကြတဲ့ အပျိုစင်တွေမှန်သမျှ ဗီးနပ်စ်နတ်ဘုရားမရဲ့ကျေးကျွန်တွေ ဖြစ်ကြပါတယ်၊ ဒါကြောင့် အလှည့်ကျ မိုင်လစ်တာနတ်ဘုရားကျောင်းအတွက် တာဝန်ထမ်းဆောင်ပေးကြရပါတယ်"

"ဘယ်လိုတာဝန်မျိုးလဲ"

"ဧည့်သည်တွေနဲ့ တစ်ညတာ ပျော်ပါးပေးရပါတယ်၊ ရလာတဲ့ငွေကို ဘုရားကျောင်းမှာ လှူပေးရပါတယ်"

"တခြားနည်းနဲ့ ငွေရှာပြီး လှူလို့မရဘူးလား"

"မိန်းမပျိုတစ်ယောက်ရဲ့ ဘဝနဲ့အရင်းအနှီးပြုပြီး ရရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ငွေကြေးကသာ အမွန်မြတ်ဆုံးဖြစ်ပါတယ်၊ ကျွန်မတို့မျိုး နွယ်စုတွေအားလုံးက ဒီလိုပဲယုံကြည်ထားပြီး လုပ်ပေးကြရ တယ်."

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သွားသ ဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။ ဦးမင်းဟန်နှင့် ကျော် စွာတို့ကလည်း စိတ်ဝင်စားစွာဖြင့် နားထောင်နေကြလေ သည်။

"ဒီလိုပဲ လူတိုင်းလုပ်ပေးရသလား"

"အမျိုးသမီးတိုင်းတော့ လုပ်ပေးခွင့်မရကြပါဘူး၊ ရုပ် ဆိုးအကျည်းတန်တဲ့ မိန်းကလေးတွေကို ဧည့်သည်တွေက မနှစ်သက်တော့ အသုံးမပြုကြပါဘူး၊ အဲဒီလို မိန်းကလေးတို့ ဘယ်ယောကျာ်းကမှ စိတ်မဝင်စားတော့ပဲ ဝိုင်းပယ်ထားကြ ပါတယ်၊ တချို့ အဲဒီလို ဝိုင်းပယ်ခံရတာကို နာကျည်းပြီး ကိုယ့် ဖာသာသတ်သေသွားကြတဲ့သူတွေ အများကြီးရှိပါတယ်"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းချလိုက်လေ သည်။ ကမ္ဘာပေါ်မှာ ဓလေ့အမျိုးမျိုး၊ ထုံးစံအမျိုးမျိုး ရှိကြပေ ရာ. . ယခုလိုဓလေ့မျိုးများလည်း ရှိနေကြသည်မှာ ထူးဆန်း သည်တော့ မဟုတ်ပေ။

"ဒါထက် ငါတို့က အလိုမရှိလို့ ငြင်းပယ်လိုက်ရင် မင်းတို့ဘယ်လိုဖြစ်ကြမလဲ"

ထိုသို့မေးလိုက်ရာ အမျိုးသမီးသုံးယောက်စလုံး





ကျ်နှာပျက်သွားကြလေသည်။

"ဒီလိုငြင်းပယ်ခံရရင်တော့ ဘုရားကျောင်းကလူတွေ က ကျွန်မတို့သုံးယောက် တာဝန်မကျေတဲ့သူတွေအဖြစ် သတ်မှတ်ကြပါလိမ့်မယ်၊ သူတို့ကဒီအကြောင်းကို ပြောလိုက် တဲ့အခါ တစ်ရွာလုံးက ဝိုင်းပယ်ခြင်းကိုခံကြရပါလိမ့်မယ်"

ထို့ကြောင့် နောက်ထပ်သက်ပြင်းတစ်ချက် ချလိုက် လေသည်။

ထိုအခါ ရှေးဟောင်းသုတေသန ပညာရပ်အတော် များများကို နှံ့စပ်ကျွမ်းကျင်သော ဦးမင်းဟန်က မြန်မာဘာ သာစကားဖြင့် ပြောပြလေသည်။

"ဒီအယူအဆ၊ ဓလေ့ထုံးစံတွေက အီဂျစ်မှာ ဟိုးနှစ် ပေါင်းများစွာကတည်းက ရှိခဲ့တာတွေပဲ၊ ကျွန်တော်က ဒီ လောက်နှစ်ပေါင်းကြာတော့ ပပျောက်သွားပြီလို့ ထင်နေတာ၊ ခေတ်မီတိုးတတ်တဲ့ မြို့ကြီးတွေမှာ မရှိသလောက်နည်းသွား ပေမယ့် ဒီလိုခေါင်လှတဲ့ အရပ်ဒေသတွေမှာတော့ ရှိနေသေး တာကိုး"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲဆရာ"

"ဒီအရပ်ဒေသတွေမှာ ဘာသာရေးနဲ့ပတ်သက်လာ ရင် အယူသီးတဲ့သူတွေ၊ အစွန်းရောက်တဲ့သူတွေ အများကြီးရှိ တယ်၊ သူတို့ကို ဒီအတိုင်းပြန်လွှတ်လိုက်ရင် ဒုက္ခပေးသလို ဖြစ်လိမ့်မယ်၊ သူတို့ကိုခေါ်ထားပြီး ကျွန်တော်တို့ သိချင်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေ မေးကြရင် ကောင်းမယ်"

ဦးမင်းဟန်က လူကြီးပီပီ ရှေ့နောက်တွေးပြီး ပြောရာ ဒေါက်တာမင်းထင်ကျော်တို့ကလည်း လက်ခံကြလေသည်။

ထို့နောက် ညဦးပိုင်းအချိန်ရောက်တော့မှာ မိန်းကလေးသုံးယောက်ကို တစ်ယောက်စီခေါ်ကာ မိမိတို့အခန်းတွင်းသို့ ဝင်ကြလေသည်။

ဒေါက်တာမင်းထင်ကျော် ခေါ်သွားသော အမျိုးသမီးအမည်မှာ မာရီယာဖြစ်ကြောင်း နောက်မှသိရလေသည်။ သူမ သည် ချောမောလှပသူတစ်ဦးဖြစ်ပြီး သင့်တော်သလောက် ပညာတတ်သူတစ်ဦးလည်းဖြစ်သည်။

အခန်းထဲရောက်မှ ဒေါက်တာမင်းထင်ကျော်က မေးသည်။

"မင်းနာမည် ဘယ်သူလဲ"

"မာရီယာလို့ ခေါ်ပါတယ်"

"မင်းကိုခေါ်လာပေမယ့် လက်ဖျားနဲ့တောင် မထိပါဘူး၊ ငါတို့အရှေ့တိုင်းသားတွေက အမျိုးသမီးတွေကို တန်ဖိုးထားတတ်ကြပါတယ်"

ထိုစကားကြားတော့ မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေလေသည်။

"ငါမင်းကိုခေါ်လာတာ မင်းတို့ရဲ့ အခက်အခဲကို အကူအညီပေးတဲ့အနေနဲ့ ခေါ်လာတာပါ၊ အပြင်မှာတုန်းကမင်းတို့သုံးယောက်ရဲ့ အခြေအနေကို တစ်နေရာက စောင့်ကြည့်နေကြတယ် မဟုတ်လား"

"ရှင်ဘယ်လိုသိတာလဲ"

"ငါသိပါတယ်၊ ဒါကြောင့်ခေါ်လာတာပါ"

"ဟုတ်ပါတယ်. . ဘုရားကျောင်းက လူတွေပါ၊ မအောင်မြင်ရင် အပြစ်ပေးဖို့ စောင့်ကြည့်နေကြတာပါ"

"စိတ်မပူပါနဲ့ ငါတို့ကထုံးစံအတိုင်းပဲ ငွေပေးပါမယ်၊ မင်းက ငါသိချင်တဲ့အကြောင်းတွေကိုသာ ပြောပြပေးပါ"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ရှင်၊ ဒါထက် ရှင်က ဘယ်လိုအကြောင်းတွေ သိချင်တာလဲ"

"မင်းတို့ရဲ့ ဓလေ့ထုံးစံအဟောင်းတွေအကြောင်းကို သိချင်ပါတယ်၊ မင်းသိသမျှ ပြောပြပေးပါ"

"ဒီအကြောင်းတွေကိုတော့ နည်းနည်းပဲသိပါတယ်ရှင်၊ ကျွန်မသိသမျှတော့ ပြောပြပေးပါ့မယ်"

ထိုညက ဒေါက်တာမင်းထင်ကျော်က မာရီယာဆိုသော မိန်းမချောလေးထံမှ သူသိလိုသောအကြောင်းများကို မေးမြန်းကြည့်လေသည်။

မိန်းကလေးများနှင့်ပတ်သက်သော ဓလေ့ထုံးစံဟောင်းများအပြင် ထိုဒေသမှာရှိ သချိုင်းဂူများအကြောင်းကိုပါ မေးမြန်းကြည့်လေသည်။

"ဒီဒေသမှာတော့ ဖာရိုးဘုရင်တွေရဲ့ သချိုင်းဂူနေရာ







www.burmeseclassic.com

www.burmeseclassic.com



ဟောင်းတွေ အများကြီးရှိပါတယ်၊ ရှင်သိချင်တဲ့ အမှတ်သ
သိုးမက်စ် သချိုင်းတွေအကြောင်းတော့ ကျွန်မသိပ်မသိဘူး
ဒါပေမယ့်"

သူမက စကားမဆက်သေးပဲ စဉ်းစားနေလေသည်။

"ဆက်ပြောပါဦး"

"အဲဒီနေရာတွေအကြောင်းကို ကောင်းကောင်းသ
တဲ့ လူတစ်ယောက်တော့ရှိတယ်"

"သူကဘယ်သူလဲ"

"သူ့နာမည်က မာမက်လို့ခေါ်ပါတယ်၊ ကျွန်မရဲ့အစ်
ကိုတစ်ယောက်ပါပဲ၊ သူကလမ်းပြလည်းလိုက်တယ်၊ သချိုင်း
စောင့်တွေနဲ့လည်း ခင်မင်ရင်းနှီးမှုရှိတယ်၊ နေရာတွေအတော်
များများကိုလည်း သိပါတယ်"

ဟု ပြောပြသည်။

"ငါတို့က အဲဒီနေရာတွေကို လေ့လာရေးသွားမလို့
လာကြတာပါ၊ သူ့ကိုလမ်းပြခေါ်သွားချင်တယ် ရနိုင်မလား"

"ကျွန်မ ပြောပေးပါ့မယ်၊ သူလိုက်မယ်ဆိုရင် မနက်
ဖြန် ဒီနေရာကို ရောက်လာပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်ကွာ"

ထိုသို့ ပြောနေရင်းနှင့် ညဥ့်နက်ပိုင်းအချိန်သို့ ရောက်
လာလေသည်။

တည်းခိုဆောင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်





သက်နေလေသည်။ ထိုအချိန်မှာပင် မာရီယာအိပ်ယာပေါ်
မှာ လဲလျောင်းနေရင်းမှပြောသည်။

"တစ်ညလုံးရှင်က ကျွန်မကိုလက်ဖျားနဲ့တောင် မထိ
ထားတာကို ဘယ်သူမှ မမြင်ဘူး၊ မသိဘူးဆိုပေမယ့် နတ်
ဘုရားမကတော့ မြင်မှာသိမှာပဲ"

ဟု ပြောဆိုကာ သက်ပြင်းချလိုက်သည်။

"ဒီလိုမြင်တော့ ဘယ်လိုဖြစ်သလဲ"

"ကျွန်မတို့ အပျိုစင်ဘဝကိုရင်းပြီးရရှိတဲ့ငွေနဲ့ ဘုရား
ကျောင်းလှူတော့ ကုသိုလ်ကောင်းကျိုးတွေ အများကြီးရတာ
ပေါ့၊ တခြားနည်းနဲ့ ရှာဖွေလို့ရတဲ့ငွေကြေးက ကိုယ်ခန္ဓာနဲ့ရင်း
ပြီးရတဲ့ငွေလောက် ဘယ်မှာအကျိုးရနိုင်ပါမလဲ"

သူမ့အသံမှာ စိတ်ပျက်အားလျော့နေသော အသံ
မျိုး ဖြစ်လေသည်။ ဘာသာရေးနှင့်သက်ဆိုင်သော အယူသီး
မှုများ၊ နတ်တို့နှင့်သက်ဆိုင်သော အယူစွဲမှုများမှာ ယဉ်ကျေး
မှုတစ်ခုကို ဖျက်ဆီးတတ်ကြပေသည်။

မာရီယာတို့လို မိန်းမချောကလေးများမှာ လွဲမှားနေ
သော အယူမှားများကြောင့် ဘဝပေါင်းများစွာတို့ကို စတေး
ပစ်ကြရလေသည်။

မိခင်ဝမ်းမှ ကျွတ်ကတည်းက အသည်းနှလုံးနှင့် ဦး
နှောက်အတွင်းသို့ လွဲမှားသောအယူအဆများ၊ ရိုက်သွင်း
ခြင်းခံခဲ့ရပေရာ ယခုလိုအရွယ်ရလာသော အချိန်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



သံတိုင်ကျောက်တိုင်ကဲ့သို့ ခိုင်မြဲနေကြပေပြီ။ ယခုလိုအခြေအ နေမျိုး၊ အချိန်မျိုးရောက်မှတော့ ရှောင်လွှဲ၍ မရကြတော့ ပေ။

နတ်ဘုရားမရှိသောဘုရားကျောင်းကို မိမိကိုယ်ခန္ဓာ ကို ပြည့်တန်ဆာကဲ့သို့ အရင်းအနှီးပြုလုပ်ကာ ရှာဖွေရ သောငွေဖြင့် လျှို့မှ မွန်မြတ်သည်ဟု အယူအဆများ ရှိနေသ ရွေ့တော့ ၎င်းတို့အနေဖြင့် ထိုသံသရာမှ လွတ်ကင်းနိုင်ကြ တော့မည် မဟုတ်ပေ။

တစ်ကမ္ဘာလုံးမှာလည်း လွဲမှားသော အယူအဆ များကြောင့် ဘဝပျက်ကြရသော၊ ဒုက္ခရောက်နေကြသူပေါင်း မရေတွက်နိုင်အောင်ပင် ရှိနေကြပေသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းမီးကိုပိတ်ကာ မာရီယာနံဘေးသို့ ဝင်လှဲချလိုက်လေသည်။

သူလည်းဘာမှမတတ်နိုင်တော့ပါချေ။









## အခန်း (၅)

# ကမ္ဘာတစ်ဝှမ်းမှ ရှေးဟောင်းအယူအဆများ

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်တော့ သုံး ယောက်သား စားသောက်ခန်းတွင် ပြန်ဆုံကြသည်။ သရဖူ တည်းခိုစားသောက်ဆိုင်မှာ သီးခြားနေရာမှာ ဖွင့်ထားသော ကြောင့် လူမရှုပ်လှပေ။ တည်းခိုနေထိုင်သူလည်း သိပ်မများ လှပေ။ ထို့ကြောင့် လွတ်လပ်စွာပင် နေထိုင်ခွင့်ရကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ပိုင်းအချိန်ရောက်တော့ မာရီယာတို့သုံးယောက်ကို မတွေ့ရတော့ပေ။ နတ်ဘုရားကျောင်းပဲ သွားကြလေသလား။ နေအိမ်ကို ပြန်သွားကြလေသလားတော့ မသိကြတော့ပေ။ ဒေါက်တာမင်းထင်ကျော်ကတော့ စားရင်းသောက်ရင်းနှင့် မာရီယာ ပြောပြသွားသော လမ်းပြပေးနိုင်သည့် မာမက်ဆိုသူအလာကိုစောင့်ရင်း စကားပြောနေကြသည်။

"တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ဒီအရပ်ဒေသတွေမှာရှိတဲ့ ဓလေ့ဆန်းတွေကလည်း အတော်စိတ်ဝင်စားဖို့ ကောင်းတာပဲ"

ဟုကျော်စွာကပြောသည်။ ထိုအခါ ဦးမင်းဟန်က. .

"တစ်ကမ္ဘာလုံးမှာတော့ သူ့နေရာနဲ့သူ ဓလေ့ဆန်းတာတွေ အများကြီးရှိကြပါတယ်"

ဟုပြောပြသည်။

"ဘယ်လိုမျိုးတွေလည်းဆရာရဲ့ ပြောပြပါဦး"

"ဒီမှာက ကိုယ်ခန္ဓာကိုအရင်းအနှီးလုပ်ပြီး ဘုရားကျောင်းလှူတယ်ဆိုတာ တော်သေးတာပေါ့၊ တချို့နေရာတွေမှာ ဒီထက်ပိုပြီး ကြောက်စရာကောင်းတာမျိုးတွေ ရှိသေးတယ်"

ဟုအစချီကာ အောက်ပါအကြောင်းအရာများကို ပြောပြလေသည်။





ယခုဖော်ပြမည့် အကြောင်းအရာများသည် ဒေါက်တာဖာနန်ဒိုဟင်နရီကျူး(စ)အမ်အေ (Dr.FERN -ANDO HENRIQUES.M.A, Lecture in Social Anthropology, Leeds University ) " STEWS AND STRUMPENTS " (A Survey of Prostition ) စာအုပ်မှ "နတ်ဘုရားမများ၏ အချစ်ကျေးကျွန်မများ" အခန်းကို ကောက်နှုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

လူ့ဘောင်ကြီးထဲတွင် ပြည့်တန်ဆာလောကဟူ၍ တစ်ကဏ္ဍတည်ရှိနေရခြင်းအကြောင်းကို ခေတ်အဆက်ဆက်တွင် တည်ရှိခဲ့သည် ပြည့်တန်ဆာလောကအား လေ့လာချက် တစ်စိတ်တစ်ပိုင်းဟု ဆိုနိုင်ပါသည်။

ပြည့်တန်ဆာလောကသည် မြို့ကြီးများ၏ ခြင်းရာလက္ခဏာတစ်ခုဟု လူအများက ယူဆတတ်ကြသည်။

တစ်ကမ္ဘာလုံးတွင်မူ ပြည့်တန်ဆာလောကသည် မြို့ကြီးများနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ အခြားအခြားသော ကဏ္ဍများနှင့် သက်ဆိုင်အကြုံးဝင်နေတတ်သည်။

ဥရောပတိုက်သားတို့၏ စိတ်နေသဘောထားအရ ဘုရားတရားအားကိုးကွယ် ကိုင်းရှိုင်းခြင်းကိစ္စ၌ ကာမကိလေသာကိစ္စ အကြုံးဝင်စေခြင်းသည် ဘုရားတရားကို စော်ကားရာရောက်နေပေသည်။

သို့သော် ဘုရားတရားကိစ္စတွင် ကိလေသာ ကာမ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို လုံးလုံးလျားလျားခြားနား ကွဲပြားမှုမထားသည့် ဘာသာရေး ယဉ်ကျေးမှုများကလည်း ရှိနေပေသည်။

ဥပမာအားဖြင့် ရှေးဟောင်းဂရိ(ခေါမ)များအတွက် ဖိုနှင့်မ ကာမစပ်ယှက်ခြင်းအမှုကို ဘာသာကိုးကွယ်မှုတစ်ရပ် အဖြစ်နှင့်ပင် အသိအမှတ်ပြုထားခဲ့ကြသည်။

ဤသို့သောဘာသာရေးယဉ်ကျေးမှုကို လက်ခံထားသည့်လောကတွင် ပြည့်တန်ဆာလုပ်ငန်းသည် ၎င်းတို့ယုံကြည်ကိုးကွယ်သော နတ်ဘုရားများအား ကိုးကွယ်ဝတ်ပြုရာ၌ အရေးပါအရာရောက်ဆုံးသော အစိတ်အပိုင်းကဏ္ဍတစ်ရပ်လည်း ဖြစ်ခဲ့ပေသည်။

ရှေးဟောင်းဂရိ(ခေါမ)တို့၏ ယဉ်ကျေးမှုတွင် ဘုရားကိုးကွယ်ခြင်းနှင့် လိင်ကိစ္စသည် ပူးတွဲဆက်သွယ်လျက်သာ ရှိနေခဲ့၏။

ထိုသို့သော အခြင်းအရာကို လက်ခံကြသည့် နယ်ပယ်များကား မြေထဲပင်လယ်အပိုင်းတွင်ရှိ အချို့သော တိုင်းပြည်များနှင့် အာရှငယ်(အေးရှားမိုင်နာ)၊ အာဖရိကအနောက်ပိုင်းနှင့် အိန္ဒိယပြည်တောင်ပိုင်းတို့ပင် ဖြစ်ကြလေသည်။

ဘုရားကျောင်းများ၊ ကိုးကွယ်ဝတ်ပြုရာနေရာဌာနများတွင် ပြည့်တန်ဆာလောကကို ဖန်တီးလက်ခံထားခြင်းကို နှစ်မျိုးနှစ်စား ခွဲခြားသတ်မှတ်နိုင်သည်။

ပထမအမျိုးအစားမှာ တစ်ဦးတစ်ယောက်သော မိန်းမသည် ဘုရားကျောင်းတွင် သွားရောက်နေထိုင်ပြီး ပြည့်တန်ဆာအမှုတစ်ခုကို ဘာသာရေး ဝတ္တရားအနေဖြင့် ပြုလုပ်ရပြီး ထိုသည့်နောက်တွင်မှ အိမ် ထောင်ပြုခြင်းပင် ဖြစ်လေသည်။ ဤသည်ကို 'ပန်းဦးဆက်ခြင်း'ဟု ဆိုနိုင်ပေမည်။

ဒုတိယအမျိုးအစားမှာ တစ်စုံတစ်ယောက်သော မိန်းမကို ဘုရားကျောင်း၏ ပြည့်တန်ဆာမတစ်ဦးအဖြစ် အပြီးအပိုင် အပ်နှံထားခြင်းမျိုးဖြစ်သည်။

ဤသို့ အမျိုးသမီးတစ်ဦးအနေဖြင့် ဘုရားကျောင်းတွင်သွားရောက်၍ ပြည့်တန်ဆာလုပ်ရသည့် အချိန်ကာလမှာ တစ်ခါတစ်ရံတွင် အပိုင်းအခြားသတ်မှတ် ထားသော်လည်း အများအားဖြင့်မူ သူမ၏ သက်ဆုံးတိုင်ပင် ဖြစ်တတ်ပေသည်။

ဖော်ပြခဲ့သည့် ပထမအမျိုးအစားနှင့်ပတ်သက်သည့် ဥပမာသာဓက တစ်ခုကို ဟီရိုဒိုတပ်(စ) (Herodotus)က မိုင်လစ်တာဘုရားကျောင်းနှင့်ပတ်သက်၍ ရေးသားဖော်ပြထားချက်တွင် တွေ့နိုင်သည်။

ခရစ်မပေါ်မီခေတ်ကာလက အာရှငယ်(အေးရှားမိုင်နာ)တွင် ထူထောင်ခဲ့သည့် ဒရာမနိုင်ငံကြီးတစ်ခုဖြစ်သော ဘေဘီလုံပြည်သားများတွင် အလွန်ရှက်ဖွယ်ကောင်းသော ဓလေ့ထုံးစံတစ်ခု ရှိခဲ့သည်။

တိုင်းပြည်တွင် မွေးဖွားသမျှ မိန်းမတိုင်းသည် သူမ၏







www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တာ၌ တစ်ကြိမ်တစ်ခါမျှ ဗီးနပ်(စ)နတ်ဘုရားကျောင်းဝိုင်းအတွင်းသို့ သွားရောက်ကာ တစိမ်းယောကျာ်းတစ်ယောက်နှင့် ကာမစပ်ယှက်ခြင်းအမှု ပြုရသည်။

ကြွယ်ဝချမ်းသာသော အမျိုးသမီးများသည် သာမန်မိန်းမများနှင့် ရောနှောဆက်ဆံခြင်းကို မလိုလားကြရကား ခြွေရံသင်းပင်းများနှင့်အတူ ဖုံးကာထားသော ယာဉ်ရထားများနှင့် ဘုရားကျောင်းသို့သွားရောက်ကြကာ ၎င်းတို့၏နေရာများကို ရွေးချယ်ယူငင် စောင့်စားကြလေသည်။

သာမန်မိန်းမများကမူ ဘုရားကျောင်းဝိုင်းအတွင်းဝယ် ဦးခေါင်းများတွင် ကြိုးခွေများရစ်သိုင်းကာ အချင်းချင်းရောနှော၍ ထိုင်စောင့်နေတတ်ကြသည်။

ဤသို့ဖြင့် ဘုရားကျောင်းဝိုင်းအတွင်းတွင် လူများစည်ကားလျက်ရှိသည်။ ယောကျာ်းများသည် စောင့်စားနေသော မိန်းမများအနီးတဝိုက်တွင် လှည့်လည်လမ်းသလားကာ မိမိတို့စိတ်ကြိုက်ကို ရွေးချယ်တတ်ကြသည်။

ဤသို့ဘုရားကျောင်းဝိုင်းအတွင်းဝယ် နေရာယူပြီးသည့်အခါတွင် အကြင်မိန်းမတစ်ယောက်သည် ယောကျာ်းတစ်ယောက်က သူမအား အသပြာတစ်ပြားတစ်ချပ်ပေးပြီး ကျောင်းဝိုင်းအပြင်ဘက်သို့ ကာမစပ်ယှက်ရန် ခေါ်မသွားသ၍ ဘုရားကျောင်းဝိုင်းအတွင်းမှ ပြန်ထွက်ခွင့်မရကြတော့ချေ။





အကြင်ယောကျာ်းတစ်ယောက်က အကြင်မိန်းမတစ်ယောက်အား အသပြာပစ်ပေးသည့်အခါတွင်. . .

"သင့်အား နတ်ဘုရားမ မိုင်လစ်တာက ချမ်းသာကြွယ်ဝအောင် စောင်မပါစေ"

ဟူသောစကားကို ရွတ်ဆိုရ၏။

"မိုင်လစ်တာ" ဟူသည်မှာ ဘေလီလုံပြည်သားများက ဗီးနပ်(Venus)နတ်ဘုရားမအားခေါ်သည့် အမည်ဖြစ်သည်။

ပေးသည့်အသပြာငွေသည် မည်မျှပင်နည်းပါးစေကာမူ အပေးခံရသော မိန်းမက မငြင်းပယ်ရဘဲ လက်ခံရသည်သာဖြစ်သည်။ အကြောင်းမူ ထိုအသပြာငွေသည် ပေးပြီးသည့်နောက် ဘာသာရေးအရ မွန်မြတ်သည့်ပစ္စည်းတစ်ခု ဖြစ်သွားသောကြောင့်ပေတည်း။

အသပြာငွေ အပေးခံရသောမိန်းမသည် သူမအား အသပြာငွေထုတ်ပေးသော ပထမဦးဆုံးယောကျာ်းနှင့် လိုက်သွားရသည်။ သူမအနေဖြင့် မည်သူပင်ဖြစ်စေကာမူ မငြင်းပယ်ရချေ။

သူမသည် ထိုယောကျာ်းနှင့် လိုက်ပါသွားရပြီး ၎င်း၏အလိုကို ဖြည့်စွက်ပေးလိုက်ခြင်းအားဖြင့် နတ်ဘုရားမ၏အလိုကိုပါ ဖြည့်စွက်ပေးရာရောက်သဖြင့် ကိစ္စပြီးစီးပါက သူမသည် အိမ်သို့ပြန်ခွင့်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်တွင်မှ သူမသည် မည်သူက အသပြာ မည်မျှများများပေးပေး၊ လက်ဆောင်ပဏ္ဏာမည်မျှ ကောင်းကောင်းပေးစေကာမူ လက်မခံတော့ချေ။

ရုပ်ဆင်းအင်္ဂါ ချောမောလှပသော မိန်းမများသည် နတ်ဘုရားကျောင်းဝင်းအတွင်းဝယ် ကြာမြင့်အောင် စောင့်စားမနေရဘဲ အလွယ်တကူပင် နတ်ဘုရားမ၏ဆန္ဒကို ဖြည့်စွမ်းနိုင်ကာ အိမ်သို့ပြန်နိုင်ကြ၏။

သို့သော်လည်း အရုပ်ဆိုးသည့် မိန်းမများမှာမူကား သူမအား အသပြာပေး၍ ဆက်ဆံမည့်ယောက်ျားကို ကြာမြင့်စွာ စောင့်စားနေရတတ်ပြီး တော်တော်နှင့်ဝဋ်ဒုက္ခမကျွတ်နိုင်ကြပေ။

အချို့မိန်းမများသည် မိမိအလှည့်ကို စောင့်ဆိုင်းရင်း ဘုရားကျောင်းဝိုင်းအတွင်းဝယ် လေးငါးနှစ်မျှပင် စောင့်ကြရလေသည်။ ထိုသို့သော ဓလေ့ထုံးစံမျိုးကို ဆိုက်ပရပ်(စ)ကျွန်း၏ အချို့သောအရပ်ဒေသများ၌လည်း တွေ့ရတတ်လေသည်။

ဟီရိုဒိုတပ်(စ်)က ထိုဓလေ့ထုံးစံကို လိုက်ကြရသော ဘေဘီလုံအမျိုးသမီးများသည် အပျိုစင်များသာ ဖြစ်သလော၊ သို့မဟုတ် အိမ်ထောင်ရှင်အမျိုးသမီးများပါ ပါဝင်လေသလောဆိုသည့်အချက်ကို ဖော်ပြထားခြင်းမရှိပေ။

သို့ရာတွင် ရှေးဟောင်းဆီးရီးယား(Syria) ပြည်ရှိ





ဟီသီယိုပိုးလစ်(စ)နှင့် ကား(လ)ဘက်မြို့များ၌ ထိုဓလေ့ထုံးစံကို လိုက်နာရသည့် အမျိုးသမီးများမှာမူကား မိမိတို့၏အပျိုစင်ဘဝကို ထိုနည်းအားဖြင့် စွန့်လွှတ်ကြရလေသည်။

ထိုအချက်ကို ခေါမရာဇဝင်ဆရာကြီး ဆိုကရေးတီးက ရေးသားဖော်ပြထားခြင်း ဖြစ်ပေသည်။ ခရစ်ယာန်ရာဇဝင်ဆရာကြီးတစ်ဦးဖြစ်သူ ဆိုဇိုမင်း (SOZOMEN)ကမူ ထိုကဲ့သို့သော ပြည့်တန်ဆာအမှုကိစ္စသည် ၎င်းတို့၏ ဘာသာရေးအားဖြင့် မည်သို့သက်ဆိုင်အကြုံးဝင်သည်ကို အောက်ပါအတိုင်းဖော်ပြထားသည်။

လိုင်ဘားနတ်(စ)တောင်အနီးတွင်ရှိသော ဟီသီယိုပိုးလစ် မြို့သူမြို့သားများနှင့် ဆီးရီးယားပြည်ရှိ အရီသုဓမြို့သူမြို့သားများသည် ရက်စက်ကြမ်းကြုတ်သော အမှုများကို ပြုလုပ်တတ်ကြသည်။

ဟီသီယိုပိုလစ်မြို့သူမြို့သားများ၏ ပြုမူချက်သည် များစွာပင် ရိုင်းစိုင်းကြမ်းကြုတ်လှပေရာ မျက်မြင်သက်သေများရှိသဖြင့်သာ ယုံကြည်လက်ခံရပေသည်။

၎င်းတို့သည် ယင်ဖိုမှမသန်းဘူးသေးသော အပျိုစင်များကို ဝစ်လစ်စလစ်ဖြစ်အောင် အဝတ်များကိုချွတ်ပစ်ကြပြီး လူအများရှေ့တွင် ကိုယ်လုံးတီးရပ်စေလျက် လူများစွာတို့၏ ပြောင်လှောင်သရော်မှုကို ခံယူစေ၏။

ထိုအပျိုစင်များမှာ တစ်စုံတစ်ခုသော ပြစ်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းသို့ ယဇ်နတ်ပူဇော်ခြင်း ခံထားရသူများ ဖြစ်သည်။

ထိုအပျိုစင်များကို လူထုက အမျိုးမျိုးဝိုင်းဝန်းစော်ကားကြပြီးသည့်နောက်တွင် ၎င်းတို့၏ရင်များကိုခွဲလျက် ဝက်စာများကို ရင်ထဲသို့ သွတ်သွင်းလိုက်ကြသည်။ ပြီးလျှင် ဝက်များ၏ရှေ့တွင် ဝက်စာအဖြစ် ချကျွေးလိုက်ကြသည်။

ဝက်များသည် ၎င်းတို့၏ အစာများနှင့်အတူ မိန်းမပျိုများ၏ရင်တွင်းမှ အသဲကလီစာများကို စားပစ်လိုက်ကြသည်။

ထိုသို့ အပျိုစင်များအား ရက်စက်ရိုင်းစိုင်းစွာ ပြုကျင့်ကြခြင်းမှာ လက်စားချေလိုသော ရည်ရွယ်ချက်ကြောင့် ဖြစ်နိုင်ပေသည်။

အကြောင်းမှာ မင်္ဂလာဦးညများ၌ ပန်းဦးဆက်ရသော ရှေးဟောင်းထုံးဓလေ့ကို ပယ်ဖျက်လိုက်ခြင်းအား မကျေနပ်သောကြောင့် ဖြစ်လေသည်။

ဤရက်စက်ကြမ်းကြုတ်သောအကျင့်ကို ခရစ်ယာန်ဘာသာကိုးကွယ်သည့် ကွန်စတင်တိုင်ဘုရင် နန်းတက်လာသည့်အခါတွင်မှ ပယ်ဖျက်လိုက်ကာ ဟီလီယိုပိုးလစ်ရှိ ယဇ်နတ် နတ်ဘုရားမ၏ နတ်ဘုရားကျောင်းကို ဖြိုဖျက်ချလိုက်ပြီး ၎င်းနေရာတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီး တစ်ခု တည်ဆောက်ခဲ့လေသည်။





အထက်ပါ ဖော်ပြချက်ကို ထောက်ထား၍ အပျိုစင်များ (PHOENICIAN) သည် မိမိတို့ လက်မထပ်မီ၌ သူစိမ်းယောကျာ်းတစ်ဦးအား အပျိုပန်းဦးဆက်ရသော ဓလေ့ထုံးစံကို လိုက်နာခဲ့ရကြောင်း ဖော်ပြနေပေသည်။

ထိုသို့သော ယုံကြည်မှုများနှင့်ဆက်စပ်၍ ဖော်ပြပါဦးမည်။

ခရစ်တော်မပေါ်မီ သုံးရာစုနှစ်၌ နေထိုင်ခဲ့သော အေလီယန် (AELIAN)သည် ၎င်း၏ ဗာရီယားဟစ်တိုရီးယား (Viria-historia) ကျမ်းတွင် ထိုသို့သော အကျင့်ဓလေ့နှင့်များစွာတူညီသော အကျင့်ဓလေ့မျိုးကို . . လိုင်ဒီးယားပြည် (LYDIA) ၌ လိုက်နာကျင့်သုံးခဲ့ကြကြောင်း ဖော်ပြထားလေသည်။

ထိုပြည်၌လည်း ဟီသီယိုပိုလစ်နှင့် မိုင်လစ်တာမှာကဲ့သို့ အပျိုကညာပန်းဦးဆက်ရသောဓလေ့ကို ကျင့်သုံးခဲ့ကြ၏။ သို့သော်လည်း ထိုအကျင့်ဓလေ့ထုံးစံကို နောက်၌ ပယ်ဖျက်ခဲ့ကြပြီး အပျိုစင်ဘဝကို အထွဋ်အမြတ်ထားကြသည်။

ရှေးဟောင်း အာမေနီးယားလူမျိုးများသည် မိမိတို့၏မိန်းမများ လက်မထပ်မီ၌ ပြည့်တန်ဆာလုပ်ခိုင်းခြင်းဓလေ့ကို အချိန်ကြာကြာထားခဲ့ကြသည်။

အာမေနီးယားများသည် အားနိုင်းတစ်(စ)နတ်ဘုရားမအား ကိုးကွယ်ကြလေရာ သူမအားရည်မှုးလျက်



www.burmeseclassic.com

www.burmeseclassic.com



နေရာပေါင်းများစွာတွင် ဘုရားကျောင်းများ တည်ဆောက်ထားကြ၏။ အထူးသဖြင့် အက်စီလိုင်ဆင်းမြို့၌ ဘုရားကျောင်းပေါင်းမြောက်မြားစွာ ဆောက်လုပ်ခဲ့ကြသည်။

ထိုအရပ်တွင် နတ်ဘုရားမများအတွက် ယောကျ်ားနှင့်မိန်းမ ကျေးကျွန်များကိုလည်းအပ်နှံထားကြ၏။ ဤမလေ့ထုံးစံကား ထိုခေတ်ကာလအတွက် များစွာဆန်းကြယ်ခြင်းမရှိလှပေ။ ဂရိပြည်တွင်လည်း ထိုအတိုင်း ကျင့်သုံးခဲ့ကြသည်သာဖြစ်၏။

အာမေးနီးယားလူမျိုးစုများမှ ဂုဏ်အဆင့်အတန်းအမြင့်ဆုံးလူများသည် မိမိတို့၏ သမီးကညာများကို နတ်ဘုရားမ၏ ကျေးကျွန်များအဖြစ်နှင့် နတ်ဘုရားကျောင်းများ၌ သွားရောက်အပ်နှံထားကြကာ အချိန်ကာလကြာမြင့်စွာပင် ယောကျ်ားတကာနှင့် ဆက်ဆံစပ်ယှက်ရသော ပြည့်တန်ဆာများ လုပ်ခိုင်းထားကြသည်။

ထိုသို့ကြာမြင့်စွာ ဘုရားကျောင်းများ၌ ပြည့်တန်ဆာလုပ်ပြီးနောက်မှ သူမတို့သည် အိမ်ထောင်ပြုကြရ၏။ သို့သော် ထိုသို့သောမိန်းမများကို မည်သည့်ယောကျ်ားကမျှ မိမိနှင့် အဖက်မတန်ဟု ငြင်းပယ်ခြင်းမပြုကြဘဲ ကြည်ဖြူစွာ လက်ခံကြသည်သာ ဖြစ်လေသည်။

အဆိုပါမိန်းကလေးများသည် ဘုရားကျောင်းများ၌ ဤသို့ပြည့်တန်ဆာလုပ်နေကြရသည့်အတွင်း၌ပင် မိမိတို့နှင့်





ဆက်ဆံရသောယောကျ်ားများကို ကြည်ဖြူရက်ရောစွာ ဖြေဖျော်အသုံးတော်ခံကြရုံမျှမက လက်ဆောင်ပဏ္ဏာများ လဲလှယ်ကြရာတွင် မိမိတို့ရရှိသည်ထက်ပင် ပိုပိုသာသာ ပြန်လည်ပေးတတ်ကြသည်။

သို့သော် သူမတို့သည် လာသမျှယောကျ်ားကို လက်သင့်ခံတတ်သည်တော့ မဟုတ်ပေ။ မိမိတို့နှင့် ဂုဏ်ရည်တူ၊ အဆင့်အတန်းတူ ယောကျ်ားများကိုသာ ရွေးချယ်လက်ခံကြလေ၏။

သို့ဖြစ်၍ အာမေနီးယား ဓလေ့ထုံးစံသည် ဓလေ့ထုံးစံဟောင်းကို ပို၍ခေတ်မီစွာ ပြောင်းလွဲခဲ့ခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

ဘေဘီလုံတွင်မူကား အမျိုးသမီးများသည် မိမိတို့၏ စိတ်ကြိုက်ယောကျ်ားကို ရွေးချယ်ခွင့်မရကြဘဲ ပထမဦးဆုံး ရောက်လာ၍ ဆက်သွယ်သည့် ယောကျ်ားကိုသာ လက်ခံကြရပေသည်။

သို့သော်လည်း အာမေနီးယား အမျိုးသမီးများမှာမူကား မိမိနှင့်အဆင့်အတန်းတူ ယောကျ်ားကို စောင့်စားရွေးချယ်ခွင့်ရှိခြင်းသည် ဘေဘီလုံနှင့်ကွာခြားမှုရှိသည်။ လိုင်ဒီးယားပြည်၌လည်း အာမေနီးယားထုံးစံကို လိုက်နာကျင့်သုံးကြ၏။

ထရယ်လစ်(စ)မြို့၌ ရှာတွေ့သောကျောက်စာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တွင် "အော်ရီလီးယား အေမီလီယာ" အမည်ရှိသော အမျိုးသမီးတစ်ဦး၏ ရာဇဝင်ကို မှတ်တမ်းတင်ထားသည်။

အဆိုပါကျောက်စာအရ ထိုဓလေ့ထုံးစံသည် လိုင်ဒီးယားပြည်၌ (၂)ရာစုအထိပင် တည်မြဲလျက်ရှိနေကြောင်း သိရှိနိုင်ပေသည်။

ထိုကျောက်စာတွင်ပါသော အမျိုးသမီးမှာလည်း သူမ၏ လက်တင်ဘာသာအရ အမျိုးကောင်းသမီးဖြစ်ကြောင်း လေ့လာသိရှိရသည်။

သူမသည် နတ်ဘုရားအား သမီးကညာအဖြစ် ဆက်သပြီး ပြည့်တန်ဆာလုပ်ခိုင်းသော အကျင့်ဓလေ့ကို လိုက်နာသည့် အမျိုးအနွယ်မှ ဆင်းသက်လာသူဖြစ်ပြီး သူမကိုယ်တိုင်လည်း ထိုဓလေ့ထုံးစံကို လိုက်နာခဲ့ပေသည်။

ဆိုက်ပရပ်(စ)ကျွန်း၌မူ အချစ်နတ်ဘုရားမ အက်ဖရိုဒိုက်အား ကိုးကွယ်ရာဌာနဖြစ်ပေရာ ဆင်နိုင်ရပ်(စ)ဘုရင်က ဘာသာရေးအားဖြင့် ပြည့်တန်ဆာလုပ်ခိုင်းသော ဓလေ့ထုံးစံကို စတင်တည်ထောင်ခဲ့လေသည်။

ဆင်နိုင်ရပ်(စ)ကိုးကွယ်သော နတ်ဘုရားမ အက်ဖရိုဒိုက်မှာ ပင်လယ်ရေမြှုပ်မှ ဖြစ်ပေါ်လာသည်ဟု အယူရှိကြ၏။ သူမ၏ မွေးဖွားခြင်းကို အထိမ်းအမှတ်ပြုသော ပင်လယ်နတ်ပွဲများတွင် ဆားတုံးတစ်တုံးနှင့် ယောက်ျားတန်ဆာကဲ့သို့ ပြုလုပ်ထားသောအရုပ်ကို ပြည့်တန်ဆာအဖြစ်နှင့် ပူဇော်ပသ



ခြင်းခံရသည့် အမျိုးသမီးများအား လက်ဆောင်အဖြစ် ပေးတတ်ကြသည်ဟု အက်လက်စန္ဒြီးယားမှာ ကလိမင့်ဆိုသူက ရေးသားဖော်ပြထားသည်။

ဆင်နိုင်ရပ်(စ)ဘုရင်နှင့်ပတ်သက်၍ ပုံဝတ္ထုပေါင်းမြောက်မြားစွာ ရှိလေသည်။ ပုံဝတ္ထုတစ်ခုတွင် သူသည် ဆီလီရှားနယ်မှ ဆိုက်ပရပ်(စ)ကျွန်းသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟုဆို၏။

၎င်းသည် ဆိုက်ပရပ်(စ)သို့ ရောက်သည့်နောက် ပါးဖိုး(စ)မြို့ကို တည်ထောင်ကာ ဆိုက်ပရပ်(စ)ဘုရင် ပစ်မယ်လီယန်၏သမီးတော် မက်သာမီနှင့် ထိမ်းမြားလက်ဆက်လျက် အော့စီဖိုးရပ်(စ)နှင့် အေဒေါ်နစ်ဆိုသော သားတော်နှစ်ပါးနှင့် ခရက်(စ)ဒိုက်၊ လိုဂိုးနှင့် ကရေးရှားဆိုသော သမီးတော်သုံးပါး မွေးဖွားလာခဲ့၏။

ထိုသမီးတော်များသည် အက်ဖရိုဒိုက်နတ်ဘုရားမ၏ ဒေါသအမျက်သင့်ကာ တစိမ်းယောက်ျားများနှင့် ဆက်ဆံစပ်ယှက်ကြပြီး ပြည့်တန်ဆာဘဝသို့ ရောက်ရှိကာ အီဂျစ်ပြည်တွင် ၎င်းတို့၏ဘဝများကို အဆုံးသတ်ရရှာ၏။

အခြားသော ဒဏ္ဍာရီတစ်ခုမှာမူ ၎င်း၏သမီးတော်မိုင်းရာဆိုသူသည် အရက်သေစာမူးယစ်ပြီး ဖခင်ဖြစ်သူ၏ အိပ်ယာထဲသို့ ဝင်အိပ်ရာမှ မှောက်မှားကြကာ အေဒေါ်နစ်ဆိုသောကလေးကို မွေးခဲ့ကြသည်ဟုဆို၏။

www.burmeseclassic.com



အခြားဒဏ္ဍာရီတစ်ခုတွင်မူ ဆင်နိုင်ရပ်(စ)ဘုရင်ကိုယ်တိုင်က ပြောင်းဆံစပါး ဘုရားမ၏ နတ်ပွဲတော်တွင် သမီးဖြစ်သူ မိုင်းရာအား ကျူးကျော်စော်ကားခဲ့သည်ဟု ဖော်ပြထား၏။

ဘာသာရေးအလို့ငှာ ပြည့်တန်ဆာလုပ်ကြရသော အခြားစိတ်ဝင်စားဖွယ်ရာကောင်းသည့် အကျင့်ဓလေ့တစ်ခု ကို ဆီးရီးယားပြည်၊ ဗိုင်ဗလော့(စ)အရပ်၌ အေဒေါ်နစ်နတ် ဘုရားအား ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပတတ်၏။

ဗိုင်ဗလော့(စ)တွင် ဗီးနပ်(စ)နတ်ဘုရားမအား ရည်ညွှန်း၍ တည်ထားသည့် ဘုရားကျောင်းကြီးတစ်ခု ရှိပေသည်။

ထိုဘုရားကျောင်းကြီးတွင် အေဒေါ်နစ် နတ်ဘုရားအား အမှတ်တရအဖြစ်နှင့် အခမ်းအနားများကျင်းပကြရ၏။ ထိုအခမ်းအနားများအကြောင်းကို ဖော်ပြပါမည်။

အေဒေါ်နစ်သည် တောဝက်တစ်ကောင် အပက်ခံ ရ၍ သေဆုံးခဲ့သည်ဖြစ်ရာ ထိုအဖြစ်ကို အမှတ်တရပြု သောအားဖြင့် တစ်နှစ်တစ်ခါ တိုင်းပြည်တဝှမ်း၌ ရင်ထုမ ငိုကြွေးခြင်း ပြီးဆုံးကြသည့်အခါတွင် လူများသည် အေဒေါ် နစ်အား ပူဇော်ပသကြ၏။

နောက်တစ်နေ့နံနက်တွင် အေဒေါ်နစ်သည် အသက်ပြန်ရှင်လာသည်ဟူသော အထိမ်းအမှတ်ဖြင့် မိန်းမ များအားလုံး ကတုံးရိတ်ကြရပြန်၏။



ကတုံးမရိတ်သော မိန်းမများသည် အပြစ်ဖြေကြ သောအားဖြင့် သူတို့၏အလှများ(ကိုယ်ခန္ဓာ)ကို ရောင်းချကြ ရ၏။ သူမတို့အား ဝယ်ယူနိုင်သူများမှာ တစိမ်းယောက်ျား များသာ ဖြစ်ကြသည်။

ဖော်ပြပါအကြောင်းအရာများကို ပီဂါတနာနှင့် အက်(ဖ်)၊ဘီ၊ဂျီ၊ဂွန်ရေးသော “ ရှေးဟောင်းခေါ်မ ဓလေ့ထုံးစံ များ” စာအုပ်၌ တွေ့ရှိရ၏။

ထိုအကြောင်းအရာများကို လေ့လာရခြင်းအားဖြင့် ထိုသို့သော အကျင့်ဓလေ့ကို ၎င်းတို့သည် တစ်နှစ်လျှင်တစ် ကြိမ် လိုက်နာကြရကြောင်း ယူဆနိုင်သည်။

အကြင်မိန်းမတစ်ယောက်သည် အိမ်ထောင်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိုပွဲတော်၌ ကတုံးမရိတ်ပါက နတ် ဘုရားကို ဂုဏ်ပြုသောအားဖြင့် မိမိကိုယ်ကိုမိမိ ပြည့်တန် ဆာအဖြစ်ဖြင့် ရောင်းချကြရကုန်၏။

ဗိုင်ဗလော့(စ)၌လိုက်နာသော ထိုအကျင့်ဓလေ့ သည် မိန်းမအားလုံး နတ်ဘုရားအား ဂုဏ်ပြုသောအားဖြင့် မိမိကိုယ်မိမိ ပြည့်တန်ဆာ မလုပ်မနေလုပ်ရသော ရှေး ဟောင်းဓလေ့ထုံးစံအား ပြုပြင်ပြောင်းလဲထားခြင်းသာ ဖြစ် ပေသည်။

အာမေးနီးယားအကျင့်ဓလေ့တွင် အမျိုးသမီးတစ် ယောက်အတွက် အိမ်ထောင်ပြုရာတွင် လိုအပ်သောခန်းဝင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကို ပြည့်တန်ဆာလုပ်ခြင်းဖြင့် စုဆောင်းသော ဥပမာသာဓကတစ်ခုရှိသည်။ ဆိုက်ပရပ်(စ)ကျွန်းမှ အကျင့်ဓလေ့သည်လည်း ထိုအတိုင်းပင် ဖြစ်ပေသည်။

ဆိုက်ပရပ်(စ)ကျွန်းသားများသည် မိမိတို့၏ သမီးများအား အိမ်ထောင်မပြုမီ၌ သတ်မှတ်ထားသော ရက်များအတွင်း ပင်လယ်ကမ်းခြေသို့ စေလွှတ်လျက် ပြည့်တန်ဆာလုပ်စေခြင်းအားဖြင့် အိမ်ထောင်ပြုရန် လိုအပ်သော ခန်းဝင်ပစ္စည်းဖိုးငွေများနှင့်တကွ ဗီးနပ်(စ)နတ်ဘုရားမအား မိမိတို့ကို အနာဂတ်ကာလတွင် ကာကွယ်စောင့်ရှောက်ဖို့ ယဇ်နတ်ပူဇော်ရန်အတွက် ပေးရန်ငွေများကို ရှာဖွေစုဆောင်းခိုင်းခြင်းမှာ အကျင့်ဓလေ့တစ်ခုပင် ဖြစ်ပေသည်။

ဤသည်မှာ ဗေလျူဆင်းဂါးဆိုသူက ၎င်းတို့၏ ပြည့်တန်ဆာရာဇဝင်စာအုပ်တွင် ရေးသားဖော်ပြထားချက် ဖြစ်သည်။ ဟီရိုဒိုတပ်(စ)ကလည်း သူ၏စာအုပ်တွင် ဤသို့ရေးသား ဖော်ပြထားသည်။

လိုင်ဒီယားမှ လူသာမန်များ၏ သမီးပျိုအားလုံးတို့သည် မိမိတို့အိမ်ထောင်ပြုဖို့လိုအပ်သော ကုန်ကျစရိတ်များကို မိမိတို့ကိုယ်ကို မိမိတို့ ပြည့်တန်ဆာလုပ်ခြင်းအားဖြင့် ရှာဖွေစုဆောင်းတတ်ကြ၏။

၎င်းတို့သည် မိမိတို့လက်ထပ်ချိန် မရောက်ခင်အထိ ပြည့်တန်ဆာလုပ်ငန်းကို လုပ်ကြ၏။





မြေထဲပင်လယ်ဒေသများတွင် မိန်းမများသည် မိမိတို့၏ အိမ်ထောင်ပြုရန်စရိတ်ကို ပြည့်တန်ဆာ လုပ်ခြင်းအားဖြင့် ရှာဖွေသောအကျင့်ဓလေ့သည် ကာလကြာရှည်စွာတည်ရှိခဲ့သည်။

ကီးရော့(စ)ကျွန်းမှ မိန်းကလေးများသည် (၁၈)ရာစုနှစ်အထိပင် ၎င်းတို့အိမ်ထောင်မပြုမီ ပြည့်တန်ဆာအလုပ်ကို လိုအပ်သောအလုပ်တစ်ခုအနေဖြင့် ပြုလုပ်ခဲ့ကြသည်။

အယ်(လ)ဂျီးရီးယား၌လည်း အလားတူပင်ဖြစ်သည်။ ထိုအကျင့်စရိုက်သည် ယခုထက်တိုင်အောင် စွဲမြဲလျက်ရှိလေသည်။ မြောက်အမေရိကမှ လူနီလူမျိုးစုအချို့တို့သည်လည်း ထိုဓလေ့ကို လိုက်နာခဲ့ကြ၏။ မြင်သစ်ပိုင် ကွန်ဂိုနယ်၌လည်း အာဖကန်လူမျိုးစုအချို့သည် ထိုအကျင့်ကို လိုက်နာကြပြန်သည်။

ထိုအရပ်၌ မိန်းမငယ်ကလေးများသည် သင်တိုင်းရှည်ကြီးများကို ဝတ်ဆင်ကာ ရွာများသို့ လျှောက်လျက် တခုန်၍တစ်ဖုံ၊ သီချင်းဆို၍တစ်နည်း ယောက်ျားများကို မြူဆွယ်လျက် မိမိတို့၏ အပျိုဘဝကို သတ်မှတ်ထားသော ငွေကြေးဖြင့် ရောင်းစားတတ်ကြပေသည်။

မြေထဲပင်လယ် အရပ်ဒေသနှင့်ပတ်သက်၍ ရှေးဟောင်းဂန္ထဝင်အချိန်ကာလဆီမှ စတင်၍ အီဂျစ်ပြည်၌၎င်း၊ ဒိုနီးစီးယား၌၎င်း၊ အမျိုးသမီးကလေးများသည် မိမိတို့၏



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်သက်တာကဏ္ဍကို ဘာသာရေးဆိုင်ရာ ပြည့်တန်ဆာများအဖြစ်နှင့် အသုံးတော်ခံရပေ၏။

ဖိုနီးစီးယား၌ဆိုလျှင် ဗီးနပ်(စ်)နတ်ဘုရားမအား ကိုးကွယ်မှုကြောင့် မိန်းမများသည် မိမိတို့၏အပျိုစင်ဘဝကို ပြည့်တန်ဆာများအဖြစ်ဖြင့် ပူဇော်ပသကြရ၏။

အီဂျစ်ပြည်ဆိုလျှင် ဤသို့ပူဇော်ပသမှုမျိုးကို မျိုးရိုးမြင့်မြတ်သော မှူးမတ်များ၏ သမီးပျိုများထံမှသာ တောင်းဆိုလေ့ရှိပေ၏။

ထိုသမီးပျိုများနှင့်ဆက်ဆံစပ်ယှက်သူ သူစိမ်းယောက်ျားသည် သတ်မှတ်ထားသော အခကြေးငွေကို ဘုရားကျောင်း ဘဏ္ဍာတိုက်ထဲသို့ သွတ်သွင်းရပေ၏။

အိမ်ထောင်ရေးအတွက် အခကြေးငွေရှာသော ကိုရှ များ၌ အမျိုးသမီးသည် မိမိရရှိသော အခကြေးငွေအနက်မှ တစိတ်တဒေသကို နတ်ဘုရားမအား ပူဇော်ပသတတ်ကြပေ၏။

အကယ်စင်စစ် အိမ်ထောင်ရေးအတွက် မိမိကိုယ်မိမိ ပြည့်တန်ဆာလုပ်သောအကျင့်သည် ဘာသာရေးအတွက် ပြုလုပ်ရသော ဓလေ့ထုံးစံမှ ပေါက်ဖွားလာသည့် အဖွဲ့အစည်းတစ်ခုသာ ဖြစ်ပေသည်။

ဤဘာသာရေးကိစ္စသည် သဘာဝအားဖြင့် မျိုးဆက်ပြန့်ပွားစေသောအင်အားကို ကိုယ်စားပြုလျက် ကိုး





ကွယ်ခြင်းမှ ပေါက်ပွားလာခြင်း ဖြစ်ပေသည်။

လူတို့သည် သဘာဝမိခင်ကြီးကို ဘုရားအဖြစ်ဖြင့် ကိုးကွယ်ခဲ့ကြသည်။ နေရာဌာနအသီးသီးတွင် နတ်ဘုရားမ၏နာမည်သည် ကွဲပြားခြားနားသော်လည်း အဓိပ္ပါယ်အားဖြင့် အတူတူပင်ဖြစ်ပေသည်။

သဘာဝမိခင်နတ်ဘုရားမသည် နှစ်စဉ်နှစ်တိုင်းဆိုသလို သူမ၏ ကြင်ဘက်သက်လျာဖြင့် ပေါင်းဖက်ဆက်ဆံ၏။ ထိုသို့ဆက်ဆံခြင်း၏အဓိပ္ပါယ်က သတ္တလောကကြီးနှင့် ရုက္ခလောကကြီးတို့ အစဉ်တစိုက်အသစ်ပေါက်ဖွားမျိုးရိုးဆက်ခြင်းကို အဓိပ္ပါယ်ဆောင်၏။

ဘာသာရေးဆိုင်ရာ ပြည့်တန်ဆာလုပ်ခြင်းကို လေ့လာကြည့်ပါက မိမိတို့၏အပျိုစင်ဘဝကို ပြည့်တန်ဆာလုပ်ခြင်းဖြင့် ပူဇော်ပသခြင်းမှာ နတ်ဘုရားမ၏ ပြုမူကျင့်ကြံမှုကို အတုယူခြင်းဖြစ်ပေသည်။

သူတို့ဤသို့ပြုလုပ်ခြင်းအားဖြင့် မြေဩဇာသည် ဆက်လက်ဖွံ့ထွားကောင်းမွန်ကာ သတ္တဝါများသည်လည်း မျိုးဆက်ပြန့်ပွားလျက်ရှိမည်။

မိမိတို့ကိုယ်တိုင်မှာလည်း သားသမီးများ ထွန်းကားမည်ဟူသောအချက်ကို အဓိပ္ပါယ်ဆောင်ယူခြင်း ဖြစ်ပေသည်။ မိုင်လစ်တာ နတ်ဘုရားကျောင်း၌ ပြုလုပ်သောဘာဘီလုံဓလေ့ထုံးစံကို သာဓကဆောင်ရမည်ဆိုပါက မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းသည် မိမိတို့၏ တစ်သက်တာ၌ တစ်ကြိမ်တစ်ခါတော့ သူစိမ်းယောကျာ်းနှင့် ဆက်ဆံစပ်ယှက်ရခြင်းမှာ လိင်သဘာဝအား စတင်သင်ကြားပေးခြင်းအားဖြင့် လူကြီးဘဝသို့ ရောက်ခြင်းမည်ပေ၏။

ဤသို့လျှင် အပျိုပန်းဖောက်ခြင်းကိစ္စများမှာ လူ့အဖွဲ့ အစည်းပေါင်းများစွာတို့တွင် အယူသီးခြင်း၊ ကြောက်ရွံ့ခြင်းနှင့် နတ်များအားကိုးကွယ်ပသခြင်းတို့နှင့် စပ်ဆိုင်အကြုံး ဝင်လျက် ရှိနေပေသည်။

အထက်ပါ ရေးသားဖော်ပြသောအကြောင်းအရာများမှာ သုတေသနပညာရှင် ဒေါက်တာဖာနန်ဒို ဟင်နရီကျူ (အမ်အေ) ရေးသားမှတ်တမ်း တင်ထားသော သုတေသနစာတမ်းတစ်ခုမှ ကောက်နှုတ်ဖော်ပြပေးသော အကြောင်းအရာအချို့ပင် ဖြစ်ပေသည်။ သုတေသနစာတမ်းရှင်က ၎င်း၏စာတမ်းကို. . .

"နတ်ဘုရားမများ၏ အချစ်ကျေးကျွန်မများ"ဟု အမည်ပေးထားလေသည်။

ထိုမှတ်တမ်းတွင် ရှေးဟောင်းမှတ်တမ်းများအပြင် အီဂျစ်၊ ရောမ၊ အိန္ဒိယ၊ ဥရောပနိုင်ငံ အသီးသီးတို့မှ ပြည့်တန်ဆာများအကြောင်းကို ရေးသားဖော်ပြထားခြင်းဖြစ်ရာ ယခု ဖော်ပြပေးသော အကြောင်းအရာများမှာ နိဒါန်းမျှသာ ဖြစ်ပေသည်။





ထိုအထဲတွင် တိဘက်နိုင်ငံမှ ထူးဆန်းသော ဓလေ့ထုံးစံများအကြောင်းကို ခရီးသည်ကြီး မာကိုပိုလိုက အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့ပေသည်။

ထိုတိုင်းပြည်၌ မည်သည့်ယောကျာ်းများမှပင် အပျိုစင်ကညာကို ဇနီးများအဖြစ်နှင့် မသိမ်းပိုက်လိုကြပေ။ မိန်းမတစ်ယောက်သည် ယောကျာ်းများဖြင့် ပေါင်းသင်းဆက်ဆံဖူးသော အတွေ့အကြုံရှိမှသာလျှင် ဇနီးမယား ပီသသည်ဟု သူတို့က ဆိုကြသည်။ ၎င်းတို့လိုက်နာသော ဓလေ့ထုံးစံသည် ဤသို့ဖြစ်လေ၏။

၎င်းတို့ဆီသို့ ခရီးသည်များ ကြုံကြိုက်ရောက်ရှိလာသည့်အခါတွင် ထိုရပ်ရွာရှိ မိန်းမအိုကြီးများသည် အသင့်ပြင်ဆင်ကြ၏။

၎င်းတို့သည် အိမ်ထောင်မပြုကြရသေးသော မိမိတို့၏သမီးများကို၎င်း၊ (သို့မဟုတ်)ဆွေမျိုးတော်သည့် မိန်းကလေးများကို၎င်း စုရုံးလျက်ခရီးသည်များထံသို့ ခေါ်ဆောင်သွားကြ၏။

ထိုနောက် ခရီးသည်များက ကျေနပ်နှစ်ခြိုက်ရွေးချယ်သော မိန်းကလေးမှန်သမျှကို ၎င်းတို့လက်ဝယ်ပေးအပ်လိုက်ကြသည်။

ခရီးသည်များက မိမိတို့နှစ်ခြိုက်သော မိန်းကလေးများနှင့် အားရအောင် ပေါင်းသင်းဆက်ဆံပြီးသည့်အခါတွင်



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာ မိန်းမအိုကြီးများထံတွင် ပြန်လည်အပ်နှံကြရ၏။ မိန်းကလေးများသည် မိမိတို့နှင့် ဆက်ဆံရသော ယောကျာ်းများနောက်သို့ လိုက်ပါသွားခွင့်မရှိကြချေ။

ဤသို့အားဖြင့် ထိုတိုင်းပြည်အတွင်း ခရီးသွားကြသူများသည် ရွာတစ်ရွာသို့ ရောက်လာသည့်အခါတွင် မိမိတို့ သဘောရှိ သုံးသပ်ချယ်လှယ်ခွင့်ရှိသော မိန်းမပျိုနှစ်ဆယ် သုံးဆယ်ခန့်ကို အမြဲတွေ့ရှိရတတ်၏။

ထိုရွာ၌ ခရီးသည်များသည် တည်းခိုနေသည့်အတွင်းဝယ် ၎င်းတို့အလိုရှိသမျှ မိန်းကလေးကို ရရှိနိုင်ပေ၏။

သို့ရာတွင် ခရီးသည်ယောကျာ်းသည် မိမိဆက်ဆံ စပ်ယှက်ရသော ရွာသူအပျိုကလေးကို လက်စွပ်(သို့မဟုတ်) အခြားအထိမ်းအမှတ် လက်ဆောင်တစ်ခုခုကို ပေးရပေသည်။

ထိုလက်ဆောင်ပစ္စည်းကို မိန်းကလေးသည် မိမိ၏ ထောင်ပြုသည့်အခါ၌ မိမိအပျိုပန်းဖောက်ပြီးပါပြီဟူသော အထိမ်းအမှတ်ဖြင့် သူ၏လင်ယောကျာ်းကို ပြရပေ၏။

စင်စစ်လည်း ထိုရည်ရွယ်ချက်တစ်ခုကြောင့်သာလျှင် ၎င်းတို့က ထိုအကျင့်ဓလေ့ကို လိုက်နာကြခြင်းဖြစ်ပေ၏။

ရွာသူအပျိုမတစ်ယောက်သည် ထိုသို့သောအထိမ်း အမှတ် လက်ဆောင်ပစ္စည်းများကို အနည်းဆုံးနှစ်ဆယ်မျှ ရပြီးသည့်အခါမှပင် အိမ်ထောင်ပြုနိုင်ကြပေသည်။





ထိုလက်ဆောင် အများဆုံးရရှိသောမိန်းကလေးများသည် မျက်နှာအပွင့်ဆုံးဖြစ်ရာ ရွာသားများက ဇနီးအဖြစ် မက်မောကြကုန်၏။ အိမ်ထောင်ကျပြီးသည့်အခါ၌ကား ရွာသားများသည် မိမိတို့၏မိန်းမများကို အထူးမြတ်နိုးကာ စောင့်ရှောက်ထားတတ်ကြ၏။

လင်ရှိမိန်းမတစ်ယောက်ကို ပြစ်မှားခြင်းသည် အကြီးလေးဆုံးသော ပြစ်မှုကြီးပင် ဖြစ်လေ၏။

ကမ္ဘာကျော်ခရီးသည်ကြီး မာကိုပိုလိုက တိဘက် လူမျိုးတို့၏ အပျိုပန်းဖောက်ခြင်းထုံးစံကို ဤသို့ပင် မှတ်တမ်း တင်ထားခဲ့လေသည်။

မာကိုပိုလိုခေတ်မှ တိဘက်လူမျိုးတို့မှာ ထိုဓလေ့ ထုံးစံကို လက်တွေ့သဘာဝအားဖြင့် ဘာသာရေးယုံကြည် ချက်အားဖြင့်၎င်း ကျင့်သုံးကြရကုန်၏။

မိန်းကလေးတစ်ယောက်သည် အိမ်ထောင်မပြုမီ၌ လိင်သဘာဝအတွေ့အကြုံကို အတော်အတန်ရှိရမည်ဟု ယူဆခဲ့ကြ၏။

နောက်နောင်တွင် အရှုပ်အထွေးရှိမလာစေရန်အတွက် မိန်းကလေးအား လိင်သဘာဝအတွေ့အကြုံ သင်ပေးသော တာဝန်သည် သူစိမ်းခရီးသည် ယောကျာ်းများအပေါ်သို့ ကျရောက်လေ၏။

မာကိုပိုလိုသည် ထိုအကျင့်ဓလေ့ကို အတော်သ



www.burmeseclassic.com

www.burmeseclassic.com



ဘောကျခဲ့ပုံရ၏။

အကြောင်းမူ ၎င်းက တိဘက်ပြည်သည် ယောကျ်ား ပျိုများ သွားရောက်လည်ပတ်ရန် ကောင်းလှသော တိုင်းပြည် တစ်ပြည်ဟု မှတ်ချက်ချခဲ့သောကြောင့် ဖြစ်လေသည်။

အခြားတိုင်းတစ်ပါးသို့ ရောက်သွားကြသော ဥရောပတိုက်သားများသည် ၎င်းတို့အား သမီးပျိုများ အပ်နှံခြင်းကို လက်ခံတွေ့ကြုံခဲ့ရသည်။

ထိုအရပ်မှာ ၎င်းတို့၏ သမီးပျိုများကို သူစိမ်းယောကျ်ားများနှင့် အပျိုပန်းဖေါက်ခြင်း ဓလေ့ထုံးစံကြောင့်ပင် ဖြစ်လေသည်။

မာလဘာပြည်တွင် ဟောကီစဂီလူမျိုးများ စတင်ရောက်ရှိသွားစဉ်က တွေ့ကြုံခဲ့ရသည်မှာလည်း ထိုအတိုင်းပင် ဖြစ်ချေ၏။

ထိုတိုင်းပြည်မှ ရပ်ရွာမျက်နှာဖုံး ပုဂ္ဂိုလ်ကြီးများသည် မိမိတို့၏ သမီးပျိုများအား အပျိုပန်းဖေါက်ပေးရန် ပေါ်တူဂီများထံတွင် လာရောက်အပ်နှံတတ်ကြပေ၏။

မိန်းမပျိုများ ကိုယ်တိုင်ကလည်း ပေါ်တူဂီများထံသို့ လာရောက်၍ မိမိတို့အား အပျိုပန်းဖောက်ပေးရန် တောင်းပန်အသနားခံတတ်ကြ၏။ အကြောင်းပြချက်မှာ လင်ယောကျ်ားရချင်သောကြောင့် ဖြစ်ပေသည်။

ဘာသာရေးနှင့်ဆိုင်သော ပြည့်တန်ဆာပြုလုပ်ခြင်း





သည် နတ်ဘုရားမတစ်ပါးပါးအား ဂုဏ်ပြုခြင်း၊ ပူဇော်ခြင်းဖြစ်သည်ဟု ယူဆချက်ကို လက်ခံထားသော တိုင်းပြည်များတွင် အများအားဖြင့်တော့ အာရှနောက်ပိုင်း တိုင်းပြည်များနှင့် ရှိတိုင်းပြည်တို့ ဖြစ်ကြလေသည်။

အခြားနေရာများ၌လည်း သူ့နေရာနှင့်သူ ဓလေ့ထုံးအမျိုးမျိုး ရှိကြသော်လည်း ယခုမဖော်ပြတော့ပဲ နောက်ရေးသော ဇတ္တုများတွင် သင့်လျော်ပါက ဆက်လက်ဖော်ပြပေးပါသည်။

ဦးမင်းဟန်က ၎င်းဖတ်ရှုလေ့လာထားသော အကြောင်းအရာတို့ကို ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်အား စားရင်းသောက်ရင်းနှင့် ပြောပြနေခြင်းဖြစ်ပေသည်။

ဦးမင်းဟန် စကားဆုံးတော့မှ ဒေါက်တာမင်းထင်ကျော်ကပြောသည်။

"ရှေးဟောင်းအယူအဆတွေ . . မှားယွင်းတဲ့အယူအဆတွေကြောင့် ဘဝတွေ အသက်တွေ ပျက်စီးခဲ့ကြရတာတော့ အမျိုးသမီးတွေပါပဲ၊ ရှေးတုန်းက မိန်းမတွေက တစ်ကာလတစ်ခု၊ အယူစွဲတစ်ခုရဲ့ သားကောင်တွေဘဝရောက်ခဲ့ကြရတယ်၊ အခုအချိန်ထိ ဒါတွေကရှိနေတုန်းပါပဲ"

"အမှန်ပေါ့ မောင်ထင်ကျော်ရယ်၊ ရှေးကတော့ သူတို့ ဦးဆောင်နိုင်သူမဟုတ်ကြတော့ ဦးဆောင်တဲ့ယောကျ်ားတွေ စေခိုင်းတဲ့အတိုင်းပဲ လုပ်ခဲ့ကြရတယ်"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား စားသောက်ရင်းနှင့် စကားပြောနေကြစဉ် သူတို့ရှိရာသို့ တိုင်းရင်းသားတစ်ယောက် ရောက်လာလေသည်။ အနားရောက်သောအခါ အလွန်ရိုကျိုးသောအမူအယာဖြင့်. . .

"ကျွန်တော့်နာမည် မာမက်လို့ခေါ်ပါတယ်၊ ကျွန်တော့်ကို မာရီယာက လွှတ်လိုက်တာပါ၊ ဆရာတို့ လမ်းပြလိုမယ်ဆိုရင် ကျွန်တော်ဆောင်ရွက်ပေးနိုင်ပါတယ်"

ဟု ၎င်းတို့ဘာသာစကားဖြင့် ပြောလေသည်။

"ငါတို့က ဖာရိုးဘုရင်တွေရဲ့ သင်္ချိုင်းဟောင်းတွေနေရာကို လိုက်ပြီးလေ့လာချင်တယ် မင်းလမ်းပြပေးနိုင်မလား"

"ဒီနယ်တွေမှာ ဖာရိုးဘုရင်တွေရဲ့ သင်္ချိုင်းဟောင်းနေရာတွေက အများကြီးရှိပါတယ်၊ ဆရာတို့က ဘယ်နေရာမျိုးကို သွားချင်တာလဲ"

ဟု မာမက်က ပြန်မေးလေသည်။

"အဓိကလေ့လာချင်တဲ့နေရာကတော့. . သုံးကြိမ်မြောက် သိုးမက်စ်မင်းတွေရဲ့ သင်္ချိုင်းနေရာကို သွားချင်တယ် မင်းလမ်းပြပေးနိုင်မလား "

မာမက်က အနည်းငယ်ကြာအောင် စဉ်းစားနေပြီး

"သွားချင်တယ်ဆိုရင်တော့ လိုက်ပို့ပေးနိုင်ပါတယ် တစ်ခုတော့ ကြိုပြောထားချင်ပါတယ်၊ အဲဒီနေရာတွေက အန္တရာယ်ရှိနိုင်ပါတယ်"





ဟုပြောသည်။

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်စလုံး စိတ်ဝင်စားသွားကြသည်။

"ဘယ်လိုအန္တရာယ်မျိုးတွေ ရှိတာလဲ"

"မမြင်နိုင်တဲ့ အန္တရာယ်မျိုးတွေပေါ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ ငါတို့ကတော့ အဲဒီနေရာတွေကို လေ့လာဖို့အတွက် ဒီနေရာကို တကူးတကလာခဲ့ကြတာပဲ၊ မင်းလိုက်ပို့ပေးနိုင်မလား"

"ဆရာတို့သွားချင်ရင်တော့ လိုက်ပို့ပေးပါ့မယ်"


ဟုပြောသဖြင့် ခရီးထွက်ရန်အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၆)

# သိုးမက်စ်သချိုင်းနှင့် အန္တရာယ်လမ်းများ

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ မာမက်နှင့်တွေ့ပြီးနောက်တွင် ခရီးထွက်ရန်အတွက် စတင်ပြင်ဆင်ကြရတော့သည်။ မာမက်နှင့်တိုင်ပင်ပြီး လိုအပ်သောပစ္စည်းများကို ထိုရွာမှာပင် ဝယ်ယူစုဆောင်းကြရသည်။

အားလုံးပြည့်စုံတော့မှ နောက်တစ်နေ့ နံနက်စောစောအချိန်တွင် စတင်၍ ခရီးထွက်ကြလေသည်။ ၎င်းတို့အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



တွင် လမ်းပြတစ်ယောက်တိုးလာသောကြောင့် လေးယောက် ဖြစ်သွားကြသည်။ ပါလာသောအထုပ်များကိုတော့ လေး ယောက်မျှဝေပြီး သယ်ဆောင်ကြလေသည်။

မာမက်မှာ သန်မာတောင့်တင်းပြီး ကြံ့ခိုင်မှုရှိသူတစ် ဦးဖြစ်သောကြောင့် လေးလံသောအထုပ်များကို သူကပင် သယ်ယူလေသည်။ လမ်းရောက်တော့ ဒေါက်တာမင်းထင် ကျော်က မေးလေသည်။

"ဒီလမ်းခရီးတွေကို တခြားခရီးသည်တွေ သိပ် သွားကြဘူးလား"

"တခြားရက်တွေဆိုရင်တော့ သွားလာတဲ့သူ သိပ် များလှပါဘူး။ ကိုင်ရိုဘက်ကလာတဲ့ သင်္ဘောတွေဆိုက် အချိန်ရောက်ရင်တော့ သွားလာတဲ့သူတွေ ရှိပါတယ်၊ မနေ့ ကတောင် ခရီးသွားလာတဲ့သူ တစ်ဖွဲ့နှစ်ဖွဲ့ အဲဒီတောင်ကြား တွေဘက်ကို ထွက်သွားကြတာ လှမ်းမြင်လိုက်ရပါတယ်"

ဟုပြောပြသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ လင်းနို သင်္ဘောဖြင့်ပါလာသော ခရီးသည်များထဲမှ ဖြစ်မည် *စိတ်ထဲမှ ထင်လိုက်မိသည်။*

"ဒါထက် မင်းရော အဲဒီဘက်တွေရောက်ဖြစ်သေး လား အခြေအနေတွေ ဘယ်လိုရှိသလဲ"

"ဟိုလကတော့ တစ်ခေါက်ရောက်ဖြစ်ပါတယ်





အရင်လက လျှောင်တစ်ခုလှုပ်တာကြောင့် သိုးမက်စ် (၃)ရဲ့ သင်္ချိုင်းဂူတစ်ဝိုက်မှာ ကျောက်တုံးတွေ ပြိုကျခဲ့ပါသေးတယ်"

"အပေါက်ဝပိတ်သွားပြီလား"

"ဝင်လို့ထွက်လို့တော့ ရပါသေးတယ်ဆရာ"

လမ်းသွားရင်းနှင့်ပင် မာမက်က သိုးမက်စ်(၃)သင်္ချိုင်း ဂူများအကြောင်းကို သူသိသမျှပြောပြသည်။

သိုးမက်စ်နံပါတ်(၃)ဘုရင်မှာ နှစ်ပေါင်း(၃၀)ခန့်ကြာ အောင် အီဂျစ်ပြည်ကို စိုးစံအုပ်ချုပ်သော အချိန်ကာလတစ် လျှောက် ဘုန်းတန်ခိုးကြီးမားခဲ့ပေသည်။

မှော်ပညာ၊ ဂါထာမန္တန်၊ မဟာဂန္ဓာရီပညာများနှင့် ပတ်သက်ပြီး လေ့လာလိုက်စားမှုများကာ ၎င်းအုပ်ချုပ်သော အချိန်ကာလတစ်လျှောက်တွင် ထိုပညာရပ်များ၊ များစွာထွန်း ကားခဲ့သည်။

ထို့ပြင် ကျိန်စာနှင့်ပတ်သက်ပြီး အစွမ်းကုန်အသုံးချ ခဲ့ကြလေသည်။ ဒေါက်တာမင်းထင်ကျော်တို့လည်း ထိုသမိုင်း ကြောင်းများကို သင့်တော်သလောက် လေ့လာထားခဲ့ပြီးဖြစ် သောကြောင့် မာမက်ပြောပြသော အကြောင်းအရာများနှင့် တိုက်ဆိုင်ကြည့်ရပေသည်။

ယခင်က ထိုသင်္ချိုင်းဂူများအတွင်းသို့ ဝင်ခွင့်မပေးပဲ အီဂျစ်အစိုးရက ပိတ်ပင်တားမြစ်ထားခဲ့လေသည်။

ယခုနောက်ပိုင်းကာလများရောက်တော့မှ အကန့်အ



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြင့် ဝင်ရောက်ကြည့်ရှုလေ့လာခွင့် ပြုပေးထားခြင်းဖြစ် ပေသည်။

"အရင်က အစိုးရက သချိုင်းဂူတွေရှိတဲ့နေရာတွေကို ဝင်ရောက်ခွင့်မပြုခဲ့တာ ဘာကြောင့်လဲ"

ဦးမင်းဟန်က မေးလိုက်သည်။ မာမက်က တော် တော်နှင့်အဖြေမပေးပဲ ချင့်ချိန်နေဟန်ရှိသည်။

"ပြောသာပြောပါ"

"ဟိုတုန်းကတော့ ဘယ်သူမဆိုဝင်ရောက် ကြည့်ရှု ခွင့် ပေးထားပါတယ်၊ နောက်တော့ ဝင်တဲ့သူတွေက သချိုင်းဂူ တွေမှာ မြှုပ်နှံထားတဲ့ ရတနာသိုက်တွေကို တူးဖော်ကြတယ် ဒါပေမယ့် . . ."

"ဆက်ပြောပါဦး"

"ဒါပေမယ့် သူတို့လိုချင်တဲ့ ရတနာပစ္စည်းတွေမရ အန္တရာယ်အမျိုးမျိုးနဲ့တွေ့ပြီး သေကြလို့ နောက်တော့ အစိုး ရက ဝင်ခွင့်မပြုတော့ပဲ ပိတ်လိုက်တာပါ"

"အခုတော့ ပြန်ဖွင့်ထားပြီးမဟုတ်လား"

"ဖွင့်တော့ဖွင့်ထားပါတယ်၊ ဒါပေမယ့် သချိုင်းစောင့် တွေထားပြီး ဝင်ပေါက်ကို တံခါးပိတ်ထားတယ်၊ အစိုးရဆီက ထောက်ခံချက်ပါမှ အတွင်းဝင်ခွင့်ပေးတယ်"

ဟုပြောပြရာ သက်ပြင်းချလိုက်ကြလေသည်။

"ဒါဖြင့် ငါတို့ရော ဝင်ဖို့အဆင်ပြေပါ့မလား"





ထိုစကားကြားတော့ မာမက်က တစ်ချက်ပြုံးလိုက် သည်။

"ပိတ်ပင်ထားတဲ့ ပိရမစ်ကြီးတွေထဲကိုတောင် ညအိပ် ညနေ ဝင်ချင်ဝင်လို့ရတာပဲ၊ ဒီလို အစိုးရရုံးတွေနဲ့ ဝေးတဲ့နေ ရာမျိုးတွေမှာတော့ မခက်ခဲလှပါဘူး၊ ငွေဒင်္ဂါးနဲ့ လမ်းခင်း သွားရင် ဘယ်နေရာမဆို ဝင်ထွက်သွားလာလို့ ရနိုင်ပါတယ်"

"သဘောပေါက်ပါပြီကွာ"

ထိုသို့ဖြင့် စကားတပြောပြောနှင့် ဆက်လျှောက်သွား ကြလေသည်။

နေ့လည်ပိုင်းအချိန်ရောက်သောအခါ တောင်မြင့် ကြီးများ၊ လှိုဏ်များ၊ ချိုင့်ဝှမ်းကြီးများရှိသော နေရာတစ်ဝိုက်သို့ ရောက်သွားကြလေတော့သည်။

ထိုနေရာရောက်တော့ မာမက်က အထုပ်အပိုးများ ချထားခဲ့ပြီး တစ်နေရာသို့ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း အရိပ်ရသော နေရာမှာ နားရင်းဖြင့် စောင့်နေကြလေသည်။ အတန်ကြာ တော့ မာမက်နှင့်အတူ ဒေသခံတစ်ယောက် ပါလာလေ သည်။ ထိုတိုင်းရင်းသားမှာ သော့တွဲကြီးများကို ခါးမှာချိတ် ဆွဲထားရင်း ငိုက်မြည်းနေဟန်ရှိသည်။

အနားရောက်တော့ သချိုင်းစောင့်တစ်ယောက် ဖြစ် ကြောင်း မာမက်ကပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ပိယာစတားဒဂ်ါးအချို့ကိုထုတ်ပြီး သချိုင်းစောင့်လက်ထဲ ထည့်ပေးလိုက်တော့မှ နေပူမိပြီး ညှိုးနွမ်းနေသောပန်းပင်ကို ရေလောင်းပေးလိုက်ရာ လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာသကဲ့သို့ သချိုင်းစောင့် အမူအယာမှာ ချက်ချင်းပြောင်းလဲ သွားလေတော့သည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲဆရာ"

"ထွေထွေထူးထူးတော့ မရှိပါဘူး၊ ငါတို့ သချိုင်းထဲကို ဝင်ကြည့်ကြဖို့ပါပဲ"

ဟု လိုရင်းကိုသာပြောလိုက်သည်။

"အဲဒီသချိုင်းဂူတွေကတော့ အတော်ကလေးကို အ သွားအလာနည်းတဲ့ နေရာမျိုးပါပဲ"

"ဘယ်လိုကြောင့်လဲ"

"အမှတ်(၃)သိုးမက်စ်သချိုင်းဂူ နေရာကဝေးတယ် ဒီနေရာက သွားမယ်ဆိုရင် အတော်ကလေး ဝေးပါသေးတယ်၊ အောက်ကိုဆင်းတဲ့ ကျောက်လှေခါးတွေလည်းရှိတယ်၊ ဂူကဟိုးအတော်နက်တဲ့ ချောက်ထဲမှာရှိတာမို့ တောင်မြင့်ကြီးပေါ် ကျော်တက်ပြီးမှ အောက်ကိုဆင်းလို့ရပါတယ်"

ဟု ရှင်းပြလေသည်။

"ရပါတယ် ငါတို့က ဒီနေရာကိုလေ့လာကြည့်ဖို့ ရည်ရွယ်ပြီး လာကြတာဆိုတော့ အတွင်းကိုရောက်အောင် ဝင်ကြမှာပါ၊ အခြေအနေကတော့ ဝင်လို့ရနိုင်သေးတယ် မဟုတ်





လား"

"လျှောင်ကြောင့် တောင်တွေပြိုပြီး ဂူပေါက်ဝပိတ်နေတာမျိုးတော့ ရှိပါတယ်၊ ဒီလိုပဲ စိတ်ရှည်လက်ရှည်ထားပြီး ဝင်သွားမယ်ဆိုရင်တော့ ရပါတယ်"

"ဒီနေရာကို တခြားဘယ်သူတွေ ရောက်လာကြသေးသလဲ"

"နည်းမှန်လမ်းမှန် ဝင်ဖို့ကြိုးစားတဲ့သူကတော့ မရှိသလောက်ပါပဲ၊ ဟိုတစ်နှစ်ကတော့ သုတေသနသမား တစ်ယောက် လာခဲ့ဖူးတယ်၊ သူ့မှာအဖော်နှစ်ယောက်လည်း ပါလာတယ်၊ နောက်တော့ ခေါင်းဆောင်လာတဲ့လူပဲ အပြင်ကို ပြန်ထွက်သွားနိုင်တယ်၊ ကျန်တဲ့နှစ်ယောက်တော့ မတွေ့ရတော့ဘူး၊ ဒီလိုနေရာမျိုးတွေမှာတော့ ဒီကိုလာပြီးမှ မပြန်နိုင်တော့တဲ့သူတွေ နည်းမှမနည်းတော့တာ၊ မထူးဆန်းတော့ပါဘူး"

တကယ်တော့ သချိုင်းစောင့်ပြောပြနေသော စကားမှာ ကြောက်လန့်စရာပင် ဖြစ်သည်။ သို့သော် ဒေါက်တာမင်းထင်ကျော်တို့ကတော့ မကြောက်ရွံ့ကြပေ။

"ဒီနေရာကို လာသွားတဲ့ သုတေသနသမားရဲ့ ပုံပန်းသဏ္ဌာန်က ဘယ်လိုမျိုးလဲ"

"မျက်နှာဖြူတစ်ယောက်ပါပဲ သူ့နာမည်က ဒေါက်တာသော်ဟေဆိုလား မမှတ်မိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော် စိတ်ထဲတွင် သင်္ဘောပေါ်မှာတွေ့ဆုံခဲ့ရသော ဒေါက်တာသော်ဟေယာဒဲလ်ကို သတိရလိုက်သည်။

ထို့နောက် သချိုင်းစောင့်က ခါး၌ ချိတ်ဆွဲထားသော သော့တွဲကြီးထဲမှ ကြီးလှသော ကြေးသော့ကြီးတစ်ချောင်းကို ဖြုတ်ယူကာပေးသည်။

ထိုသော့ကို ဒေါက်တာမင်းထင်ကျော်က လှမ်းယူပြီး မာမက်လက်ထဲသို့ပင် ထည့်ပေးလိုက်သည်။ သချိုင်းစောင့်ကတော့ ၎င်းတို့ဘာသာဖြင့် ဆုတောင်းမေတ္တာများ ပို့ပေးပြီးနောက် ထိုနေရာမှပြန်ထွက်သွားလေသည်။

သူတို့လည်း ထိုနေရာမှာပင် ရေနှင့်အစားအသောက်များကို စားသောက်ပြီး ရှေ့သို့ခရီးဆက်ရန် ပြင်ကြလေသည်။ ၎င်းတို့တွင် အမှောင်ထဲ၌ အဆင်သင့် အသုံးပြုရ၍ရသော မီးတိုင်၊ ဖယောင်းတိုင်များပါလာကြရာ ထိုအရာများကို ဦးစားပေးပြီး အဆင်သင့်ဆောင်ထားကြရလေသည်။

"ဒီလိုဏ်ဂူတွေထဲကိုသွားရင် မီးမပါလို့ မဖြစ်ဘူး၊ မီးမပါပဲ ဝင်သွားရင် ကိုယ့်သေတွင်းကိုယ်တူးသလိုမျိုးဖြစ်မယ်"

မာမက်က ထိုခရီးလမ်းကို သွားဖူးသူဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်တို့က ဘာမှပြန်မပြောကြပဲ သူပြောသည့်အတိုင်း လိုအပ်သောပစ္စည်းများကိုသာ ပြင်ကြလေသည်။





ထို့နောက်မှာတော့ ရှေ့သို့ခရီးဆက်ကြလေသည်။ ဦးစွာ တောင်စောင်းမှ အောက်ခြေသို့ ရောက်အောင်ဆင်းကြရသည်။ ကျောက်ထစ်များပြုလုပ်ထားသောကြောင့် လွယ်သင့်တကူပင် ဆင်းနိုင်ကြသည်။

အောက်ခြေသို့ရောက်သောအခါ ကျဉ်းမြောင်းသော တောင်ပတ်လမ်းကလေးများမှ သွားကြရသည်။ တောင်ပတ်လမ်းကလေးများမှာ လူတစ်ယောက်သွားသာရုံသာရှိပြီး ကျဉ်းလှသောကြောင့် သတိဖြင့်သွားကြရသည်။

တစ်နေရာရောက်တော့ တောင်ပတ်လမ်းမှာ အပေါ်သို့ တဖြည်းဖြည်းနှင့် ထောင်တက်လာလေသည်။

ပေတစ်ရာခန့် မြင့်သောနေရာရောက်တော့ အချိုးအကွေ့တစ်ခု တွေ့ရသဖြင့် သတိဖြင့် ဖြတ်ကျော်ကြရလေသည်။ ထိုနေရာမှလွန်သော အခါမှာတော့ နက်ရှိုင်းသော ချောက်ကမ်းပါးထိပ်နေရာသို့ ရောက်သွားကြသည်။

ထိုနေရာမှာ အောက်ဖက်သို့ ဆင်းရန်ပြုလုပ်ထားသော ကျောက်လှေခါးထစ်များ ရှိကြသည်။

နှစ်ပရိစ္ဆေရကြာမြင့်ပြီဖြစ်သောကြောင့် အချို့နေရာများမှာ ပြိုကျနေကြလေပြီ။

"သိုးမက်ရဲ့ သချိုင်းဂူက ချောက်ထဲမှာရှိတယ်၊ ကျွန်တော်တို့ ဒီလမ်းအတိုင်းအောက်ကိုဆင်းကြရမယ်"

ချောက်ကမ်းပါးအတွင်းမှာ အလင်းရောင်သာ သိပ်မ



www.burmeseclassic.com

www.burmeseclassic.com



ရှိပဲ မှောင်နေလေသည်။

နေ့လည်ပိုင်းအချိန်သာသာပင် ရှိသေးသော်လည်း တောင်နှစ်လုံးကြားမှာတော့ အတော်ပင်မှောင်နေလေသည်။ သို့သော်လည်း ထိုထက်မမှောင်ခင် အောက်ခြေသို့ ရောက်နိုင်ရန်အတွက် ကြိုးစားပြီးဆင်းကြရသည်။

အချို့နေရာများမှာ ကျောက်တုံးများက ပြိုကျနေသည်သာမကပဲ ဆွေးမြေ့နေပေရာ သတိဖြင့်နင်းကာ ဆင်းကြရသည်။ အကယ်၍သာ ခြေချော်ပြီး အောက်သို့ပြုတ်ကျသွားပါက အသက်ရှင်နိုင်စရာ မရှိပေ။

သတိထားပြီး ဆင်းကြရသောကြောင့် အချိန်အတော်ကြာမှပင် ကျောက်လှေခါးထစ်များ ဆုံးသွားပြီး အောက်ခြေသို့ ရောက်သွားကြရပေတော့သည်။

"အပြင်ဘက်မှာ အလင်းရောင်ရှိနေသေးပေမယ့် ကျွန်တော်တို့ သွားမယ့်လမ်းမှာတော့ အလင်းရောင်ရှိမှာ မဟုတ်ပါဘူး၊ ဒါကြောင့် ရှေ့မှာတော့ မီးတိုင်၊ ဖယောင်းတိုင်တွေကို အသုံးပြုကြရမယ်၊ နောက်ပြီး ကျွန်တော့်နောက်ကပဲ ခြေလှမ်းမှန်မှန်နဲ့ လိုက်ခဲ့ကြပါ"

ထိုနေရာတစ်ဝိုက်မှာ မာမက်ပြောသတဲ့သို့ပင် နေခင်းကြောင်တောင် မှောင်ကျနေသော နေရာမျိုးပင်ဖြစ်သည်။

ထို့ပြင် သူတို့နှင့်အတူပါလာသော မာမက်သည် ထိုနေရာများကို တစ်ကြိမ်မက ရောက်ခဲ့ဖူးဟန်ဖြင့် အတော်ပင်





ကျွမ်းကျင်ဟန် ရှိလေသည်။

ချောက်ကမ်းပါးအတွင်းသို့ ရောက်သောအခါမှာတော့ သံတံခါးများဖြင့် ပိတ်ထားသော ဂူပေါက်အချို့တွေ့ရလေသည်။ ဖာရိုးဘုရင်တို့၏ သင်္ချိုင်းဂူပေါက်ဝများပင် ဖြစ်ကြဟန်ရှိသည်။ အချို့သင်္ချိုင်းဂူပေါက်ဝများတွင် တပ်ဆင်ထားသော သံတံခါးများမှာ ကျိုးပဲ့ပျက်ဆီးနေသည်ကိုလည်း တွေ့ရသည်။ သင်္ချိုင်းဂူများကို ဖျက်ဆီးပြီး ရတနာပစ္စည်း ရှာဖွေကြသူတို့၏လက်ချက်ပင် ဖြစ်ပေမည်။

ဤသို့ဖြင့် တစ်နေရာပြီးတစ်နေရာ ကျော်ဖြတ်ပြီး လျှောက်သွားကြရာ နောက်ဆုံးမှာတော့ ကြီးမားသော သံတံခါးကြီးကို ကြေးသော့ခလောက်ကြီးဖြင့်ခတ်ကာ ပိတ်ထားသော ဂူပေါက်ဝတစ်ခုရှေ့သို့ ရောက်သွားကြလေတော့သည်။

"ဒါ အမှတ်(၃)သိုးမက်ရဲ့ သင်္ချိုင်းဂူပေါက်ပဲ"

ဟု မာမက်ကပြောသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို ကြည့်လိုက်သည်။ ကျောက်သားနံရံကြီးများက ထုထည်ကြီးသလို တပ်ဆင်ထားသော တံခါးကြီးနှစ်ချပ်ကလည်း အတော်ပင် ခိုင်ခန့်လှသည်။

ထို့နောက်မှာတော့. . မာမက်က ၎င်းထံမှာပါလာသောသော့ဖြင့် သော့ခလောက်ကြီးကို ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သော့ခလောက်မှာ မဖွင့်ပဲထားခဲ့သည်မှာ နှစ်အ တော်ကြာပြီဖြစ်သဖြင့် ချေးများကပ်နေသဖြင့် တော်တော်နှင့် ဖွင့်မရဘဲရှိလေသည်။ အတန်ကြာအောင် ကြိုးစားပြီး ခက်ခက်ခဲခဲ ဖွင့်တော့မှ ပွင့်သွားလေသည်။ တံခါးပွင့်သွားသော အခါ မာမက်က ပြောသည်။

"ရှေ့မှာတော့ နေ့မှန်း ညမှန်း မသိရလောက်အောင် မှောင်မည်းနေတဲ့ ဂူထဲမှာသွားကြရပါမယ်၊ လမ်းတွေက လူ တစ်ယောက်သွားသာရုံပဲ ရှိပါတယ်၊ ကျွန်တော်တို့ ရှေ့ဆင့် နောက်ဆင့်တန်းစီပြီးတော့ သွားကြရပါမယ်၊ ဘေးတစ်ဖက် တစ်ချက်မှာတော့ နက်ရှိုင်းတဲ့ချောက်တွေ ရှိပါတယ်၊ တ ကယ်လို့ ချောက်ထဲကျသွားခဲ့ရင် ဘယ်လိုမှပြန်မတက်နိုင်ကြ လို့ သေကြရပါတယ်"

"ထောင်ချောက်တွေ ဖြစ်မယ်ထင်တယ်"

"ဟုတ်ပါတယ်၊ ရှေးတုန်းက သိုးမက်သချိုင်းကို ပြု လုပ်ခဲ့တဲ့သူတွေက သူတို့ဘုရင်ရဲ့ သချိုင်းဂူကို ဘယ်လိုလူမျိုး တွေကမှ အနှောက်အယှက်မပေးနိုင်အောင် ထောင်ချောက် တွေ ပြုလုပ်ထားခဲ့တာ ဖြစ်ပါတယ်"

ဟုပြောဆိုပြီး အသင့်ယူဆောင်လာသော မီးတိုင်အ ချို့ကို မီးထွန်းလိုက်ကြသည်။

အမှောင်ထဲမှာနေစဉ်က သတိမပြုမိကြသော်လည်း မီးရောင်ရတော့မှ နီရဲနေသော အရာအချို့ကို တွေ့မြင်ကြရ





သော့သည်။

"ဘာတွေလဲ"

"ဒီဂူတွေထဲမှာ လင်းနို့တွေ လင်းဆွဲတွေ မရေမတွက် နိုင်အောင်ရှိကြတယ်"

ထိုသို့ပြောနေစဉ်မှာ လင်းနို့ကြီးများက သူတို့ရှိရာသို့ ပျံလာကြသည်။ အနီးသို့ရောက်သောအခါမှ ကွေ့ဝိုက်ကာ ရှောင်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်က သင်္ဘောပေါ်မှာ တွေ့ခဲ့ သကဲ့သို့ လူမျက်နှာမျိုးနှင့် လင်းနို့တွေများလားဟု ကြည့် သောအခါ မဟုတ်ပေ။

သာမန်လင်းနို့များသာ ဖြစ်သည်။ မီးရောင်ကြောင့် အဝါဝေါနှင့် ထပျံနေသော လင်းနို့များငြိမ်သက်သွားအောင် စောင့်ပြီးမှ အတွင်းသို့ဝင်ကြလေသည်။ ရှေ့ဆုံးမှ မာမက်ဖြစ် သည်။ ၎င်းနောက်မှ ကျော်စွာနှင့် ဦးမင်းဟန်တို့ကနေကြပြီး ဒေါက်တာမင်းထင်ကျော်က နောက်ဆုံးမှ နေရာယူလေ သည်။

၎င်းထံမှပါလာသော သေနတ်ကိုလည်း အကြောင်း ပေါ်က အသုံးပြုနိုင်ရန် အဆင်သင့်ထည့်ထားသည်။ မီးတိုင် ကိုတော့ ရှေ့ဆုံးမှ မာမက်က တစ်ခုကိုင်ပြီး နောက်ဆုံးမှ ဒေါက်တာမင်းထင်ကျော်က တစ်တိုင်ကိုင်ထားရာ အမှောင် ထဲတွင် အလင်းရောင်ကောင်းစွာရကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူအတွင်းပိုင်းရောက်သွားသောအခါ လင်းနို့ချေးမှာ ကြောင့် အနံ့အသက်မကောင်းလှပေ။

သို့ကြောင့် အသက်ရှူမဝသကဲ့သို့ ဖြစ်လာကြသည် မာမက်ကြိုတင်ပြောထားသကဲ့သို့ပင် လမ်းများမှာ လူတ ယောက်သွားသာရုံပင်ရှိပြီး ဘေးတစ်ဖက်တစ်ချက်တွင် န ရှိုင်းသော ချောက်ကြီးများရှိနေကြသည်။ မှောင်နေသေ ကြောင့် ဘယ်လောက်နက်သည်ကိုတော့ မမြင်ကြရပေ။

နောက်ဆုံးတော့ အတော်အသင့်ကျယ်သောအခ ကျယ်တစ်ခုအတွင်းသို့ ရောက်သွားကြသည်။ အခန်း လေးထောင့်ပုံသဏ္ဍာန်ဖြစ်ပြီး အတော်ပင် ကျယ်ဝန်းသေ ကြောင့် ထိုအခန်းရောက်တော့မှပင် အသက်ဝအောင် ရှူ ရလေသည်။

"ဟိုဘက်ရောက်ရင် ဒါထက်အန္တရာယ်များတဲ့လ တွေကို ဖြတ်ကျော်ရဦးမယ်"

"ဘယ်လိုလမ်းမျိုးလဲ"

"ကျောက်တံတားလမ်းတွေပေါ်က သွားကြရမှာ ထက်ပိုကျဉ်းတယ်၊ အဲဒီတံတားတွေကို ကျော်ဖြတ်ပြီး တော့ ဆရာတို့သွားချင်တဲ့ သိုးမက်ရဲ့ သချိုင်းဂူပေါက်ဝ ရောက်ပါပြီ"

"မင်းက အတော်ကလေးသိတာပဲ၊ ဒီလမ်းကို ဘ နှခေါက်လောက် ရောက်ခဲ့ပြီးပြီလဲ"





"မနှစ်က နောက်ဆုံးတစ်ခေါက် ရောက်ခဲ့သေးတယ်၊ အဲဒီနောက်တော့ မရောက်တော့ပါဘူး"

"ဘယ်သူတွေနဲ့လာတာလဲ"

"ဆရာတို့လိုပဲ အရှေ့တိုင်းသားတွေလိုတော့ ထင် တာပဲ၊ သူတို့အဖွဲ့မှာ အမျိုးသမီးတစ်ယောက် ပါလာတယ်"

"လူအတော်များသလား"

"အဲဒီတစ်ခေါက်လာတုန်းကတော့ (၆)ယောက်ထင် တယ်၊ ဂူထဲရောက်မှ နှစ်ယောက်သေသွားတာနဲ့ သချိုင်းဂူ ထဲတောင်မဝင်တော့ပဲ ပြန်လှည့်သွားကြတယ်"

"ဘယ်လိုကြောင့်သေတာလဲ"

"ဒီမှာရှိတဲ့ သချိုင်းစောင့်တွေရဲ့ လက်ချက်ပဲဖြစ်မှာ ပေါ့၊ သိုးမက်သချိုင်းတွေမှာ စောင့်နေကြတဲ့ ဝိဉာဉ်တွေက သချိုင်းဂူထဲကို လူတိုင်းဝင်ခွင့်ပေးချင်ပုံ မရဘူး"

ဟု ပြောပြသည်။

"သချိုင်းစောင့်တွေက သချိုင်းဂူတွေကို ဖောက်ထွင်း ပြီး အနှောက်အယှက်ပေးတဲ့သူတွေကို သဘောမကျပေမယ့် ဆုလာဖို့ သက်သက်လာကြတဲ့ ငါတို့ကိုတော့ အနှောက်အ ယှက်ပေးကြမယ် မထင်ပါဘူး"

ဒေါက်တာမင်းထင်ကျော် စကားကြားသောအခါ မာမက်လည်း အတော်ပင် စိတ်သက်သာရာရသွားဟန်ဖြင့် ပါးထဲမှ သက်ပြင်းတစ်ချက်ချသံကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်မှာတော့ ရှေ့သို့ခရီးဆက်ကြပြန်သည်။
မာမက်ကြိုတင်ပြောထားသည့်အတိုင်းပင်၊ ကျ
မြောင်းလှသော ကျောက်တံတားလမ်းများမှ ခက်ခက်ခဲ
သွားကြရလေသည်။

ဘေးတဖက်တချက်မှာတော့ ချောက်ကြီးများရှိ
ပြီး ဘယ်လောက်နက်သည်ကိုတော့ မမြင်ရပေ။

ရှေ့မှသွားနေသော မာမက်၏ခြေလှမ်းအတိုင်း
နောက်မှထပ်ကြပ်မကွာ လိုက်သွားကြလေသည်။

သို့သော် ကျောက်တံတားလမ်းများက အလျား
ရှည်လှပေ။

ဂူပေါက်တစ်ခုနှင့်တစ်ခုကြားတွင် ချောက်ကြီးရှိ
ထိုချောက်ကြီးကို ဖြတ်လျှောက်ရန်အတွက် စီမံထား
တံတားမျိုးသာ ဖြစ်ပေသည်။ လေးယောက်သား သတိ
လျှောက်သွားကြရာ တစ်ဖက်ဂူပေါက်ရှိရာသို့ ရောက်
ကြသည်။ တစ်ဖက်သို့ရောက်တော့မှပင် အသီးသီးသက်
ချလိုက်ကြရသည်။

“ဒါ ဆရာတို့လေ့လာချင်တဲ့ သိုးမက်စ်(၃)ရဲ့ သင်္ချိုင်း
ဂူပါပဲ၊ ဂူထဲမှာ ကျောက်တလားကြီး တစ်လုံးရှိတယ်၊ အတွင်း
ရောက်တော့မှ အေးအေးဆေးဆေး လေ့လာကြည့်ကြ
ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က လက်
နာရီကို ကြည့်လိုက်သည်။ နာရီလက်တံက (၆)နာရီသို့ ပြ



လေပြီ။ ဂူထဲမှာ ရောက်နေသောကြောင့် နေ့မှန်းညမှန်း မသိ
ရသော်လည်း အပြင်ဘက်မှာတော့ မှောင်နေလောက်ပေပြီ။

သူတို့ ဂူပေါက်ဝရောက်သောအချိန်မှာပင် အခြား
တစ်နေရာဆီမှ ဆူဆူညံညံ အသံများကြားရသည်။ ပုံတင်သံ
များကြောင့် မည်သည့်နေရာမှလာသော အသံများဖြစ်သည်
ကို မသိရသော်လည်း မဝေးလှပေ။ အတန်ကြာတော့ လိုဏ်
ခေါင်းကြီးအတွင်းမှာ ပျံသန်းနေသော လင်းနို့များကိုလှမ်းမြင်
ရသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့်
လှမ်းထိုးကြည့်လိုက်ရာ ပျံနေသော လင်းနို့အကောင် အရေ
အတွက်မှာ အတော်ပင်များသည်ကို တွေ့မြင်ရသည်။ စိတ်
ထဲမှာတော့ ညအချိန်ရောက်လာသဖြင့် ဂူအောင်းလင်းနို့များ
အပြင်ထွက်လာကြသည်ဟု ထင်လိုက်မိသည်။ ထို့နောက်မှာ
တော့ အတွင်းသို့ဝင်ကြလေသည်။

ဂူဟုသာဆိုသော်လည်း စနစ်တကျပြုလုပ်ထားသော
လေးထောင့် ပုံသဏ္ဌာန်အခန်းကျယ်တစ်ခု ဖြစ်ပေသည်။ အ
တွင်းရောက်သောအခါ အပေါ်သို့တက်သော ကျောက်လှေ
ခါးများကို တွေ့ရပြန်လေသည်။ ကျောက်လှေခါးများ ဆုံး
သောအခါ ကြီးမားသော သံတိုင်ကြီးများဖြင့်ပိတ်ထားသော
တံခါးကိုတွေ့ရသည်။

သော့ခလောက်ဖြင့် ခတ်ထားခြင်းမဟုတ်ပဲ၊ သော့

www.burmeseclassic.com



ပေါက်ထဲသို့ သော့တံထည့်ပြီးဖွင့်ရသော တံခါးမျိုးဖြစ်သည်။

"ဒီဂူထဲမှာ အမှတ်(၃)သိုးမက်စ်မင်းဆက်ရဲ့ ဖာရိုးဘုရင်ရဲ့အလောင်း ရှိပါတယ်"

"အတွင်းကို ဘယ်လိုဝင်မလဲ"

"ဒီတံခါးကို ဖွင့်တဲ့သော့က ဘယ်သူ့ဆီမှာမှ မရှိလို့ အထဲကိုတော့ ဝင်ကြည့်လို့မရဘူး"

"မင်းဆီမှာပါတဲ့ သော့နဲ့မရဘူးလား"

မာမက်က ဘာမှမပြောပဲ သူ့ဆီမှာပါလာသော သော့တံကို ထုတ်ပေးလေသည်။ ဒေါက်တာမင်းထင်ကျော်က သော့ကိုယူ၍ သော့ပေါက်ထဲသို့ ထည့်ကြည့်သည်။

သူ့သော့နှင့်သူမဟုတ်သဖြင့် မရပေ။

ထို့ကြောင့် စိတ်ပျက်လက်ပျက်နှင့် ပြန်ပေးလိုက်သည်။

"ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုသလို ခရီးစဉ်တလျှောက်လုံး အဆင်ပြေလာကြပြီးမှ ဒီနေရာရောက်တော့မှပဲ အခက်အခဲတွေရပေတော့တယ်"

ဟု ဦးမင်းဟန်ကပြောသည်။ ကျော်စွာကတော့ ကျပ်ပြားလုံးအရွယ်ခန့် ကြီးမားသော သံတိုင်ကြီးများကို မချင့်မရဲဖြင့် ကိုင်ကြည့်နေသည်။

အကယ်၍သာ သေးသေးကွေးကွေးဆိုလျှင် လူအားဖြင့် ချိုးဖဲ့ပစ်ချင်နေဟန် ရှိသည်။





ဒေါက်တာမင်းထင်ကျော်က သံတိုင်များကြားမှ မီးရောင်ဖြင့် အတွင်းသို့ထိုးကြည့်လိုက်သည်။

အခန်းကျယ်ကြီးအလယ်တွင် ပလ္လင်နှင့်တူသော ကျောက်စင်တစ်ခုရှိပြီး ထိုအပေါ်မှာတော့ ကျောက်တလားကြီးတစ်လုံး တင်ထားသည်။ အခြားတော့ ဘာမှမတွေ့ရပေ။

လေးယောက်သား ထိုနေရာမှာပင်ရပ်ကာ အကြံရခက်နေကြလေသည်။ အချိန်က ညဦးပိုင်းအချိန် ရောက်နေပြီ။ ထို့ကြောင့် သင့်တော်သော နေရာတွင် စခန်းချ၍နားကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၇)

# ထူးဆန်းသည့် လင်းနို့ဗြူဟာဆိပ်တုံး

BURMESE CLASSIC

ငင်းတို့လေးယောက်သည် မီးတိုင်တစ်တိုင်ကိုသာ ထွန်းထားပြီး တစ်နေရာတွင် စခန်းချကာ ပါလာသော အစားအသောက်များကို စားသောက်ရင်း နားကြလေသည်။

ငင်းတို့အစီအစဉ်မှာ ထိုနေရာမှာပင် တစ်ရေးတစ်မောအိပ်ကာ နောက်တစ်နေ့မှပင် အတွင်းသို့ဝင်ရောက်နိုင်ရန် ကြိုးစားကြမည်ဟု စိတ်ကူးထားလေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးသည်နှင့် ကျောက်နံရံများမှာမှီပြီး တစ်ရေးအိပ်ကြလေသည်။

လိုဏ်ဂူအတွင်းမှာ မှောင်နေသောကြောင့် နေ့အချိန် ညအချိန်မှန်း မသိရသော်လည်း နာရီကိုကြည့်တော့ ညဦးပိုင်းအချိန်ပင် ကျော်လွန်နေပေပြီ။

အခြားသုံးယောက်က အိပ်ကြသော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ မအိပ်သေးပဲ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်အကြောင်းအရာများကို ပြန်လည်စဉ်းစားနေလေသည်။ အတန်ကြာတော့ လိုဏ်ခေါင်းကြီးအတွင်းမှ အသံအချို့ကို ကြားရလေသည်။

လင်းနို့များအော်သံ၊ ဒါမှမဟုတ် အုပ်စုလိုက်ဖွဲ့ပြီးပျံသန်းနေကြသော အသံများဖြစ်သည်။ ထိုကဲ့သို့ လူသူအရောက်အပေါက်နည်းသောဂူများ၊ လိုဏ်ခေါင်းများထဲတွင် လင်းနို့များ၊ လင်းဆွဲများ မြောက်များစွာ ရှိနေသည်ကတော့ မဆန်းကြယ်လှပေ။

ထို့ကြောင့် နံရံကိုမှီထားရင်းမှ နားစွင့်နေလေသည်၊ ထိုအခိုက်မှာပင် လေထဲမှဖြတ်ပျံလာသော အသံအချို့ကို စတင်ကြားလာရသည်။

ထိုအသံမျိုးကို ကြားဖူးနေသောကြောင့် ဒေါက်တာမင်းထင်ကျော်က အတွေးစကိုရပ်တဲ့ပြီး နားစွင့်ကြည့်နေသည်။ ကြားနေရသောအသံက သတ္တဝါများ ပျံသန်းလာ





သော အသံမျိုးဖြစ်သည်။

ထို့ကြောင့် နံဘေးမှာချထားသော လက်နှိပ်ဓာတ်မီးကိုယူ၍ အသံကြားရာဘက်သို့ ထိုးကြည့်လိုက်သည်။ အလင်းရောင်တန်းတလျှောက်မှာတော့ ဂူအတွင်းနေရာအနှံ့အပြားမှာ ပျံသန်းနေကြသော ပိုးမွှားများနှင့် လင်းနို့များကို မြင်ရလေသည်။ အချို့လင်းနို့များက မီးရောင်တန်းတလျှောက်တွင် ခေါက်တုံ့ခေါက်ပြန် ပျံသန်းနေကြသည်။

ကြည့်နေရင်းမှာပင် တစ်နေရာမှပျံထွက်လာသော လင်းနို့ကြီးသုံးကောင်ကို တွေ့လိုက်ရသည်။

"ဟင်"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲတွင် အံ့ဩသွားလေသည်။ သဘော်ပေါ်တွင် တွေ့ခဲ့ရသော လူမျက်နှာမျိုးနှင့် လင်းနို့ကြီးတွေများ ဖြစ်မလားဟု ပူပန်သွားလေသည်။

"ဖလမ်း. . ဖလမ်း. . ဖလမ်း. . "

အကောင်အရွယ်အစားကြီးသဖြင့် အတောင်ပံခတ်သံများက အတော်ပင်ကျယ်လောင်လှသည်။ တိတ်ဆိတ်နေသောအချိန်ဖြစ်သောကြောင့်လည်း ပွဲတင်သံများထွက်နေခြင်းလည်း ဖြစ်နိုင်ပေသည်။

ကြည့်နေရင်းမှာပင် ပျံလာသော လင်းနို့ကြီးသုံးကောင်က သူတို့ရှိသောနေရာအနီးသို့ ရောက်လာကြသည်။

အနားရောက်လာသောကြောင့် တဖြန်းဖြန်းနှင့် အ



www.burmeseclassic.com

www.burmeseclassic.com



တောင်ပံခတ်နေသံများ ကြားရသဖြင့် အိပ်နေသူများပင် နိုးလာကြသည်။

"ဘာသံတွေလည်း မောင်ထင်ကျော်"

"သဘောပေါ်မှာတွေ့ခဲ့တဲ့ လင်းနို့ကြီးတွေလိုမျိုး လူမျက်နှာနဲ့လင်းနို့ကြီးတွေ ရောက်လာကြပြီ"

"ဟင်"

ထိုသို့ပြောသဖြင့် နေရာမှထကြပြီး မီးတိုင်ထွန်းသူထွန်း၊ လက်နက်များ အဆင်သင့်ပြင်သူပြင်ကြလေသည်။

ဒေါက်တာမင်းထင်ကျော် ထင်သည့်အတိုင်းပင်. . မကောင်းဆိုးဝါးမျက်နှာမျိုး ဖြစ်နေသော လင်းနို့ကြီးသုံးကောင်က သူတို့အနီးသို့ရောက်လာပြီး ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

အကောင်အရွယ်အစားက ကြီးသဖြင့် ချွန်ထက်သော သွားအစွယ်များဖြင့်ကိုက်ခြင်း၊ ချိတ်ကောက်ကဲ့သို့ ချွန်ထက်သော တောင်ပံချိတ်များဖြင့် ရိုက်ခတ်ခြင်းများဖြင့် တိုက်ခိုက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ထံမှာ သေနတ်ပါသော်လည်း ထိုနေရာမျိုးတွင် သေနတ်သုံးရန်မသင့်သဖြင့် မသုံးတော့ပေ။ မီးတုတ်များကို တုတ်သဖွယ်အသုံးပြုခြင်း၊ ဓားများကို အသုံးပြုခြင်းဖြင့် ပြန်လည်တိုက်ခိုက်ကြလေသည်။

မီးတုတ်တွင် မီးတောက်များရှိနေရာ ထိုမီးရောင်





များကြောင့် မံမိရုပ်အလောင်းမျက်နှာမျိုးဖြင့် များစွာတူလှသော လင်းနို့ကြီးများမျက်နှာကို အနီးကပ်တွေ့ကြရသည်။

၎င်းတို့ထံမှ တဂီးဂီးနှင့်မာန်ဖီနေသော အသံများ၊ သွားကြိတ်သံများ၊ အတောင်ပံချင်းထိသံများကိုလည်း ကြားနေရသည်။

မိစ္ဆာမျက်နှာနှင့်တူသော လင်းနို့ကြီးများက ကုတ်ခြစ်ခြင်း၊ အစွယ်ဖြင့်ထိုးခြင်း၊ သွားများဖြင့်ကိုက်ဖြတ်ရန် ကြိုးစားကြသည်။ ဒေါက်တာမင်းထင်ကျော်တို့ကလည်း မိမိတို့အနားသို့ အကပ်မခံဘဲ မီးတုတ်များဖြင့် ရိုက်ချကြသည်။

မာမက်ထံမှာပါလာသော ဓားကောက်မှာ ထိုနေရာမှာ များစွာအသုံးတည့်လှပေသည်။ လင်းနို့များ၏ ကိုယ်ကိုသော်လည်းကောင်း ဓားချက်ထိသောအခါ ပေါက်ပြဲထွက်သွားကြသည်။

အတောင်ပံကို ဓားချက်ထိသောအခါ မပျံနိုင်တော့သဖြင့် တစ်ကောင်ပြီးတစ်ကောင် ချောက်ထဲကျသွားကြလေတော့သည်။ နောက်တော့ သုံးကောင်စလုံး မတွေ့ရတော့ပေ။

"ဒီလင်းနို့မျိုးတွေကို သဘောပေါ်မှာ တစ်ခါတွေ့ခဲ့သေးတယ်၊ ဒီနေရာကို ဘယ်လိုရောက်လာကြတာလဲ"

ဟု ကျော်စွာက ရေရွတ်ပြောဆိုနေသည်။

"ဒီနေရာတွေမှာ သချိုင်းဂူတွေက အများကြီးရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ ဒီလိုမိစ္ဆာမျက်နှာနဲ့ လင်းနို့တွေ နေရာတကာမှာ ရှိနေတာ ဘယ်မှာထူးဆန်းပါတော့မလဲ"

ဟု ဦးမင်းဟန်က ပြောသည်။

"ဒါဖြင့် ဒီနေရာတွေမှာ အများကြီးရှိချင်ရှိနေမှာ နောက်ထပ် ရောက်လာကြဦးမလား မသိဘူး"

" သိပ်လည်း မစိုးရိမ်ပါနဲ့ ကိုကျော်စွာရယ်၊ သူတို့က ကျွန်တော်တို့နေတဲ့ နေရာကို တကူးတကရောက်လာကြတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ကသာ သူတို့နေတဲ့နေရာကို တကူးတက ရောက်လာကြတာပါ၊ ဒီတော့အခုလိုမျိုးတွေ တာ ဘယ်ဆန်းပါတော့မလဲ"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

ထို့နောက်တွင် မီးရောင်ဖြင့် ဒဏ်ရာရသော နေရာများကို ဆေးထည့်ခြင်း၊ အဆိပ်မတက်စေရန် အဆိပ်ဖြေဆေးများ သောက်ကြရသည်။

လင်းနို့အစွယ်ဖြင့် ထိုးကိုက်ထားသောနေရာများ ဒဏ်ရာများမှာ အဆိပ်သင့်နေသကဲ့သို့ နီရဲနေလေသည်။

ထိုအခါ လမ်းပြမာမက်က ၎င်းယူဆောင်လာသော ဆေးဗူးထဲမှ ဆေးမှုန့်ကိုပေးသည်။

"ဒီဆေးမှုန့်ကိုဒဏ်ရာပေါ်မှာ လူးပေးထားလိုက်ရင် အဆိပ်မတက်၊ အနာမရင်းပဲ ချက်ချင်းပျောက်နိုင်ပါတယ်"

ဟုပြောသဖြင့် ထိုဆေးမှုန့်များကိုလည်း ထပ်မံလိမ်းလိုက်ကြသည်။ ဆေးမှုန့်ထည့်သည်နှင့် အဆိပ်တက်နေသူမှုများ သက်သာသွားသည်။





တစ်ညလုံး မအိပ်တော့ဘဲ စကားပြောရင်းနှင့် စောင့်နေကြသော်လည်း နောက်ထပ်တော့ လင်းနို့ကြီးများ ရောက်လာကြတော့ပေ။ သို့သော်လည်း မီးရောင်နှင့်ဝေးသော အမှောင်ထဲမှာတော့ လှုပ်ရှားသွားလာနေကြသည့် ဝိညာဉ်ပုံရိပ်များကိုတော့ လှမ်းမြင်ကြရသည်။

အချို့လည်း ရှေးခေတ်က အီဂျစ်တို့ ဝတ်ဆင်သော အဝတ်အစားများကိုဝတ်ဆင်ကာ သွားလာနေကြလေသည်။ ဦးခေါင်းပေါ်မှာ အဝတ်များခြုံထားသောကြောင့် မျက်နှာများကို မမြင်ရသော်လည်း သာမန်လူများမဟုတ်သည်ကိုတော့ မြင်ရုံနှင့်သိနိုင်ပေသည်။

တစ်ကြိမ်မှာတော့ သံတံခါးချပ်ကြီးများ ပိတ်ထားသော လိုဏ်ဂူအတွင်းမှ လူတစ်ယောက်ထွက်လာသည်။ ဘုရင်များ ဝတ်ဆင်ကြသည့် အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

၎င်းအပြင်သို့ ရောက်လာသည်နှင့် လေပြင်းများ တိုက်လာသကဲ့သို့ဖြစ်ကာ ထွန်းထားသော မီးတိုင်မှာ သူ့အလိုလို ငြိမ်းသွားလေသည်။

သို့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေမျိုးမှာပင် လေထဲမှာ လွင့်မျောလာသော ဖြူဖြူသဏ္ဌာန်က သူတို့အနီးသို့ ရောက်လာသည်။ ဖာရိုးဘုရင်များ ဝတ်ဆင်သော အဖြူရောင်ဝတ်ရုံကြီး လေထဲတွင် တလူလူနှင့် လွင့်မျောနေသည်။ ခြေထောက်နှင့် လျှောက်လာနေသလား၊ ဒီအတိုင်းပဲ ရွေ့လျားလာသလားတော့ မသိပေ။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ တိတ်ဆိတ်ငြိမ်သက်စွာနှင့်ပင် အခြေအနေကို ကြည့်နေလေသည်။ တရွေ့ရွေ့နှင့်လာနေသော ဖြူဖြူသဏ္ဌာန်က အနားသို့ ရောက်လာလေသည်။ ထိုအခါမှ ၎င်းမျက်နှာကို မြင်တွေ့ရတော့သည်။

အရိုးပြိုင်းပြိုင်းကျနေသောမျက်နှာ၊ နီရဲနေသော မျက်လုံးနှစ်လုံးနှင့် မျက်နှာတစ်ဝက်လောက်ကို မနေရာမှ ထားသောသွားများဖြင့် ကြောက်စရာကောင်းသော မိစ္ဆာ မျက်နှာမျိုး ဖြစ်လေသည်။

ထိုမိစ္ဆာမျက်နှာနှင့်ပင် ဒေါက်တာမင်းထင်ကျော်တို့ကို အနားကပ်ပြီး ငုံ့ကြည့်လေသည်။

သို့ကြောင့် တစ်ယောက်မှ အသက်ပြင်းပြင်း မရှူရဲဘဲ ငြိမ်သက်နေကြရသည်။ မာမက်ကတော့ မြေပေါ်သို့မျက်နှာ အပ်ထားကာ ကြောက်ရွံ့သဖြင့် တစ်ကိုယ်လုံး တုန်ရင်နေ လေသည်။

ဒေါက်တာမင်းထင်ကျော်က အကယ်၍မိစ္ဆာဝိညာဉ်





က အန္တရာယ်ပေးလာလျှင် မည်သို့မည်ပုံ တုံ့ပြန်ရမည်ကို စဉ်းစားနေလေသည်။ သို့သော် သူထင်သလိုတော့ မဖြစ်ပေ။

မိစ္ဆာဝိညာဉ်က သူတို့လေးယောက်စလုံးကို တစ်ယောက်ချင်းစီ အနားကပ်၍ လိုက်လံကြည့်ရှုပြီး ထိုနေရာမှ ပြန်လှည့်သွားလေတော့သည်။

လာစဉ်ကကဲ့သို့ပင် အဖြူရောင်ဝတ်ရုံကြီးက လေထဲ၌တလူလူလွင့်မျောကာ သွားနေခြင်းဖြစ်သည်။ နောက်တော့ ဂူအတွင်းသို့ပြန်ဝင်ကာ ပျောက်ကွယ်သွားလေသည်။

ဒီတော့မှ အားလုံးမှာ လှုပ်ရှားဝံ့ကြပြီး အသက်ဝအောင်ရှူကြရပေသည်။ မာမက်ကလည်း နေရာမှပြန်ထပြီး ကြောက်ရွံ့ထိတ်လန့်နေသောအသံဖြင့် ပြောလေသည်။

"ဖာရိုးဘုရင်ရဲ့ ဝိညာဉ်တော်နဲ့တွေ့ပြီးမှ အသက်ရှင်ခွင့်ရတာ ဒီတစ်ခါပဲရှိသေးတယ်၊ အံ့သြစရာပဲ"

ဟု တစ်ယောက်တည်းပြောသလိုဖြင့် ရေရွတ်နေလေသည်။

ဤသို့ဖြင့် နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ တစ်နေရာမှဝင်လာသော အလင်းရောင်အချို့ကို တွေ့ရသည်။ နံနက်ပိုင်းအချိန်တွင် တစ်နေရာမှဝင်လာသော အလင်းရောင်များက ထိုဂူကြီးအတွင်းသို့ ရောက်လာဟန်ရှိသေသည်။

သို့ကြောင့် မီးတိုင်များမလိုပဲ ပတ်ဝန်းကျင်ကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သော အခြေအနေမျိုး ဖြစ်လာသည်။ ထိုသို့အလင်းရောင်ရလာတော့ ဂူထဲမှာပျံ့သန်းနေသော လင်းနို့၊ လင်းဆွဲများလည်း ပျောက်သွားကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း အလင်းရောင်ရလာသောအခါမှ သိုးမက်စ်ဘုရင်၏ ဂူသင်္ချိုင်းကို အသေအချာကြည့်ကြပြန်သည်။ အခြေအနေကတော့ ထူးမခြားနားပင်။

ကျောက်သားနံရံတွင် ကြီးမားသော သံတိုင်ကြီးများစိုက်ကာ တံခါးကို သော့ခတ်ထားလေသည်။ သော့မရှိပဲနှင့် ဘယ်လိုနည်းနှင့်မှ ဖွင့်မရနိုင်သော အခြေအနေမျိုးဖြစ်သည်။

ထိုအခိုက်မှာပင် သူတို့ဝင်လာသော လမ်းဘက်မှ မီးရောင်အချို့ကို လှမ်းမြင်ရသဖြင့် အခြေအနေကြည့်နေကြသည်။

နောက်မှဝင်ရောက်လာသူများမှာလည်း သူတို့ဝင်ရောက်လာစဉ်ကကဲ့သို့ပင် ခက်ခဲသော ကျောက်တံတားလမ်းများကို ဖြတ်လာနေကြသည်။

၎င်းတို့ကိုင်ထားသော မီးရောင်ကြောင့် နောက်ထပ်ရောက်လာသူတို့မှာလည်း လေးယောက်ပင်ဖြစ်ကြောင်း လှမ်းမြင်ရသည်။

မနီးမဝေးရောက်လာတော့မှ အခြားသူမဟုတ်ပဲ သင်္ဘောပေါ်မှာ တွေ့ခဲ့ရသော ဒေါက်တာသော်ဟေယာဒဲလ်





တို့ဖြစ်ကြောင်း သိရသည်။

သူနှင့်အတူ အစေအပါးတစ်ယောက်နှင့် ရှာခံလမ်းပြနှစ်ယောက်တို့ ပါလာကြသည်။ ဟယ်လင်နှင့် သူ့မိခင်တို့တော့ မပါပေ။

ဒေါက်တာသော်ဟေက ဒေါက်တာမင်းထင်ကျော်တို့ကို မြင်သောအခါ ဝမ်းမြောက်သွားဟန်ဖြင့် နှုတ်ဆက်လေသည်။

"ဒီနေရာမှာ ခင်ဗျားတို့နဲ့ပြန်တွေ့ရမယ်လို့တော့ မျှော်လင့်ထားပါတယ်၊ ဒါပေမယ့် အခုလို တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရတော့လည်း ဝမ်းသာပါတယ်"

ဟုပြောဆိုကာ သုံးယောက်စလုံးကို လက်ဆွဲနှုတ်ဆက်လေသည်။

"ကျွန်တော်တို့ကလည်း ဒေါက်တာနဲ့ အခုလိုပြန်တွေ့တာ ဝမ်းသာပါတယ်၊ ဒေါက်တာလည်း ဒီနေရာကိုပဲ ဦးတည်ပြီး လာကြတာထင်ပါရဲ့"

ဒေါက်တာမင်းထင်ကျော်ကမေးတော့ ခေါင်းညိတ်ပြသည်။

"မှန်ပါတယ်၊ ဒီနေရာမှာရှိတဲ့ သင်္ချိုင်းဂူတွေထဲမှာ ဖာရိုးဘုရင်လေးတူတန်ခမန် သင်္ချိုင်းဂူလိုပဲ နာမည်ကြီးလှတဲ့ အမှတ်(၃)သိုးမက်စ် ဖာရိုးဘုရင်သင်္ချိုင်းဂူကို ကြည့်ရှုဖို့လာခဲ့တာပါပဲ၊ အခုတော့ အောင်မြင်ပြီလို့ ဆိုရမှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်.. ဒေါက်တာက အရင်တစ်ခေါက် လာခဲ့ဖူးသေးတဲ့သဘောလား"

"တစ်နှစ်က ဒီနေရာကိုရောက်ဖို့ တစ်ခေါက်လာပြီး ကြိုးစားကြည့်ကြပါသေးတယ်၊ အဲဒီတုန်းက မအောင်မြင်ခဲ့ပါဘူး၊ အဆင်မပြေဖြစ်လို့ ပြန်လှည့်သွားခဲ့ရတယ်"

ဟု ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ သင်္ချိုင်း စောင့်ပြောပြလိုက်သည့် လူသုံးယောက်ဝင်သွားပြီးမှ တစ် ယောက်ပဲပြန် ထွက်သွားသည်မှာ ဒေါက်တာသော်ဟေ ဖြစ်မည်ဟု ခန့်မှန်းလိုက်သည်။

"အဲဒီတုန်းက ကျွမ်းကျင်တဲ့ လမ်းပြမပါတော့ ချောက် ထဲကျလို့ လူနှစ်ယောက်သေခဲ့ရတယ်၊ ဒီတစ်ခေါက် ကျွမ်း ကျင်တဲ့လမ်းပြတွေ ခေါ်လာမှပဲ ချောချောမောမော ရောက် ပေတော့တယ်"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"ကျွန်တော်တို့က ညကတည်းက ရောက်နေကြတာ ပါ၊ ဒါပေမယ့် အတွင်းကိုတော့ ဝင်ခွင့်မရကြသေးပါဘူး ဟောဒါက သိုးမက်ဘုရင်ရဲ့ ဂူသင်္ချိုင်းပါပဲ"

ဟု ပြောလိုက်သည်။

ဒေါက်တာသော်ဟေက သံတံခါးအနီးသို့ ကပ် အခြေအနေကြည့်နေလေသည်။ အတော်ကြာသည်အထိ



အခြေအနေကို လေ့လာကြည့်ပြီးမှ မေးသည်။

"ဒီလောက်ခိုင်ခံ့တဲ့ သံတံခါးကြီးကို ဘယ်လိုနည်းနဲ့ ရအောင်ဖွင့်ကြမလဲ"

"ကျွန်တော်တို့မှာလည်း အပြင်ဘက်ကတံခါးကိုဖွင့်ဖို့ သော့တစ်ချောင်းပဲ ပါလာတယ်၊ ဒီတံခါးကိုဖွင့်ဖို့သော့တော့ မပါဘူး၊ ဒေါက်တာဆီမှာများ ပါလာသလား"

"ကျုပ်ဆီမှာတော့ မပါဘူး..၊ အပြင်တံခါးတောင် ခင်ဗျားတို့ဖွင့်ထားခဲ့တာ အဆင်သင့်တွေ့လို့ ဝင်လာခဲ့ကြတာ၊ ကျုပ်အထင်ပြောရရင်တော့ ဒီသော့မျိုးက လွယ်လွယ်နဲ့တော့ ရနိုင်မယ်မထင်ဘူး၊ နယ်မြေအုပ်ချုပ်တဲ့ သူတွေဆီမှာသော်လည်းကောင်း၊ ဒါမှမဟုတ် အစိုးရအာဏာပိုင်တွေဆီမှာသော်လည်းကောင်း ရှိနိုင်တယ်"

ဒေါက်တာသော်ဟေက သူ့ထင်မြင်ချက်ကိုပြောပြသည်။

"ဖြစ်နိုင်ပါတယ်၊ ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒီနေရာကိုရောက်ဖို့က မလွယ်ဘူး၊ လမ်းပြကောင်းကောင်းမပါပဲနဲ့ လာလို့မရဘူး၊ အခုလိုရောက်လာတုန်း ဒီအတိုင်း လက်လျှော့ပြီး ပြန်သွားတာနဲ့စာရင် ဖြစ်နိုင်တဲ့နည်းနဲ့ ကြိုးစားကြည့်ရင် ပိုမကောင်းပေဘူးလား"

"ကောင်းပါတယ် ဒေါက်တာ၊ နောက်ဆုံး သံတိုင်တွေကို မီးအပူပေးပြီး ပျော့အောင်လုပ်နိုင်ရင်တော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဝင်လို့ရကောင်းရနိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော် စကားကြားတော့ ဒေါက်တာသော်ဟေက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ဒါကတော့ နောက်ဆုံးအဆင့်ပေါ့လေ၊ အဲဒီလို လုပ်ခင် တခြားနည်းတွေနဲ့လည်း ကြိုးစားကြည့်ကြသေးတာပေါ့၊ ဥပမာ သော့ပေါက်ထဲ တစ်ခုခုထည့်ပြီး လှည့်ကြည့်တာမျိုးပေါ့"

ဒေါက်တာသော်ဟေယာဒဲလ်မှာ ရှေးဟောင်းသုတေသနသမား ဖြစ်သောကြောင့် သူတို့ထက် အတွေ့အကြုံပိုများပုံရသေးသည်။ ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့က ၎င်းပြောသောအကြံကို လက်ခံလိုက်ကြသည်။

ထို့နောက်မှာတော့ အနားယူရင်း အစားအသောက်များကို စားသောက်ကြသည်။ ယခုတော့ သူတို့အဖွဲ့မှာ ... အင်အား တောင့်တင်းသွားပေပြီ။

ဒေါက်တာမင်းထင်ကျော်တို့က လေးယောက်၊ ဒေါက်တာသော်ဟေတို့က လေးယောက် ပေါင်းလိုက်လျှင် ရှစ်ယောက်ဖြစ်သည်။ ထိုအထဲတွင် လမ်းပြနှင့် အစေအပါးက လေးယောက်ရှိသည်။

စားသောက်ပြီးတော့ ၎င်းတို့တွင်ပါလာသော အိတ်များအတွင်းမှ တံခါးသော့ကို ဖွင့်နိုင်လောက်သော ပစ္စည်းများကို အသီးသီးရှာဖွေကြည့်ကြသည်။



ထိုအခါ ဒေါက်တာမင်းထင်ကျော် အိတ်ထဲတွင် သဘော်ာမထွက်ခင် သဘော်ာဆိပ်မှဝယ်လာသော ပစ္စည်းများကိုတွေ့သဖြင့် အပြင်ထုတ်လိုက်သည်။

မရဏကျိန်စာ တံဆိပ်တော်ဟုရေးထားသော ကြေးတံဆိပ်တစ်ခု၊ ကြေးပြားများဖြင့် ပြုလုပ်ထားသော ပုရပိုဒ်များနှင့် အခြားရှေးဟောင်းပစ္စည်းအချို့တို့ပင် ဖြစ်ကြလေသည်။ ထိုပစ္စည်းများထဲတွင် အတော်အသင့်ကြီးသော သော့တစ်ချောင်းလည်း ပါလာလေသည်။

"ဒီမှာ သော့အဟောင်းတစ်ချောင်းတော့ ပါလာတယ်၊ ဒါနဲ့အရင်ဖွင့်ကြည့်ရမယ်"

ဟုပြောပြီး သော့ကိုယူကာ တံခါးရှိရာသို့ သွားလေသည်။ ကျန်လူများက ဒေါက်တာမင်းထင်ကျော် အခြေအနေကို ကြည့်နေကြသည်။

အနားရောက်တော့ သော့ပေါက်ထဲသို့ သော့တံကို ထည့်လိုက်သည်။ အနေတော်ဖြစ်ဟန်ရှိသော်လည်း ဖုံနှင့်ချေးများ တက်နေသောကြောင့် ထိုးသွင်း၍မရပေ။

ထို့ကြောင့် သော့ပေါက်ထဲသို့ ရေများထည့်ပြီးမှ ထပ်မံထည့်ကြည့်သောအခါ တဖြည်းဖြည်းဝင်သွားလေသည်။ အတန်ကြာအောင် လှည့်ကြည့်သော်လည်း မထူးခြားဘဲ ရှိနေလေသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သောကြောင့် ချေး

www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ပိတ်နေဟန်ရှိသည်။ သို့သော်လည်း သော့ပေါက်တွင်းသို့ သော့ဝင်နေပြီဖြစ်သောကြောင့် စိတ်မလျှော့ပဲ တစ်ယောက်တစ်လှည့်စီ ကြိုးစားဖွင့်ကြရာ နောက်ဆုံးမှာတော့ သော့ပွင့်ကာ တံခါးဂျက်ပြုတ်သွားလေတော့သည်။

"တံခါးပွင့်သွားပြီ"

"ဝမ်းသာစရာကောင်းလိုက်တာ၊ ကျုပ်တို့ကိုတော့ ဖာရိုးဘုရင်ရဲ့ဝိညာဉ်က အကူအညီပေးနေပြီ ထင်ပါရဲ့"

ဟုပြောဆိုကာ. . အားလုံး အတွင်းသို့ဝင်ကြလေသည်။ အတွင်းမှာတော့ ကျောက်ဂူကြီးတစ်ခုလုံးကို လေးထောင့်ပုံသဏ္ဍာန်ဖြစ်အောင် စီမံပြုလုပ်ထားရာ အတော်ပင်ကျယ်ဝန်းလေသည်။

ထိုအခန်းတွင်းမှာတော့ ထွေထွေထူးထူး အခြားပစ္စည်းများမရှိပဲ နံရံမှာမီးထွန်းရန် မီးတိုင်များသာရှိသည်။ အခန်းအလယ်မှာတော့ ကြီးမားသော ကျောက်တလားကြီးတစ်လုံး ရှိလေသည်။

အလျားအနံမှာ သာမန်တွေ့ဖူးသော ကျောက်တလားကြီးများထက် ပိုမိုကြီးမားလေသည်။ ပြုလုပ်ထားသည်မှာ သေသပ်လှသောကြောင့် အဖုံးနှင့်အောက်ခံ ဆက်စပ်နေသည့် နေရာကိုပင် မတွေ့ရပေ။

ထို့ကြောင့် မီးတိုင်အချို့ကို ထပ်ထွန်းပြီး ကျောက်တလားကြီးပေါ်မှာ ကပ်နေသော ဖုံများကို သုတ်သင်ရှင်း





လင်းကြလေသည်။ ထိုအခါမှ မျဉ်းဆွဲထားသကဲ့သို့ တိကျလှသော အဖုံးစပ်ကြောင်းကို တွေ့ကြရသည်။

ထို့ကြောင့် လူအင်အားဖြင့် တွန်းဖယ်ကြည့်ကြသည်။ အသားကိုက်နေသောကြောင့် နည်းနည်းမှမလှုပ်ပေ။

အကြိမ်ကြိမ်တွန်းကြတော့မှ 'တကျိကျိ'နှင့် အသံမြည်ကာ ရွေ့လျားစပြုလာလေသည်။ အင်တိုက်အားတိုက်ဖြင့် ဆက်တိုက်တွန်းကြရာ နောက်ဆုံးမှာတော့ တဖြည်းဖြည်းနှင့် ပိုလှုပ်လာပြီး ရွေ့လျားလာလေသည်။

အကြိမ်ကြိမ်အခါခါ တွန်းကြသောအခါမှာတော့ နှစ်ပေါင်းများစွာ ငြိမ်သက်စွာရှိနေသော ကျောက်တလားအဖုံးကြီးမှာ အောက်သို့ ဝုန်းခနဲ ပြုတ်ကျသွားလေသည်။

အဖုံးဖွင့်သွားသည်နှင့် အတွင်းမှ ရနံ့တစ်မျိုး ထွက်လာရာ အတွေ့အကြုံများသော ဒေါက်တာသော်ဟေက သတိပေးသဖြင့် နောက်သို့ဆုတ်နေကြရလေသည်။

ကျောက်တလား အဖုံးပွင့်သွားသောအချိန်တွင် ဂူအတွင်းမှလင်းနို့များ ဝေါခနဲဖြစ်သွားကာ ဆူဆူညံညံအသံများဖြင့် ဂူအတွင်းမှာ ပျံသန်းနေကြလေသည်။

ထိုအထဲမှပင် ကြီးမားသော လင်းနို့ကောင်ကြီးများ သူတို့ရှိရာဘက်သို့ ပျံလာနေကြသည်။

"လင်းနို့မိစ္ဆာတွေလာနေပြီ သံတံခါးကိုပြန်ပိတ်ထားလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးမင်းဟန်က သတိပေးလိုက်သဖြင့် လမ်းပြများက ဟနေသောသံတံခါးကို ပြန်ပိတ်လိုက်ကြသည်။ သော့တံကတော့ သော့ပေါက်ထဲမှာပင် တန်းလန်းရှိနေသေးသည်။

သံတိုင်များမှာ အတော်အသင့် ကျယ်ဝန်းသော်လည်း လင်းဆွဲများထက်ပင် ပိုမိုကြီးသော လင်းနို့ကြီးများ ဝင်လာနိုင်လောက်အောင်တော့ မကျယ်လှပေ။

တံခါးပိတ်လိုက်သော အချိန်မှာပင် အဝေးမှပျံသန်းလာသော လင်းနို့မိစ္ဆာကြီးများက သံတံခါးအနီးသို့ ရောက်လာကြသည်။

လေးငါးကောင်ခန့်ရှိပြီး သံတန်းများတွင် ချိတ်ဆွဲလျက် တဂီးဂီးနှင့် အော်ဟစ်နေကြသည်။ အကယ်၍ ဝင်လာ၍ရနိုင်ပါက အတွင်းသို့ဝင်ရောက်လာပြီး တိုက်ခိုက်ကြမှာ အသေအချာပင်။

ထိုလင်းနို့ကြီးများကိုမြင်တော့ ဒေါက်တာသော်ဟေက ၎င်းအိတ်ထဲမှာပါလာသော ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုအရာမှာ အခြားမဟုတ်ပေ။

လင်းနို့ဖြူတံဆိပ်ပါသော တံဆိပ်တုံးတစ်ခုပင် ဖြစ်သည်။ တံဆိပ်တုံး၌ပါသော လင်းနို့မှာ ပုလဲဖြူကဲ့သို့ ဖြူဖွေးနေပြီး အတောင်ပံနှစ်ဖက် ဖြန့်ကားထားသော ပုံသဏ္ဌာန်ဖြစ်သည်။

ထိုလင်းနို့ဖြူတံဆိပ်ကို မြင်သောအခါ သဘော်ပေ





တွင် မေရီချိုဆိုသော အမျိုးသမီးပြောပြသည့် လင်းနို့မိစ္ဆာတို့ ကိုနိုင်သော လင်းနို့ဖြူအကြောင်းကို ချက်ချင်းသတိရလိုက်ပေသည်။

ဒေါက်တာသော်ဟေက ထိုလင်းနို့ဖြူတံဆိပ်ကို ကိုင်ကာ သံတံခါးအနီးသို့ လျှောက်သွားလေသည်။ သံတိုင်များတွင် တွယ်ကပ်နေသော လင်းနို့မိစ္ဆာများက သူ့ကိုမြင်သောအခါ သွားများကိုဖြီးကာ တဂီးဂီးနှင့်မာန်ဖီနေကြသည်။

ထိုနေရာရောက်တော့ ဒေါက်တာသော်ဟေက သက်ထဲမှာကိုင်ထားသော လင်းနို့ဖြူတံဆိပ်ကို ထောင်ပြလိုက်သည်။ ထိုသို့ထောင်ပြလိုက်သည်နှင့် သံတိုင်များမှာ တွယ်ကပ်နေကြသော လင်းနို့ကြီးများမှာ ဖျားအုံကို တုတ်ဖြင့်ထိုးလိုက်သကဲ့သို့ ဝေါခနဲ ထပျံသွားလေတော့သည်။

လင်းနို့များမရှိတော့မှ ဒေါက်တာသော်ဟေက အတွင်းဘက်သို့ ပြန်လှည့်လာသည်။

"ဒေါက်တာရဲ့ လင်းနို့ဖြူတံဆိပ်တုံးက တယ်လည်း အသုံးဝင်ပါလား ဒါဘယ်လိုတံဆိပ်တုံးမျိုးလဲ"

ဦးမင်းဟန်က မေးလိုက်သည်။

"ဒါ မံမီရုပ်အဟောင်းတွေကို ပိတ်ကြိုးတွေနဲ့ ရစ်ပတ်တဲ့အခါ နောက်ဆုံးအစသတ်တဲ့ နေရာမှာအမှတ်အသားအဖြစ် ထုတဲ့တံဆိပ်တုံးပါပဲ၊ တံဆိပ်တုံးပေါ်မှာ လင်းနို့ဖြူတံဆိပ်ပါတယ်၊ ဒီတံဆိပ်ကိုမြင်ရင် လင်းနို့မိစ္ဆာတွေက ကြောက်ရွံ့



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်”

“ဒေါက်တာ ဘယ်နေရာက ရခဲ့တာလဲ”

“(၄)ဆက်မြောက် ချီယော့မင်းဆက် ဖာရိုးဘုရင်သချိုင်းဂူက ရခဲ့တာပါ။ ဒါပေမယ့် ဒီပစ္စည်းက သမိုင်းအထောက်အထားတွေအတွက် တန်ဖိုးကြီးလွန်းလို့ ယူထားခဲ့ပေမယ့်. . အန္တရာယ်တွေကတော့ အတော်များပါတယ် နောက်တော့ ပြောပြပါ့မယ်”

ဟုပြောပြီး ဒေါက်တာသော်ဟေယာဒဲလ်က ၎င်း၏ တံဆိပ်တုံးကို အိတ်ထဲသို့ ပြန်ထည့်ထားလိုက်လေသည်။









## အခန်း [၈]

# ရွှေတလားနှင့် သချိုင်းဂူအကျဉ်းသား

အတန်ကြာသောအခါ ကျောက်တလားကြီးအတွင်း ထွက်နေသော အခိုးအငွေ့များ မရှိတော့ပေ။ အနံ့များသည်း ပြယ်သွားပေပြီ။ ထိုအခါမှ အားလုံး ကျောက်တလားကြီးရှိရာသို့ တစ်ကျော့ပြန်သွားပြီး ကြည့်လိုက်ကြသည်။

“ဟာ”

အားလုံး တအံ့တဩဖြစ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုင်းတို့ မျှော်လင့်ထားသည်က ကျောက်တလားကြီး ထဲတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ထည့်ထားသော မမီရုပ်အလောင်းကို တွေ့ရမည်ဟု ထင်ထားကြသော်လည်း တကယ်တမ်းတော့ မဟုတ်ပေ။

ကျောက်တလားကြီးအတွင်းတွင် ရွှေသားဖြင့်ပြုလုပ် ထားသော ခေါင်းတလားကြီးတစ်လုံး ရှိနေလေသည်။ ရွှေ ခေါင်းတလားကြီးမှာ ရွှေရောင်များဖြင့် ဝင်းအိနေသည်။

ခေါင်းတစ်ခုလုံးမှာလည်း ရှေးခေတ်က အသုံးပြု သော အရုပ်သင်္ကေတဖြင့် ရေးသားသော အီဂျစ်စာများကို တွေ့ကြရသည်။

အထူးခြားဆုံးမှာ ရွှေခေါင်းတလားအဖုံးပေါ်တွင် ရောင်စုံဆေးများဖြင့် ရေးဆွဲထားသော လူရုပ်ပုံပင်ဖြစ်သည်။ ရှေးခေတ်အီဂျစ် အမျိုးသမီးများ ဝတ်ဆင်သော အဝတ်အ စားများ ဝတ်ဆင်ထားသည့် မိန်းမတစ်ယောက်၏ပုံကို ရေး ဆွဲထားခြင်းဖြစ်သည်။

ထိုရုပ်ပုံ၏ ထူးခြားမှုမှာ မျက်လုံးနှစ်လုံးဖြစ်သည်။ မျက်လုံးနှစ်လုံးက အသက်ဝင်နေပြီး အပေါ်မှငုံ့ကြည့်နေသူ များကို ပြန်ကြည့်နေလေသည်။

ရုတ်တရက်ကြည့်လိုက်လျှင် မျက်တောင်ခတ်နေသ ကဲ့သို့ပင် ထင်ရလေသည်။

"ဒီရွှေခေါင်းထဲမှာ ဖာရိုးဘုရင်ရဲ့ အလောင်းတော့ ရှိပုံမရဘူး၊ မိန်းမတစ်ယောက်ရဲ့အလောင်း ရှိပုံရတယ်"

"ဒါဖြင့် ဘုရင့်မိဖုရားတစ်ပါးရဲ့ အလောင်းပဲဖြစ်မှာ ပေါ့၊ သာမန် မိန်းမတစ်ယောက်ကိုတော့ အခုလို ရွှေခေါင်းနဲ့ ထည့်ထားမှာ မဟုတ်ပါဘူး"

ထိုသို့ပြောပြီး ပိတ်ထားသော ရွှေခေါင်းအဖုံးကိုဖွင့် ရန် ကြိုးစားကြည့်သည်။ မရပေ၊ ဂုင်းမှာ သော့ဖြင့်ဖွင့်ရသော ခေါင်းမျိုးဖြစ်သည်။

အသေအချာလေ့လာကြည့်တော့ ခေါင်းအဖုံး တစ် နေရာတွင် ခြောက်ထောင့်ကြယ်ပုံသဏ္ဌာန် နေရာတစ်ခုကို တွေ့ရသည်။

ဒီတစ်ခါမှာတော့ ထွေထွေထူးထူး စဉ်းစားမနေ တော့ဘဲ ဒေါက်တာမင်းထင်ကျော်က ဂုင်းဝယ်ယူလာသော ပစ္စည်းများထဲမှ ခြောက်ထောင့်ပုံသဏ္ဌာန် ကြေးပြားချပ်ကို ထုတ်လိုက်သည်။

သော့ကတော့ မမျှော်လင့်ပဲ အသုံးဝင်သောသော့ ဖြစ်နေသောကြောင့် အဆင်ပြေသွားသည်။ ဒီတစ်ကြိမ်မှာ ရော ထိုကဲ့သို့ ကံကောင်းစေမည်လား မသိရသေးသော ကြောင့် စိတ်လှုပ်ရှားနေကြလေသည်။

အနားမှာရပ်နေသော ဒေါက်တာသော်ဟေက ဒေါက်တာမင်းထင်ကျော်လက်ထဲမှ ကိုင်ထားသော ကြေး ပြားတံဆိပ်ကိုယူပြီး ရေးထားသောစာများကို ဖတ်ကြည့်





www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"မရဏကျိန်စာတံဆိပ်တော် ဆိုပါလား၊ ဒီပစ္စည်းတွေ ကို ခင်ဗျားတို့ ဘယ်နေရာကများ ရခဲ့ကြတာလဲ"

ဟု မေးလေသည်။

ဒေါက်မင်းထင်ကျော်က ရခဲ့ပုံ အကြောင်းအရာအ ချို့ကို ပြန်ပြောပြလိုက်ရာ များစွာအံ့သြသွား ဟန်ရှိလေ သည်။

"ဒါ သာမန်ရခဲ့တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင် ဘူး၊ ဘုရားသခင်ရဲ့ ကူညီစောင့်ရှောက်မှုကြောင့်ပဲဖြစ်ဖြ တမန်တော်ဝိညာဉ်တွေရဲ့ စောင့်ရှောက်ပေးမှုကြောင့်ပဲဖြ ဖြစ် ရခဲ့တာပဲဖြစ်မှာပါ"

ဟုပြောဆိုကာ ၎င်းတို့ယုံကြည်ကိုးကွယ်သော ဘာ သာအတိုင်း ဆုတောင်းသမှုများ ပြုလုပ်နေလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ၎င်းကြေ ပြားကို ရွှေခေါင်းတလားပေါ်မှ တံဆိပ်နေရာသို့ တင်ပေး လိုက်လေသည်။

ထိုသို့တင်လိုက်သည်နှင့် ဂူကြီးတစ်ခုလုံး သိမ့်သိ တုန်သွားပြီး ဂူအတွင်းမှာရှိနေသော လင်းနို့လင်းဆွဲများ တပြိုင်နက်တည်း ဆူဆူညံညံအသံများကို ကြားလိုက်ရ သည်။

ဂူတစ်ဂူလုံးမှာလည်း လျှော်လျှပ်သကဲ့သို့ ဖြစ်သွာ





သာကြောင့် အပေါ်မှ ကျောက်စုံးကျောက်ခဲများပင် ပြုတ် လာလေသည်။

ရွှေခေါင်းတလားပေါ်သို့ ကြေးပြားတံဆိပ်တင်လိုက် သာအခါ အံ့ဝင်ဂွင်ကျဖြစ်သွားရုံမကပဲ အလင်းရောင်များ တ်လာသည်။ ကြေးပြားရောင်ထွက်နေသော တံဆိပ်မှာ ည်း ရွှေသားအရောင် ပြောင်းလဲသွားသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကြည့်ပြီး သက်သွားသောအခါ တံဆိပ်ကိုကိုင်ပြီး လှည့်လိုက်သည်။

သုံးလေးချက်လှည့်လိုက်သည်နှင့် "ဂျောက်" ခနဲအ ကြားလိုက်ရပြီး ခေါင်းအဖုံးမှာ ကွာတက်လာသည်။

ထို့ကြောင့် အပေါ်သို့ မတင်လိုက်သည်။

အတွင်းမှာတော့ လှပချောမောသော အမျိုးသမီး စ်ယောက်ကို တွေ့ရသည်။ အဖုံးဖွင့်လိုက်သည်နှင့် အထဲမှ ခိုးအငွေ့များ ထွက်လာပြန်သဖြင့် နောက်သို့ဆုတ်ပေးကြရ သည်။ ၎င်းတို့ထွန်းထားသော မီးတိုင်များလည်း ငြိမ်း းပြီ ဖြစ်သောကြောင့် ဂူအတွင်းမှာ မှောင်သွားပြန်လေ ည်။

ထိုအခိုက်မှာပင် ရွှေခေါင်းတလားအတွင်းမှ ဖြူဖြူ ဏ္ဍာန်တစ်ခုထလာပြီး အပြင်သို့ထွက်လာသည်။ ပုံပန်း ဏ္ဍာန်မှာ ခေါင်းထဲမှတွေ့လိုက်ရသည် ပုံပန်းသဏ္ဍာန်မျိုး င်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသဏ္ဍာန်က ကျောက်တလားကြီးနံဘေး၌ရပ်က ခေါင်းထဲမှ အခြေအနေကို ငုံ့ကြည့်နေဟန်ရှိသည်။ ရွှေခေါင်း တလားအဖုံးကို ဖွင့်လိုက်စဉ်က အတွင်း၌ရှိသော ရုပ်ခန္ဓာမှာ အကောင်းအတိုင်းပင် ရှိသည်။

အဖုံးဖွင့်လိုက်ပြီး ပြင်ပလေများနှင့် ထိတွေ့လိုက် သောအခါမှာတော့ စက္ကူတစ်စကို မီးလောင်ကျွမ်းသကဲ့သို့ လောင်ကျွမ်းသွားလေတော့သည်။

ဝတ်ဆင်ထားသော ရွှေငွေကျောက် မျက်ရတနာ များသာကျန်ခဲ့ပြီး အဝတ်အစားများပါ လောင်ကျွမ်းသွား လေရာ ခဏခြင်းမှာပင် ပြာပုံဘဝ ရောက်သွားလေတော့ သည်။

ခေါင်းတလားအတွင်း၌ အလောင်းမရှိတော့သည် အခါမှ နံဘေးနားမှာရပ်နေသော ထိုနေရာမှ တရွေ့ရွေ့ ထွက်ခွာသွားလေတော့သည်။

သူ့အတွက် အကျဉ်းခံဝိညာဉ်ဘဝမှ လွတ်မြောက် ခွင့် ရသွားဟန်ရှိပေသည်။ အခြေအနေ ငြိမ်သက်သွားတော့ မှ ဒေါက်တာမင်းထင်ကျော်တို့က ထိုနေရာသို့ သွားကြည့်ကြ သည်။

ရွှေခေါင်းအတွင်းမှာ ရွှေငွေကျောက်မျက်များဖြင့် လုပ်ထားသော လက်ဝတ်ရတနာများမှလွဲပြီး အခြားဘာ မရှိတော့ပေ။ အားလုံး ပြာမှုန့်များဘဝ ရောက်သွားကြပေပြီ





"နှစ်ပေါင်းများစွာကြာနေတော့၊ ပြင်ပလေနဲ့ထိလိုက် တာနဲ့ လောင်ကျွမ်းပြီးတော့ ပြာမှုန့်ဘဝရောက်သွားတာပဲ"

"သူ့အတွက် နှစ်ပေါင်းများစွာ ဝိညာဉ်အကျဉ်းသား ဘဝနဲ့နေရာကနေ လွတ်မြောက်ခွင့်ရသွားတာပေါ့"

ထိုသို့ပြောပြီး ရွှေသားဖြင့်ပြုလုပ်ထားသော ခေါင်းတ လားကြီးကို ကျောက်တလားအတွင်းမှ အပြင်သို့ သယ်ထုတ် ကြသည်။

ရွှေခေါင်းတလားမှာ အနံ၃ပေ၊ အလျား၅ပေကျော် လောက်ရှိပြီး ရွှေသားအလေးချိန် အတော်ပင်များလေသည်။ အပြင် ခေါင်းတလားတစ်ခုလုံး အရုပ်စာများပြည့်နေအောင် ရေးထားပြီး တန်ဖိုးကြီးလှသော ပတ္တမြား၊ စိန်..စသော ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသေးသည်။

ဒေါက်တာမင်းထင်ကျော်က ခေါင်းတလားပေါ်၌ ရေးထားသောစာများကိုဖတ်ကာ အဓိပ္ပာယ် ပြန်ကြည့်နေ သည်။ ထိုစာများမှာ အခြားမဟုတ်ပေ။

ကျိန်စာများပင် ဖြစ်ပေသည်။

တစ်နည်းပြောရလျှင်တော့ ကြောက်စရာကောင်း သော ကျိန်စာများပင် ဖြစ်ပေသည်။ ထိုမှာရေးထားသော စာများကို ဖတ်ကြည့်ရုံနှင့် အသည်းနှလုံးကို တစ်စုံတစ် ယောက်က လက်ဖြင့်ဆုပ်ချေနေသကဲ့ သို့ ခံစားရပေသည်။

အပြင်သို့ရောက်သောအခါ ခေါင်းတလားအတွင်း

www.burmeseclassic.com

www.burmeseclassic.com



မှာရှိသော လက်ဝတ်ရတနာများကို ထုတ်ယူကြသည်။

ဒေါက်တာမင်းထင်ကျော်က ရွှေခေါင်းကြီးကို ကြည် နေရင်း ဘယ်ပုံဘယ်နည်း ပြုလုပ်ရမည်ကို စဉ်းစားနေ သည်။ သူတို့နှင့်အတူပါလာသော မာမက်၊ ဒေါက်တာသေ ဟေနှင့်အတူပါလာသော လမ်းပြနှစ်ယောက်တို့မှာ ရွှေခေါ တလားကြီးကိုတွေ့ကတည်းက များစွာထိတ်လန့်ကြောက် နေကြဟန်ရှိသည်။

အခွင့်သာသည်နှင့် ထိုနေရာမှ ပြန်ပြေးရန်ဟန် နေကြလေသည်။ အကယ်၍ ထိုခေါင်းတလားကြီးကို သ ယူရပါက အန္တရာယ်များနှင့် တွေ့ရကာ သေကြေပျက်စ မည်ဟု ထင်နေကြသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့ သုံးယော နှင့် ဒေါက်တာသော်ဟေတို့က ရွှေခေါင်းတလားကြီးကို ရှုနေကြစဉ် ဒေါက်တာသော်ဟေ ခေါ်လာသော တိုင်း သားလမ်းပြနှစ်ယောက်မှာ တိတ်တဆိတ် ထွက်ပြေးသွာ လေသည်။ မာမက်ကတော့ သူတို့နှင့်လိုက်မသွားပေ။

သို့ကြောင့် (၆)ယောက်သာ ကျန်တော့သည်။

" ဒီရွှေခေါင်းကြီးကို ဒီအတိုင်းထားခဲ့လို့လည်း တော့ဘူး၊ လမ်းပြတွေက သိသွားပြီ၊ ကျုပ်တို့သယ်ယူသွာ လည်း ဖြစ်မယ်မထင်ဘူး၊ ဘယ်လိုလုပ်ရင် ပိုကောင်း

ဟု ဒေါက်တာသော်ဟေက မေးသည်။





"ကျွန်တော်သဘောကတော့ ရတဲ့နည်းနဲ့သယ်ယူသွားပြီး အီဂျစ်သမိုင်းပြတိုက်ကို အပ်လိုက်တာ ပိုကောင်းမယ်ထင်တယ်"

"အင်း. . ဒါကတော့ ကောင်းတာပေါ့၊ ဒါထက် ဒီလောက်အလေးချိန်များတဲ့ ရွှေခေါင်းကြီးကို ကျုပ်တို့ချည်းသယ်လို့ အဆင်ပြေပါ့မလား"

ဟုပြောဆိုနေစဉ် သူတို့ရောက်နေသော ဂူပေါက်ရှိရာ လူများရောက်လာလေသည်။ ၎င်းတို့နှင့်အတူ ထွက်ပြေးသွားသော လမ်းပြနှစ်ယောက်လည်း ပြန်ပါလာသည်။

ထွက်ပြေးသွားစဉ် လမ်းမှာပင် ထိုအုပ်စုနှင့်တွေ့သဖြင့် ပြန်ခေါ်လာကြခြင်းဖြစ်၏။

ဦးဆောင်လာသူ ဦးဒီပကျော်ဆိုသူဖြစ်ပြီး ၎င်းနှင့်အတူ ပက်ထရစ်နှင့် မေရီချိုတို့လည်း ပါလာကြသည်။၎င်းတို့အဖွဲ့တွင် အလုပ်သမား(၆)ယောက်လည်းပါသဖြင့် စုစုပေါင်း (၉)ယောက်ဖြစ်သွားသည်။

ဦးဒီပကျော်တို့ရောက်လာခြင်းက မိတ်ဆွေအဖြစ်ရောက်လာကြခြင်းမျိုးတော့ မဟုတ်ပေ။ သေနတ်များပါလာပြီး အတွင်းမှာရှိနေကြသူများကို ချိန်ထားလေသည်။

"ကျုပ်တို့အတွက် အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီနေရာကို သုံးလေးခေါက်ရောက်ပေမယ့် ဂူထဲကို ဘယ်လိုမှ ဝင်လို့မရခဲ့ဘူး၊ ဒီတစ်ခါတော့ ဟံခါးကို



www.burmeseclassic.com

www.burmeseclassic.com



မိုင်းနဲ့ခွဲပြီး ဖျက်ဆီးဖို့လာကြတာ၊ အခုတော့ ဖျက်ဆီးစရာ မလိုတော့ဘူးပေါ့"

ဟု ဦးဒီပကျော်က တံခါးပေါက်ဝမှ လှမ်းပြောလေသည်။

"ခင်ဗျားဘာလုပ်မလို့လဲ"

"ခင်ဗျားတို့ကို ဘာမှမလုပ်ပါဘူးဗျာ၊ ကျုပ်တို့လိုချင်တဲ့ ပစ္စည်းကိုရှာပေးတဲ့ ကျေးဇူးရှင်တွေပဲ၊ ဒီရွှေခေါင်းတလားကြီး ဒီဂူထဲမှာရှိတယ်ဆိုတာ ကျုပ်သိထားတာ အတော်ကြာပြီ၊ ယူဖို့ကြိုးစားနေတာလည်း အကြိမ်မနည်းတော့ဘူး၊ ဒါပေမယ့် မရခဲ့ဘူး၊ အခုခင်ဗျားတို့ လုပ်ပေးမှပဲ အဆင်သင့်ရတော့တယ်"

ဟုပြောပြီး သူတပည့်များအား ရွှေခေါင်းကြီးကို အပြင်သို့ သယ်ထုတ်ရန် အမိန့်ပေးလိုက်သည်။ ဒေါက်တာမင်းထင်ကျော်တို့ကိုတော့ သေနတ်များဖြင့် ချိန်ထားပြီး တစ်နေရာမှာ နေခိုင်းလေသည်။

ထွက်ပြေးသွားသော လမ်းပြနှစ်ယောက်အပါအဝင် စုစုပေါင်း ရှစ်ယောက်အားဖြင့် သယ်ယူသွားရာ. . ခေါင်းတလားကြီးမှာ အပြင်သို့ရောက်သွားလေတော့သည်။

ထိုအခါ ဦးဒီပကျော်က ဂူပေါက်တံခါးသော့ကိုခေါက်ကာ သော့တံကို ဖြုတ်ယူလိုက်သည်။

"ခင်ဗျားတို့ကို ဒီအထဲမှာထားခဲ့ရတာ စိတ်မကောင်း





ပါဘူးဗျာ၊ ဒါပေမယ့် အပြင်မှာထားခဲ့ရင် ကျုပ်တို့နောက်ကလိုက်ပြီး အနှောက်အယှက်ပေးမှာ စိုးလို့ပါ၊ ခင်ဗျားတို့ ကံကောင်းရင်တော့ နောက်တစ်ကြိမ် ဒီနေရာကို လေ့လာရေးသမားတွေရောက်လာရင် လွတ်မြောက်ဖို့ အခွင့်အရေးရနိုင်ကြမှာပါ၊ ဒါပေမယ့် ဒီနေရာက တစ်နှစ်လုံးနေတာတောင် တစ်ယောက်မလာကြဘူး"


ထိုသို့ပြောပြီး သူတို့ပြန်ခေါ်လာသော လမ်းပြနှစ်ယောက်ကို သေနတ်ဖြင့်ပစ်ကာ ချောက်ထဲချလိုက်ကြလေသည်။ နောက်မှာတော့ ရွှေခေါင်းတလားကြီးကို သယ်ယူကာ ထိုနေရာမှ ထွက်သွားကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၉)

# ကျိန်စာသင့်ခဲ့ကြသူများ

ဝင်ပေါက်သံတံခါးကို သော့ပြန်ခတ်ပြီး သော့ကို ဦးဒီပကျော်တို့က ယူသွားပြီး ဖြစ်သဖြင့် အတွင်းမှာကျန်ခဲ့ကြသူများအတွက်တော့ လွတ်မြောက်ရန် အခွင့်အလမ်းမရှိတော့သလောက် ဖြစ်သွားလေသည်။ အခန်းအခြေအနေကို လိုက်လံကြည့်တော့လည်း ကျောက်သားနံရံများသာရှိပြီး အခြားတော့ဘာမှမတွေ့ရပေ၊ အခန်းအလယ်မှာရှိသော

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တလားကြီးနေရာကို ကြည့်တော့လည်း မထူးခြားပေ။ ကျောက်တလားကြီးမှာ သီးခြားပြုလုပ်ထားခြင်းမဟုတ်ပဲ ကျောက်တုံးကြီးကို ထွင်းထုထားခြင်းဖြစ်သည်။

အခန်းထဲမှာ တော့ ဒေါက်တာမင်းထင်ကျော်၊ ဦးမင်းဟန်၊ ကျော်စွာ၊ မာမက်တို့လေးယောက်အပြင် ဒေါက်တာသော်ဟေနှင့် ၎င်း၏အစေခံတစ်ယောက်တို့ ရှိနေသောကြောင့် အားလုံး(၆)ယောက်ဖြစ်သည်။

ထိုနေရာကိုရောက်ဖူးသော မာမက်က ပြောသည်။

"ဒီနေရာက လူသူမရောက်တဲ့နေရာပဲ၊ လေ့လာရေးသမားတွေလာတယ် ဆိုပေမယ့် ဒီနေရာအထိ မလာကြဘူး"

"ဒီတော့လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားရမှာပေါ့ကွာ"

"သံတိုင်တွေကို မီးအပူပေးပြီး ဖြုတ်ရင်ရနိုင်မလား"

"ဒီဂူထဲမှာ မီးမရှိရင် သွားလာလို့မရဘူး၊ ဒီတော့ မီးတိုင်တွေကို အသုံးချလို့မရဘူး"

"ဒါအပြင် ကျုပ်တို့မှာ စားစရာနဲ့ ရေကသိပ်မကျန်ကြဘူး၊ ဒီဂူထဲမှာ ဘယ်လောက်ကြာအောင် နေရမှန်းမသိတော့ ချွေချွေတာတာ စားသောက်ကြဖို့လိုတယ်"

ဒေါက်တာသော်ဟေစကားကို အားလုံးက လက်ခံသဘောတူကြသည်။ ထို့နောက် နံရံများမှာ မီးထိုင်ရင်း နားကြလေသည်။ ထိုသို့နားနေရင်းမှ ဒေါက်တာမင်း





ထင်ကျော်က မေးလိုက်သည်။

"အခုလို နေရတုန်း ဒေါက်တာရလာတဲ့ တံဆိပ်တုံးအကြောင်းကို ပြောပြပေးပါလား"

"ဒီပစ္စည်းလား 'ဘုရင်များတောင်ကြား'က ရခဲ့တာပါ၊ ကျုပ်က သုတေသနလုပ်ငန်းတွေ လုပ်နေပေမယ့် ဒီလိုကျိန်စာနဲ့ပတ်သက်တာတွေကိုတော့ သိပ်ပြီးအယုံအကြည်မရှိပါဘူး၊ ဒါပေမယ့် ဖြစ်ပျက်ခဲ့တာတွေကတော့ အတော်ကိုထူးဆန်းလှတယ်"

ဟု အစချီကာ တံဆိပ်တုံးနှင့် ပတ်သက်သည့် ထူးခြားဆန်းကြယ်သောအကြောင်းများကို ပြန်ပြောပြလေသည်။

(၁၉၁၀)ခုနှစ်ဝန်းကျင်လောက်က ဒေါက်တာသော်ဟေမှာ သုတေသနလုပ်ငန်းများ လုပ်ကိုင်ရင်းနှင့် အဖော်အချို့နှင့်အတူ ကိုင်ရိုမြို့သို့ ရောက်နေကြသည်။

၎င်းတို့သည် ကိုင်ရိုမြို့၌ရှိသော "ရှက်ပတ်ဟိုတယ်"၌ တည်းခိုနေစဉ် ဒေသခံမိတ်ဆွေတစ်ယောက်က လာရောက်ပြီး သတင်းပေးလေသည်။ အခြားတော့ မဟုတ်ပေ။

'ဘုရင်များတောင်ကြား'ဘက်တွင် သင်္ချိုင်းဂူတစ်ခုကို တူးဖော်နေရင်းနှင့် ကြောက်စရာကောင်းသော အန္တရာယ်ဆိုးများနှင့် တွေ့ကြုံကာ တူးဖော်သူအချို့ သေဆုံးသွားသောသတင်းပင်ဖြစ်သည်။

"သင်္ချိုင်းဖော်တဲ့အခြေအနေကရော ဘယ်အခြေအ



www.burmeseclassic.com

www.burmeseclassic.com



နေ ရောက်နေပြီလဲ”

“ပေါ်နေပြီလို့ ပြောသံကြားတယ်”

ထိုသို့ပြောသဖြင့် နောက်တစ်နေ့နံနက်ပိုင်းတွင် ကားတစ်စီးဖြင့် ဘုရင်များတောင်ကြားသို့ သွားကြလေသည်။

သူတို့ရောက်သွားသောအချိန်မှာ တူးဖော်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားကြသည်။

“ဘာကြောင့် ဆက်မတူးတော့တာလဲ”

“ဒီလုပ်ငန်းကို ခေါင်းဆောင်နေတဲ့ ဂျမန်ရှေးဟောင်းသုတေသနပညာရှင်တစ်ယောက် သေသွားလို့ တူးဖော်ရေးလုပ်ငန်းတွေကို ရပ်ထားရတာပါ”

ဟု ဒေသခံတစ်ဦးက ပြောပြသည်။

“သူဘယ်လိုကြောင့် သေရတာလဲ”

“ကျွန်တော်တို့လည်း မသိဘူးဆရာကြီး၊ ညဘက်သူနေတဲ့တဲဘက်က ကြောက်လန့်တကြား အော်သံတွေကြားရလို့ သွားကြည့်ကြတော့ တဲထဲမှာ ရုပ်ပျက်ဆင်းပျက် သေနေတာကို တွေ့ရတယ်၊ ကျွန်တော်တို့ အထင်ပြောရရင်တော့ ဒီဂူတွေက ကျိန်စာတိုက်ထားတဲ့ ဂူတွေဖြစ်ပါတယ်၊

ဒါကြောင့် ဒီဂူတွေကို တူးဖော်တဲ့သူတွေဟာ မကောင်းဆိုးဝါးတွေ လက်ချက်ကြောင့် သေရတာပဲလို့ ထင်ပါတယ်”

ဟုပြောပြသည်။





ဒေါက်တာသော်ပေါကတော့ ထိုအကြောင်းများကို အယုံအကြည်မရှိလှပေ။ ထို့ကြောင့် တူးလက်စသင်္ချိုင်းဂူ အခြေအနေကို ဝင်ကြည့်လေသည်။

တူးဖော်ထားသော အခြေအနေမှာ အတော်ပင်ခရီးပေါက်နေပေပြီ။ နောက်ဆုံး ဖာရိုးဘုရင်သင်္ချိုင်းဂူတစ်ခုသာ ကျန်တော့ဟန်ရှိပေသည်။

သို့ကြောင့် ထိုနေရာကို ဆက်တူးမို့ဆုံးဖြတ်ချက်ချလိုက်သည်။ သို့သော် ဒေသခံအလုပ်သမားများက ကြောက်လန့်နေကြသောကြောင့် ဆက်မတူးဝံ့ကြပေ။

သို့သော် ငွေများများပေးပြီး စေခိုင်းသောအခါမှာတော့ စိတ်ပါလာကြပြီး ဆက်တူးပေးကြသည်။ နောက်ဆုံးတော့ လျှပ်စစ်မီးများတွယ်တန်းပြီး ကျန်နေသောဂူကို ဆက်တူးကြလေသည်။

ဂူပွင့်သွားသော ရွှေဖြင့်ပြုလုပ်ထားသော ခေါင်းကို တွေ့ရသည်။ ရွှေခေါင်းတလားကို ကျောက်ကလပ်တစ်ခုပေါ်မှာ တင်ထားခြင်းဖြစ်သည်။

ဒေါက်တာသော်ပေါက အနီးသို့သွားပြီး ခေါင်းအဖုံးကို မဖွင့်လိုက်သည်။ အဖုံးက အလွယ်တကူပင် ပွင့်သွားလေသည်။ ရွှေခေါင်းအတွင်းမှာရှိနေသော အလောင်းမှာ ဖာရိုးဘုရင်အလောင်းတော့ မဟုတ်ပေ။

ရှေးခေတ်က အီဂျစ်သာသနာပိုင်အဖြစ် တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသော အီဂျစ်ဘုန်းတော်ကြီးတစ်ပါး၏ အလောင်းပင် ဖြစ် သည်။ အလောင်းက မပျက်စီးသေးပဲ ဖြူဖွေးသောမုတ်ဆိတ် မွေး နှုတ်ခမ်းမွေးများပင် ရှိနေသေးသည်။

အလောင်းကိုယ်ပေါ်တွင် ချီယော့ဘုရင်က ဂုဏ်ပြု အပ်နှင်း၊ ချီးမြှင့်ထားသော အဆောင်အယောင်များ ရှိနေ သည်။ ရင်ဘတ်ပေါ်မှာတော့ လင်းနို့ဖြူတံဆိပ်ပါသော တံ ဆိပ်တုံးလည်း တင်ထားသည်။

ထိုတံဆိပ်တုံးမှာ မံမီရုပ်အလောင်းများ ရစ်ပတ်ရာ တွင် နောက်ဆုံးရစ်ပတ်ပြီး အပြီးသတ်သောနေရာ၌ အမှတ် အသား အဖြစ်ထုသော တံဆိပ်တုံးပင် ဖြစ်သည်။

လင်းနို့ဖြူတံဆိပ်မှာ (၄)ဆက်မြောက် ချီယော့မင်း ဆက်၏ အထိမ်းအမှတ်ပင် ဖြစ်သည်။ ဒေါက်တာသော်ဟေ က ရင်ဘတ်ပေါ်မှ တံဆိပ်တုံးကိုယူရန် စိတ်ကူးလိုက်သည်။

ထိုအခိုက်မှာပင် ထွန်းထားသော မီးလုံးများက အလိုအလျောက် မှိန်ကျသွားလေသည်။ သို့ကြောင့် အခန်း တွင်းမှာ မှောင်သွားလေသည်။ ထိုအချိန်တွင် အဝေးမှပျံသန်း လာသော တောင်ပံခတ်သံ၊ လေတိုးသံများ နားထဲမှာ ကြား လိုက်ရသည်။ ထိုလေတိုးသံက အနားမှာပင် ပျံဝဲနေဟန် သည်။

ဒေါက်တာသော်ဟေမှာ ထိုအကြောင်းများကို လန်းယုံကြည်မှု မရှိသော်လည်း စိတ်ထဲမှာတော့ ကြောက်





သကဲ့သို့ ဖြစ်လာလေသည်။

"ကျုပ်တစ်သက်မှာ အဲဒီလို ကြောက်လန့်မှုမျိုး ဘယ် တုန်းကမှ မဖြစ်ခဲ့ဘူး၊ ဒါပေမယ့် အဲဒီအချိန်တုန်းကတော့ တော်တော်လေးကြောက်လာမိတယ်။ လင်းနို့ဖြူတစ်ကောင်က ကျုပ်အနားမှာ ပျံနေသလိုပဲ"

"နောက်တော့ ဘယ်လိုလုပ်ခဲ့သလဲ"

"ကျုပ်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အလောင်းရဲ့ရင်ဘတ်ပေါ်မှာ တင်ထားတဲ့ ဒီတံဆိပ်တုံးကိုယူ ပြီး အပြင်ကို ပြန်ထွက်လာခဲ့တယ်"

ဟုပြောကာ ဒေါက်တာဟေက ၎င်းမှာပါသော ရေ ဘူးထဲမှ ရေအနည်းငယ် သောက်လိုက်ပြီးမှ စကားပြန်ဆက် သည်။

"အဲဒီအချိန်ကစပြီး ကံကြမ္မာဆိုးတွေက တစ်ခုပြီး တစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ရောက်လာတော့တာပါပဲ"

"ဘယ်လိုမျိုးတွေလဲ ဒေါက်တာ"

ဒေါက်တာသော်ဟေက တံဆိပ်တုံးကိုယူပြီး ဟို ပြန်သွားသောအခါ ထိုအကြောင်းကိုသိရသော ဇနီးဖြစ် သူ သမီးဖြစ်သူဟယ်လင်တို့က မနှစ်သက်ကြပေ။ ၎င်းတို့ အားလုံး စွာကြောက်လန့်နေကြလေသည်။

ထို့ကြောင့် သချိုင်းဂူရှိရာသို့ နောက်တစ်ခေါက် ထပ် ဖြစ်တော့ပဲ တံဆိပ်တုံးကို သိမ်းထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ စိတ်ပြေလက်ပျောက် သဘောမျိုးဖြင့် နိုင်းမြစ်ဝှမ်းလှည့်လည်သော ခရီးစဉ်ဖြင့် လိုက်ခဲ့ကြလေ သည်။ ရက်အတန်ကြာတော့ ထိုအကြောင်းများမှာ မေ့ပျောက်ပျောက် ဖြစ်သွားလေတော့သည်။

တစ်ညမှာတော့ သင်္ဘောကုန်းပတ်ပေါ်တွင် တ ယောက်ထည်းရှိနေစဉ် ကြောက်စရာကောင်းသော လင်းနို့ ဖြူတစ်ကောင်ရောက်လာပြီး သူ့အပေါ်မှပတ်ကာ ပျံဝဲ လေသည်။ မာန်ဖီနေသံမျိုးလို အသံမျိုးလည်းကြားရသည်

သူ့ကို ဝင်ရောက်တိုက်ခိုက်တော့မည့်ဟန်မျိုး တွေ့ သဖြင့် အပြင်ဘက်မှာ မနေဝံ့တော့သဖြင့် သင်္ဘောထဲ ပြန်ဝင်ပြေးရလေသည်။

ညဘက်အိပ်ယာဝင်သော အချိန်မှာတော့ ကြော စရာကောင်းသော အိပ်မက်ဆိုးများ မြင်မက်ပြန်လေသည်

သချိုင်းဂူများ၊ ခေါင်းတလားများအတွင်းမှ ထ သော မံမီရုပ်အလောင်းများက လက်ကားရား၊ ခြေကား ဖြင့် သူ့ကိုလိုက်လံဖမ်းဆီးကာ သတ်ဖြတ်ရန်လိုက်ကြသည်

မိစ္ဆာကောင်မျက်နှာနှင့်တူသော လင်းနို့ကြီးများ လည်း နောက်မှလိုက်ကာ တိုက်ခိုက်ကြသည်။

နောက်တော့လန့်ပြီး ပြန်နိုးလာလေတော့သည်

သို့ကြောင့် နိုင်းမြစ်ခရီးစဉ်ကို မလိုက်တော့ဘဲ နေ သို့ပြန်လေသည်။





နေရပ်ပြန်ရောက်ပြီး နောက်ပိုင်းမှာ သူနှင့်လက်တွဲ ခဲ့သူ သုံးယောက်ထံမှ စိတ်မချမ်းသာစရာ သတင်းများကြားရ လေသည်။ ၎င်းတို့ထံကို ညစဉ်လိုလို လင်းနို့ကြီးများရောက် လာပြီး ခြောက်လှန့်သော သတင်းများပင်ဖြစ်သည်။

နောက်တော့ အဖော်တစ်ယောက်မှာ ကားလမ်း ပေါ်မှာ ဖြတ်ထားသော ရထားသံလမ်းကို ဖြတ်ကျော်ပြီး မောင်းစဉ် အလယ်ရောက်မှ ကားစက်ကရပ်သွားသည်။

ဘယ်လိုမှ ပြန်မနိုးတော့ပေ။

ထိုအချိန်မှာ ရထားကလည်း အရှိန်ဖြင့်လာနေချေ သည်။ ထို့ကြောင့် တံခါးဖွင့်ပြီး အောက်ဆင်းရန် ပြင်တော့ သည်း တံခါးဂျက်များကျကာ ဖွင့်မရတော့ပေ။

ထိုအချိန်တွင် ဘယ်နေရာက ရောက်လာမှန်းမသိရ သော လင်းနို့ဖြူတစ်ကောင်က ကားမှန်တံခါး၌ တွယ်ကပ် ကာ သူ့ကိုမျက်လုံးပြူးကြီးနှင့် ကြည့်နေလေသည်။

နောက်ဆုံးတော့ အရှိန်ဖြင့်မောင်းလာသော ရထား က ဝင်ရောက်တိုက်မိသဖြင့် ကားတစ်စင်းလုံး စိစိညက်ညက် ကြေကာ ထိုလူလည်း သေဆုံးသွားလေတော့သည်။

ကားကိုရထားဖြင့် ဝင်တိုက်သော အချိန်မှာ နေဝင် ဖြစ်သည်။ ထိုအချိန်တွင် အခင်းဖြစ်သော နေရာတစ်ဝိုက် တွင် ပျံဝဲနေသော လင်းနို့ဖြူကြီးတစ်ကောင်ကို လူအတော် များများက တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဦးကတော့ တိုက်ပေါ်မှခုန်ချကာ သတ်သေသွားခြင်းဖြစ်သည်။ ၎င်းမှာ ငွေကြေးအရှုတ်အထွေးတစ်ခုကို မဖြေရှင်းနိုင်သဖြင့် သေသွားခြင်းဖြစ်သည်ဟု ယူဆကြသော်လည်း ထို့ထက်ဆန်းကြယ်သော အကြောင်းများစွာ ရှိပေသည်။

ညတိုင်းညတိုင်း သူနေသောအခန်းတွင်းသို့ လင်းနို့ဖြူကြီးရောက်လာပြီး မရှေးမနှောင်းမှာ မကောင်းဆိုးဝါးများ ရောက်လာပြီး ခြောက်လှန့်ကြသည်။

ထိုမကောင်းဆိုးဝါးများကို အခြားသူများက မမြင်တွေ့ရသော်လည်း သူ့မျက်စိထဲမှာတော့ ထင်ထင်ရှားရှား မြင်တွေ့ရလေသည်။

နောက်ဆုံး ထိုမကောင်းဆိုးဝါးများလက်မှ ဘယ်လိုနည်းနှင့်မှ မလွတ်နိုင်မှန်းသိသောအခါ တိုက်ပေါ်မှခုန်ချကာ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ခြင်း ဖြစ်သည်။

အခြားတစ်ယောက်က ထို့ထက်ဆိုးသောအခြေအနေမျိုးဖြင့် ကြုံတွေ့ရခြင်း ဖြစ်သည်။ ညစဉ်ညတိုင်း ၎င်းနေသော အခန်းတွင်းမှ ကြောက်လန့်တကြား အော်ဟစ်သံကြားရသည်။ အိမ်သားများက သွားကြည့်သောအခါ. . .

"ငါ့ကိုမကောင်းဆိုးဝါးတွေ လာသတ်နေကြပြီ၊ ငါ မနေရတော့ဘူး သေရတော့မယ်"

ဟု စူးစူးဝါးဝါးနှင့်ပြောဆိုနေလေသည်။ နောက်ပိုင်း





စိတ်ကျန်းမာရေး အခြေအနေပင် ပုံမှန်မရှိတော့သဖြင့် ဆေးရုံပို့ပေးရသည်။ တစ်ညမှာဆေးရုံပေါ်မှ စူးစူးဝါးဝါးအော်သံများ ကြားသဖြင့် ဝန်ထမ်းအချို့က သွားကြည့်သောအခါ ထိုအခန်းထဲမှ အဝတ်မည်းကြီးခြုံထားသော လူတစ်ယောက် ထွက်သွားသည်ကို လှမ်းမြင်လိုက်ရသဖြင့် နောက်မှလိုက်ကြည့်ကြသည်။

တစ်နေရာရောက်တော့ ရှေ့မှလျှောက်သွားနေသောသူက နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။ လူမျက်နှာမျိုးမဟုတ်ပဲ မကောင်းဆိုးဝါးမျက်နှာမျိုး ဖြစ်နေသည်ကို တွေ့ရသဖြင့် ဝန်ထမ်းများလည်း ပြန်ပြေးလာကြသည်။

ရှေ့မှသွားနေသောသတ္တဝါက အခန်းထောင့်ရောက်တော့ ဖျပ်ခနဲ ပျောက်သွားလေတော့သည်။ ဆရာဝန်နှင့်ဝန်ထမ်းများက အော်သံကြားသော အခန်းတွင်းသို့ ဝင်ကြည့်သောအခါ လူနာမှာရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေသည်ကို တွေ့ကြရလေတော့သည်။

"အဲဒီလို အန္တရာယ်တွေအမျိုးမျိုးတွေနဲ့တွေ့ပြီး ကျုပ်အဖော်သုံးယောက်စလုံး သေဆုံးသွားခဲ့ကြတယ်"

"ဒါထက် ဒီတံဆိပ်တုံးကို ယူလာခဲ့တဲ့ ဒေါက်တာကရော ဘယ်လိုအန္တရာယ်မျိုးတွေ တွေ့ခဲ့ရပါသေးလဲ"

"ကျုပ်လည်း တွေ့ရပါတယ်၊ ဒါပေမယ့် အသက်သေ သည်အထိတော့ မဖြစ်ခဲ့သေးဘူးပေါ့၊ ဒီအကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကမိသားစုသိတော့ ကျုပ်ရထားတဲ့ တံဆိပ်တုံးကို စွန့်ပစ်ဖို့ပြောကြတယ်"

"ဒီတော့ ဘယ်လိုလုပ်သလဲ"

"မိတ်ဆွေတွေရဲ့ အသက်နဲ့ရင်းပြီး ရခဲ့တဲ့ပစ္စည်းဆိုတော့ မစွန့်ပစ်ရက်ဖူးဖြစ်နေတယ်၊ ဒီအကြောင်းကို ကျုပ်နဲ့ လုပ်ဖော်ကိုင်ဘက်တစ်ဦးဖြစ်တဲ့ ပါမောက္ခတစ်ဦးကို ပြောတော့ သူကအကူအညီပေးတဲ့အနေနဲ့ သူ့ဆီပို့ထားပေးဖို့ ပြောတာနဲ့ ပို့ပေးလိုက်တယ်"

"သူကော ဘယ်လိုအန္တရာယ်မျိုးတွေနဲ့ တွေ့ရသေးလဲ"

ဒေါက်တာသော်ဟေက သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ ဆက်ပြောသည်။

"သူလည်း ရှေ့ကလူတွေအတိုင်းပါပဲ၊ အသက်သေခဲ့ရပေမယ့်၊ တံဆိပ်တုံးရတဲ့အချိန်ကစပြီး ညတိုင်း လင်းနို့ဖြူကြီးတစ်ကောင်နဲ့ မကောင်းဆိုးဝါးတွေ ရောက်လာပြီး ခြောက်လှန့် အန္တရာယ်ပေးကြတာကို ခံရတယ်"

"အတော်ကို ကြောက်စရာကောင်းတာပဲ"

"နောက်ဆုံး ဘယ်လိုမှ ဆက်ထားလို့မရတော့တာနဲ့ ကျုပ်ဆီကို ပြန်ပို့ပေးလိုက်တာပါပဲ၊ ဒါကြောင့် ဒီတံဆိပ်တုံးကို ဖာရိုးဘုရင်တွေရဲ့ သင်္ချိုင်းဂူတစ်ခုခုမှာ ပြန်ထားဖို့ ရည်ရွယ်ချက်နဲ့ မိသားစုနဲ့အတူ ဒီခရီးကို ထွက်ခဲ့ကြတာပါ၊ အခု





ကျုပ်လည်း လမ်းဆုံးရတော့မယ် ထင်ပါရဲ့"

ဟု စိတ်ပျက်အားလျော့သော အသံမျိုးဖြင့်ပြောလေသည်။ ဒေါက်တာသော်ဟေစကားကြားသောအခါ အနားမှာရှိနေကြသူများက အသီးသီး သက်ပြင်းချလိုက်ကြလေသည်။

"ဒီလောက်လည်း စိတ်မလျှော့ပါနဲ့ ဒေါက်တာ၊ လူတွေမှာကံတရားဆိုတာ ရှိပါသေးတယ်၊ ဝီရိယနဲ့ကြိုးစားလို့ ရနိုင်ပေမယ့်၊ ဉာဏ်ပညာနဲ့ဖြေရှင်းလို့ မရနိုင်ပေမယ့်၊ ကံတရားရဲ့ ဖေးမကူညီပေးမှုခံရရင် ကျွန်တော်တို့ ဒီနေရာက လွတ်မြောက်ခွင့်ရကြမှာပါ"

ဟု ဒေါက်တာမင်းထင်ကျော်က အားပေးစကား ပြောလိုက်လေသည်။ သူတို့သည် ထိုအထဲမှာ အကျဉ်းသားအဖြစ် နေကြရသောအချိန်တွင်း ရေနှင့် အစားအသောက် တတ်နိုင်သမျှချွေတာပြီး စားသောက်ကြရပေသည်။

ညအချိန်ရောက်တော့ အပြင်ဘက်မှပျံသန်းနေကြသော လင်းနို့များ၏ အတောင်ပံခတ်သံများ ကြားရလေသည်၊ ညဉ့်နက်ပိုင်းအချိန်ရောက်တော့ အပြင်ဘက်မှ သွားနေသော မည်းမည်းသဏ္ဍာန်တို့ကို လှမ်းမြင်ရသည်။

ထိုအထဲတွင် အသတ်ခံလိုက်ရသော လမ်းပြနှစ်ယောက်ကိုလည်း တွေ့ရလေသည်။ အတော်ကြာတော့မှ ပေါ်လာနေသော ဖြူဖြူသဏ္ဍာန်ကို လှမ်းမြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်တော့ မဟုတ်ပေ။ ပါးလွှာသော
အဝတ်ဖြူစတစ်ခု လွင့်မျောလာသကဲ့သို့ တရွေ့ရွေ့လာ
သော ဝိညာဉ်ပုံရိပ်ပင်ဖြစ်သည်။ ထိုဝိညာဉ်ပုံရိပ်က သံ
များအနီးသို့ ရောက်လာလေသည်။ အနီးကပ်တွေ့ရ
အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ပင်ဖြစ်သည်။

ထိုအမျိုးသမီးမှာလည်း အခြားမဟုတ်ပေ။

သူတို့ဖွင့် လိုက်သည့် ရွှေခေါင်းအတွင်းမှ ကြေမွ
စီးသွားခဲ့သော အမျိုးသမီးပင်ဖြစ်သည်။

ထိုဝိညာဉ်ဖြူက ဒေါက်တာမင်းထင်ကျော်တို့
နေသော သံတိုင်များအနီးသို့ ရောက်လာသည်။

နေရာဟောင်းကို ပြန်လာသလား၊ ဒါမှမဟုတ်
ကို လာကြည့်လေသလားတော့ မပြောတတ်ပေ။

အတွင်းမှာရှိနေကြသူများကလည်း ၎င်းကို အနီး
မြင်နေကြရသောကြောင့် ငြိမ်သက်စွာပင် ကြည့်နေကြ

အတန်ကြာတော့မှ ဝိညာဉ်ဖြူက ထိုနေရာမှ
ရွေ့နှင့် ပြန်ထွက်သွားလေတော့သည်။







## အခန်း (၁၀)

# ဝိညာဉ်ဖြူ တမန်တော်

အချိန်က ညဦးပိုင်းအချိန်ကျော်လွန်လာခဲ့ပေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ဆူညံသံများ တိတ်ဆိတ်သွားတာ ငြိမ်သက်နေပေပြီ။ ထိုအချိန်ထိ ဟယ်လင်တစ်ယောက် အိပ်မပျော်နိုင်သေးပဲ ရှိလေသည်။ သူမတို့တည်းခိုနေသော အဆောက်အဦးမှာ သီးခြားဆောက်လုပ်ထားသော အဆောက်အဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်နှင့် ဆက်စပ်မှုကင်းပြီး သစ်ပင်များရှိသောနေရာ၌ ဖြစ်သည်။ နောက်ဘက်တွင် တောင်ကုန်းများရှိပြီး သီးခြားနေရာတစ်ခုလည်း ဖြစ်ပေသည်။

တည်ခိုခန်းမှာတော့ ဂျင်းနှင့်မိခင် တို့နှစ်ဦးသာ ကျန်ခဲ့ပေသည်။ နောက်ထပ်အစေအပါး အမျိုးသမီးလည်းရှိသည်။ ဖခင်ဖြစ်သူ ဒေါက်တာသော်ဟေယာဒဲလ်ကတော့ အစေအပါးတစ်ယောက်၊ လမ်းပြနှစ်ယောက်နှင့်အတူ ဖာရိုးဘုရင် သင်္ချိုင်းဂူများရှိသောနေရာသို့ ခရီးထွက်သွားသည်မှာ တစ်ညကျော်ပေပြီ။

ယခုထိ ပြန်ရောက်မလာသေးသောကြောင့် ဟယ်လင်တစ်ယောက်စိတ်ပူနေခြင်း ဖြစ်သည်။ ဖခင်ဖြစ်သူမှာ ယခင်ကလည်း မကြာခဏဆိုသလို ယခုလိုခရီးထွက်လေ့ရှိပေသည်။

ရက်ကြာသည့်အခါကြာပြီး၊ မြန်သည့်အခါလည်း မြန်သည်။ သို့သော် ယခုတစ်ခေါက်လောက် စိတ်ပူရခြင်းမျိုး မရှိခဲ့ပေ။

သူတို့မိသားစုမှာ ယခင်က စိုးရိမ်ပူပန်စရာ၊ ထိတ်လန့်ကြောက်ရွံ့စရာများ မရှိသလောက်နည်းခဲ့သည်။

လွန်ခဲ့သော လပိုင်းများက ဒေါက်တာသော်ဟေတစ်ယောက် ဘုရင်များ တောင်ကြားဘက်မှာရှိသော သင်္ချိုင်းဂူတစ်ဂူကို တူးဖော်ခဲ့ရာမှ ထူးဆန်းသောပစ္စည်းတစ်ခု ရလာခဲ့သည်။ လင်းနို့ဖြူ တံဆိပ်ပါသော တံဆိပ်တုံးတစ်ခုပင် ဖြစ်သည်။

ဒေါက်တာသော်ဟေမှ ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးဖြစ်သဖြင့် ထိုကိစ္စများကို တစိုက်မတ်မတ်ပြုလုပ်လေ့ရှိသည်။

နေရာဒေသအနှံ့အပြားသို့ သွားရောက်ရာမှ ရှေးဟောင်းပစ္စည်းမျိုးစုံကို ရလာလေ့ရှိသည်။ ရှေးဟောင်းပစ္စည်းအတော်များများမှာ ကျိန်စာသင့်နေသော ပစ္စည်းများဖြစ်ကြသဖြင့် ရရှိသူတို့အား ဒုက္ခပေးလေ့ရှိသည်။

လင်းနို့ဖြူတံဆိပ်ပါသော တံဆိပ်တုံးကတော့ အခြားပစ္စည်းများထက် ပိုမိုဆိုးဝါးလေသည်။ ဒေါက်တာသော်ဟေနှင့်အတူလက်တွဲပြီး လုပ်ကိုင်ကြသူများ တစ်ယောက်ပြီးတစ်ယောက် ကြမ္မာဆိုးနှင့်တွေ့ကာ သေဆုံးသွားခဲ့ကြသည်။

နောက်ဆုံး သူတို့မိသားစုများမှာလည်း ကြောက်စရာကောင်းသော အဖြစ်အပျက်များနှင့် မကြာခဏ ကြုံတွေ့နေကြရသည်။

ယခုထိ အသက်မသေသေးကြသော်လည်း လင်းနို့ဖြူတစ်ကောင်ကို မကြာခဏတွေ့ကြရာမှ မကြာခဏဆိုသလို အန္တရာယ်များနှင့်လည်း တွေ့ကြရသည်။

သို့ကြောင့် ဖခင်ဖြစ်သူ ခရီးထွက်သွားသောအခါ ဟယ်လင်တစ်ယောက် စိတ်ပူနေခြင်း ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်မှာ အသက်(၂၈)နှစ်အရွယ်ခန့် ရှိနေသော်လည်း ဘဝလက်တွဲဖော်မရှာသေးပဲ ဖခင်ဖြစ်သူ၏ လုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနေသည်။

ဟယ်လင်မှာ ဖခင်ဖြစ်သူလုပ်ငန်းများကို အကူအညီပေးရင်း ရှေးဟောင်းသမိုင်းများ၊ မှတ်တမ်းများကို လေ့လာဖတ်ရှုမှုများလေသည်။

ယခုနောက်ပိုင်း သူမတို့မိသားစုမှာ ကြောက်စရာကောင်းသော လင်းနို့ဖြူတစ်ကောင်ကို မကြာခဏတွေ့မြင်ရာမှ အန္တရာယ်များနှင့်တွေ့သောအခါ လင်းနို့ဖြူနှင့်ပတ်သက်သည့် မှတ်တမ်းအချို့ကို ရှာဖွေလေ့လာကြည့်မိသည်။

လင်းနို့ကို ဥရောပတိုက်တွင် မကောင်းဆိုးဝါးများ၏စေတမန်၊ သို့မဟုတ် မကောင်းဆိုးဝါးများနှင့် ဆက်ဆံသောသတ္တဝါများဟု ယူဆကြသည်။

တရုတ်လူမျိုးတို့ကတော့ ကံကောင်းခြင်း၊ ပျော်ရွှင်ခြင်းများကို သယ်ဆောင်ပေးစေနိုင်သည်ဟု အယူရှိကြသည်။ ရှေးဟောင်းတရုတ်အယူအမှတ်တွင် လောကီမင်္ဂလာ ငါး... ရှိသည်။

ယင်းတို့မှာ အသက်ရှည်ခြင်း၊ ချမ်းသာခြင်း၊ ကျန်းမာခြင်း၊ ကောင်းမှုပြုရခြင်းနှင့် သဘာဝအလျောက် သေ...





...ခြင်းတို့ပင်ဖြစ်၏။ ထိုငါးပါးကို လင်းနို့ငါးကောင်ပုံတို့ဖြင့် ...ဖော်ပြထားကြလေသည်။

အဖြူရောင်ရှိသော လင်းနို့တို့သည် အသက်တစ်...ထောင် ရှည်စေပြီး သစ်ကိုင်းတွင် ဦးခေါင်းစောက်ထိုးချိတ်ဆွဲနေကြသည်။

တရုတ်တို့၏ အယူအဆမှာ ထိုလင်းနို့ဖြူကို ရ...အောင်ရှာယူ၍ အခြောက်လှမ်း၍စားလျှင် အသက်ရှည်စေ...နိုင်သည်ဟု အယူရှိကြသည်။

အနောက်တိုင်းမှာတော့ လင်းနို့နှင့်ပတ်သက်သည့် အယူအဆများ ကွဲပြားခြားနားမှု ရှိလေသည်။ ယောက်ျား...ကျန်းဟုအမည်ပွယ်ရသော Isle of Man ESifh Welsh Border ...ဒေသများတွင် စုန်းမများသည် အိမ်များအတွင်းသို့ ဝင်ကာ...းတွင် လင်းနို့ငှက်များအသွင် ပြောင်းလဲတတ်ကြသည်။

(မြန်မာအယူအဆတွင် စုန်းကဝေပညာရှင်တို့ လူအသွင်မှ လင်းငှအသွင်ပြောင်းခြင်းနှင့် ဆင်တူပေလိမ့်မည်) ...ဒင်းတငှက်ကို မကောင်းဆိုးဝါးငှက်ဟု အချို့က အယူရှိပေရာ ...စုန်းကဝေများနှင့် လိုက်ဖက်သည်ဟုဆိုရမည် ဖြစ်သလို၊ ...လင်းနို့များကလည်း အမှောင်နှစ်သက်သော ညဥ့်ငှက်များဖြစ်...၍ စုန်းမများနှင့် လိုက်ဖက်လှပေသည်။

စကော့တလန်တွင် ရှေးကအယူအဆဟောင်းများ ...ရှိခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းနို့ငှက်များ မိုးပေါ်သို့ ထောင်ပျံတက်၍ ရုတ်တရက်မြေသို့ ထိုးဆင်းပျံလာသည့်ရှိသော် စုန်းတို့၏အချိန်ရောက်လာပြီဖြစ်ကြောင်း သတ်မှတ်ကြသည်။

ထိုအခါ မိမိတို့သက်ဆိုင်ရာ အကာအကွယ်များအတွင်းသို့ ဝင်ရောက်နေထိုင်ကြရသည်။ အကာအကွယ်မရှိနေသူများအား စုန်းမများက အလွယ်တကူပြုစားနိုင်ကြသည်။

အောက်စဖို့ ရှိုင်းယားပြည်နယ်ဘက်မှ အယူအဆအချို့ကတော့ လင်းနို့သည် နေအိမ်ကို သုံးပတ်ပတ်၍ပျံလျှင် လူသေမည့်နိမိတ်ဟု ယူဆကြသည်။

လင်းနို့ငှက်များ အချိန်စောစောထွက်လာပြီး ပျံသန်းမြူးတူးနေပါက ရာသီဥတုကောင်းမွန်ပြီး သီးနှံများအထွက်ကောင်းမည်ဟု ယူဆကြသည်။

အနောက်နိုင်ငံများမှာတော့ လင်းနို့များမှာ သွေးစုပ်ဖုတ်ကောင်တို့၏ တမန်တော်အဖြစ်သော်လည်းကောင်း သွေးစုပ်ကောင်များ အဖြစ်သော်လည်းကောင်း သတ်မှတ်ထားကြလေသည်။

ယုံကြည်စွဲလန်းမှုများကတော့ နေရာဒေသအလိုက် ကွဲပြားခြားနားမှု ရှိကြလေသည်။ ဟယ်လင်ရှာဖွေကြည့်သော မှတ်တမ်းများတွင် လင်းနို့ဖြူနှင့်မှတ်တမ်းအချို့လည်း ပါဝင်လေသည်။

"ဒီမှတ်တမ်းတွေအရ ဆိုရင်တော့ လင်းနို့ဖြူဆိုတာကောင်းတဲ့အတိတ်နိမိတ်ပါပဲ၊ ဒါပေမယ့် ဒက်ဒီရလာတဲ့ လင်းနို့ဖြူတံဆိပ်ပါတဲ့ တံဆိပ်တုံးကတော့ ကောင်းတဲ့ပစ္စည်းတစ်ခု မဖြစ်နိုင်ဘူး၊ ဒေဝဒူတ တမန်တော်ရဲ့ ပစ္စည်းများဖြစ်နေရောသလား မသိဘူး "

ဒေဝဒူတ ဟူသောအဓိပ္ပာယ်မှာ 'ငရဲမင်း'ပင်ဖြစ်ရာ လင်းနို့ဖြူမှာ ငရဲမင်းစေလွှတ်လိုက်သော စေတမန်ဖြစ်မည်ဟု စိတ်ထဲမှ တွေးတောနေမိလေသည်။

တစ်ယောက်တည်း ထိုသို့တွေးနေသောအချိန်မှာပင် အဝေးမှပျံသန်းလာသော ပုံရိပ်တစ်ခုကို လှမ်းမြင်ရသည်။ တိတ်ဆိတ်နေသော အချိန်ဖြစ်သဖြင့် အတောင်ပံခတ်လာသော အသံကိုပင် ကြားနေရသည်။

သူမရပ်နေသောနေရာမှာ အပြင်ဘက်အဆောင်တွင်ဖြစ်သဖြင့် အတွင်းသို့ဝင်ရန် စိတ်ကူးလိုက်သေးသည်။

သို့သော် မရတော့ပေ။

အဝေးမှပျံသန်းလာသော သတ္တဝါမှာ လင်းနို့ဖြူ တစ်ကောင်ဖြစ်ပြီး သူမရပ်နေသော နေရာသို့ချက်ချင်းရောက်လာလေတော့သည်။

ဒေါက်တာသော်ဟေ၏ အဖွဲ့သားများမှာ ထိုကဲ့သို့ လင်းနို့ဖြူကိုတွေ့ရပြီးသည်နှင့် အန္တရာယ်ဆိုးများနှင့်တွေ့ကြုံသေကြေပျက်စီးခဲ့ရသည်များကို ချက်ချင်းသတိရသဖြင့် ကြောက်လန့်သွားလေသည်။







www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ သူမရပ်နေသော နေရာနှင့် မနီးမဝေးတွင် လင်းနို့ဖြူကြီးတစ်ကောင် ပျံဝဲနေရာမှ အောက်သို့ ဆင်းလာလေသည်။

"ဟင်"

ကြည့်နေရင်းမှာပင် လင်းနို့ဖြူကြီးက အသွင်ပြောင်းသွားလေသည်။ အမျိုးသမီးတစ်ယောက် ပုံရိပ်ပြောင်းလဲသွားခြင်းဖြစ်၏။

ရှေးခေတ်အီဂျစ် အမျိုးသမီးများ ဝတ်ဆင်သော အဝတ်အစားများကို ဝတ်ဆင်ထားပြီး လှပချောမောသူတစ်ဦး ဖြစ်လေသည်။ ဟယ်လင်က တအံ့တသြဖြင့် ကြက်သေသေပြီး ကြည့်နေစဉ်မှာပင် ထိုအမျိုးသမီးက သူမရပ်နေရာ အနောက်ဘက်သို့ လက်ညှိုးထိုးပြသည်။

သူမလက်ညှိုးထိုးပြရာတလျှောက်မှာ အလင်းတန်းကြီး ဖြစ်ပေါ်သွားသဖြင့် ထိုအတိုင်းကြည့်လိုက်သောအခါ မြင်ကွင်းတစ်ခုကို လှမ်းမြင်ရလေသည်။ သံတိုင်ကြီးများ ကာရံထားသော ဂူပေါက်ထဲတွင် လူအချို့ရှိနေကြလေသည်။

ထိုအထဲတွင် သူ့ဖခင်ဒေါက်တာသော်ပေလည်း အပါအဝင် ဖြစ်ပေသည်။ ထိုမြင်ကွင်းကို မြင်သောအခါ ဟယ်လင်မှာ များစွာအံ့သြထိတ်လန့်သွားလေသည်။

"ဟင်. . . . ဒက်ဒီတို့ပါလား၊ ဘယ်လိုဒုက္ခရောက်နေကြတာပါလိမ့်"





ဟု ရေရွတ်ပြောဆိုလိုက်သည်။

ထိုအမျိုးသမီးက ဒေါက်တာသော်ပေတို့ ရောက်နေသော ဂူမြင်ကွင်းကိုမြင်သာအောင် လက်ညှိုးထိုးပြပြီးနောက် ချက်ချင်းဆိုသလိုပင် လင်းနို့ဖြူအသွင် ပြောင်းကာ ထိုနေရာမှ ပျံထွက်သွားလေတော့သည်။

ဟယ်လင်လည်းအတွင်းသို့ ပြန်ဝင်လာပြီး မိခင်ဖြစ်သူအား ထိုအကြောင်းကို ပြောပြလိုက်သည်။ မိခင်ဖြစ်သူ ဘယ်လာကတော့ ထိုအတွေ့အကြုံမျိုး မကြားခဖူးတွေ့ကြုံ[illegible]ဟန်ဖြင့် ပြန်မေးလေသည်။

"သူတို့အန္တရာယ် တစ်ခုနဲ့တွေ့နေကြတဲ့ အဓိပ္ပာယ် ခံလိမ့်မယ်၊ သမီး ဘယ်လိုလုပ်ချင်သလဲ"

"လမ်းပြခေါ်ပြီး. . ဒက်ဒီတို့နောက် လိုက်သွားချင်တယ်"

"အန္တရာယ်များမယ်ထင်တယ်၊ သွားရင်တော့ သူ့ကို အဖော်ခေါ်သွားပါ"

အနားမှာရှိသော အစေခံအမျိုးသမီးကိုကြည့်ပြီး ပြောလိုက်လေသည်။ နောက်ထစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ သူမတို့တည်းခိုနေသောနေရာသို့ ဒေသခံအမျိုးသမီး တစ်ယောက် ရောက်လာလေသည်။

မာရီယာပင်ဖြစ်သည်။

"ရှင်တို့သွားမယ်ဆိုရင် ကျွန်မလိုက်ပြီး အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ပါတယ်"

"နင်ဘယ်သူလဲ ငါတို့ကိုဘယ်လိုသိသလဲ"

"ကျွန်မနာမည်က မာရီယာလို့ခေါ်ပါတယ်၊ ခရီး ထွက်သွားကြတဲ့လူတွေထဲမှာ ကျွန်မအစ်ကိုတစ်ယောက် လည်း ပါသွားပါတယ်၊ ညကကျွန်မဆီကို လင်းနို့ဖြူတစ် ကောင်ရောက်လာပြီး ပြောပြသွားလို့ ရှင်တို့အကြောင်းကို သိရတာပါ"

ဒီတော့မှမာရီယာ ရောက်လာသောအကြောင်းကို သဘောပေါက်ရတော့သည်။ ထိုနေရာမျိုးတွင် ဝိညာဉ်နှင့် သက်ဆိုင်သောအကြောင်းများက နေရာအနှံ့တွင် ရှိနေ သည်ကိုတော့ လက်ခံရပေမည်။

"ကောင်းပြီလေ၊ နင်ပါတော့ ပိုကောင်းတာပေါ့၊ ဒါ ပေမယ့် ငါတို့ချည်းသွားလို့တော့ ဖြစ်မှာမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ကျွမ်းကျင်တဲ့ လမ်းပြနှစ်ယောက် ခေါ်လို့ရပါတယ်၊ ဂူထဲမှာအကျဉ်းကျနေတဲ့ သူတွေအတွက် လည်း ရေနဲ့အစားအသောက်တွေ တပါတည်းယူသွားရ မယ်"

ဟု ပြောသဖြင့် ဟယ်လင်က ဒင်္ဂါးအချို့ကို ထုတ်ပေး လိုက်လေသည်။ မာရီယာလည်း ပြန်သွားလေသည်။

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်တော့ ဒေသခံလမ်းပြနှစ်ယောက်နှင့်အတူ မာရီယာ ပြန်ရောက်လာ





သည်။ ၎င်းတို့နှင့်အတူ ပစ္စည်းများ ထည့်ထားသော အထုပ် အချို့လည်း သယ်ယူလာကြလေသည်။

၎င်းတို့သွားသောလမ်းမှာ ဒေါက်တာမင်းထင်ကျော် တို့သွားခဲ့သော လမ်းအတိုင်းပင်ဖြစ်ပေသည်။ သချိုင်းဂူများ ရှိသောနေရာရောက်တော့ သချိုင်းစောင့်နှင့်တွေ့ရသည်။

သချိုင်းစောင့်က ငယ်ရွယ်လှပသော အမျိုးသမီးနှစ် ယောက် ဦးဆောင်လာသော အဖွဲ့ကိုမြင်သောအခါ အံ့ဩ နေဟန်ရှိသည်။

မာရီယာက ၎င်းတို့ဘာသာစကားဖြင့် အကျိုးအ ကြောင်းပြောပြတော့မှ သဘောပေါက်သွားလေသည်။

"ပထမတစ်ဖွဲ့က မာမက်လမ်းပြပြီး ခေါ်လာတာ၊ သူ တို့ဝင်သွားပြီးတော့ မျက်နှာဖြူတစ်ယောက် ခေါင်းဆောင် လာတဲ့ အဖွဲ့ဝင်သွားကြတယ်၊ နောက်ဆုံးဝင်လိုက်သွားတာ ကတော့ လူတွေအတော်များတယ်၊ သူတို့မှာ သေနတ်တွေ လည်း ပါလာတာတွေလိုက်တယ်"

ပထမဆုံးဝင်သောအဖွဲ့မှာ ဒေါက်တာမင်းထင် ကျော်တို့ဖြစ်ပြီး၊ ဒုတိယဝင်သွားကြသူများမှာ ဒေါက်တာ သော်ဟေတို့ပင်ဖြစ်၏။ နောက်ဆုံးဝင်သွားသော အဖွဲ့မှာ ဦးဒီပကျော်ခေါင်းဆောင်လာသော အဖွဲ့ပင်ဖြစ်ပေသည်။

"ဆက်ပြောပါဦး"

မာရီယာကမေးသော်လည်း ထပ်မပြောတော့သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်က ပီယာစတာဒင်္ဂါးအချို့ ထုတ်ပေးလိုက်သည်။ ဒီတော့မှ သချိုင်းစောင့်ပါးစပ်မှ အသံပြန်ထွက်လာသည်။

"ပထမဝင်သွားတဲ့ အဖွဲ့နှစ်ဖွဲ့တော့ အခုထိပြန်ထွက်လာကြတာ မတွေ့ရသေးဘူး၊ နောက်ဆုံးဝင်သွားတဲ့ လူတွေအများကြီးနဲ့ အဖွဲ့ကတော့ ပြန်ထွက်သွားကြပြီ"

"သူတို့နဲ့အတူ အဝတ်တွေနဲ့ပတ်ထားတဲ့ ခေါင်းတလားကြီးတစ်လုံး သယ်ယူသွားတာတော့ တွေ့လိုက်တယ်၊ သာမန်ဆိုရင်တော့ တားမလို့ပါပဲ၊ ဒါပေမယ့် သူတို့မှာ သေနတ်တွေပါတော့ မတားဝံ့ဘူး၊ အဲဒီအဖွဲ့မှာ မိန်းမတစ်ယောက်လည်း ပါလာတယ်"

ဟု ပြောပြလေသည်။

ဒီအတိုင်းဆိုလျှင်တော့ ကျန်နှစ်ဖွဲ့ မှာ ဂူအတွင်းမှာပင် ရှိနေကြပေလိမ့်ဦးမည်။ သို့ကြောင့် ဟယ်လင်နှင့် မာရီယာတို့ ဦးဆောင်သောအဖွဲ့မှာ ဖွင့်ထားသော တံခါးမှတစ်ဆင့် အတွင်းသို့ ဝင်ခဲ့ကြလေတော့သည်။









## အခန်း (၁၁)

# အကျဉ်းသားဘဝမှ လွတ်မြောက်ကြခြင်း

ဒေါက်တာမင်းထင်ကျော်တို့ လိုဏ်ဂူအတွင်းသို့ ရောက်နေကြသည်မှာ နှစ်ညကျော်သွားခဲ့ပေပြီ။ သူတို့တတွေမှာပါလာသော ရေနှင့်အစားအသောက်တို့မှာလည်း အနည်းငယ်သာ ကျန်တော့သည်။ ရေဗူးများထဲတွင် ရေကအတော်ပင်နည်းနေပေပြီ။

စားစရာမရှိသည်ထက် ရေမရှိတော့လျှင်တော့



www.burmeseclassic.com

www.burmeseclassic.com



အခက်တွေ့ကြရပေမည်။ သို့သော်လည်း စိတ်ပျက်အားငယ်ခြင်းတော့ မရှိကြပေ။ နေ့ဘက်အလင်းရောင် အနည်းငယ်ရသောအချိန်တွင် ထွက်ပေါက်တွေ့ရလို့ တွေ့ရခြား နေရာအနှံ့ကို စေ့စေ့စပ်စပ်လိုက်ပြီး ကြည့်ရှုကြသည်။

သံတိုင်များစိုက်ထားသောနေရာမှလွဲပြီး အခြားနေရာများမှာ မည်သည့်နေရာမှ အပြင်သို့ထွက်နိုင်သောနေရာ မတွေ့ရပေ။

ညအချိန်ရောက်လာလျှင်တော့ အမှောင်ထဲမှာပင် ငြိမ်သက်စွာနေကြရသည်။ မီးတုတ်နှင့်မီးတိုင်များ ရှိသော်လည်း အရေးအကြောင်းပေါ်ပါက အသုံးပြုနိုင်ရန်အတွက် ချန်ထားကြရသည်။

ဂူထဲတွင် နေ့ဘက်အချိန်ထက် ညအချိန်ရောက်လာသောအခါ သူတို့အတွက် စိတ်ဝင်စားဖွယ်ကောင်းသော အခြားမြင်ကွင်းများကို တွေ့ကြရသည်။

အခြားတော့မဟုတ်ပေ။ ဝိညာဉ်များပင် ဖြစ်ကြလေသည်။ နှစ်ပေါင်းများစွာကတည်းက သေဆုံးသွားခဲ့ကြသော သူတို့၏ ဝိညာဉ်များကိုတွေ့ရသလို မကြာသေးမီကမှ သေဆုံးသွားကြသော လမ်းပြတို့၏ ဝိညာဉ်များကိုပါ တွေ့ကြရသည်။

ဝိညာဉ်များမှာ သူတို့ကို အနှောင့်အယှက်တော့မပေးကြပေ။ အချို့လည်း အပြင်ဘက်တွင် သွားလာနေကြ





သည်။ အချို့လည်း သံတိုင်များကာရံထားသော နေရာအထိရောက်လာကြပြီး အထဲမှာရှိနေကြသူများကို လာကြည့်ကြသည်။ အန္တရာယ်တော့ မပေးပေ။

ဒေါက်တာသော်ဟေခေါ်လာပြီး အသတ်ခံလိုက်ရသော ဒေသခံလမ်းပြနှစ်ယောက်ကတော့ ထိုနေရာသို့ မကြာခဏရောက်လာကြသည်။

တစ်ညလုံး သံတိုင်အပြင်ဘက်မှာ ထိုင်နေကြပြီး မိုးသင်းတော့မှ ပျောက်သွားကြလေသည်။ ပထမတော့ ဝိညာဉ်များကို မြင်တွေ့ကြရသည်မှာ ထူးဆန်းသလိုရှိကြသော်လည်း တစ်ညမှနှစ်ည မြင်တွေ့ရသောအခါ မထူးဆန်းတော့သလို ဖြစ်လာကြသည်။

ဝိညာဉ်များကို မြင်သောအခါ ဒေါက်တာသော်ဟေက မေးသည်။

"သူတို့က ဘာကြောင့် တခြားမသွားပဲ ဒီနေရာမှာ ရှိနေကြတာလဲ"

ထိုအခါ ဦးမင်းဟန်က ပြန်ပြောပြသည်။

"သူတို့က ခင်ဗျားခေါ်လာတဲ့ လမ်းပြတွေဆိုတော့ ခင်ဗျားရှိတဲ့ နေရာမှာပဲ လာနေကြတာပေါ့။ သူတို့ကိုယ်သူတို့ သေမှန်း မသိကြသေးဘူး"

ထိုစကားကြားတော့ ဒေါက်တာသော်ဟေက မျှားစွာအံ့သြသွားသော အမူအယာမျိုးဖြင့် ပြန်မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူတို့ကို သိအောင် ဘယ်လိုလုပ်ရမလဲ"

"ကျွန်တော်တို့ ဗုဒ္ဓဘာသာ အယူအဆကတော့ သေတဲ့သူတွေ မကျွတ်မလွတ်တဲ့ ဘုံဘဝရောက်နေရင် သူ့ အတွက်ရည်စူးပြီး ကုသိုလ်ကောင်းမှုပြုပေးရတယ်၊ အမျှ အတန်းဝေပေးရတယ်၊ ခင်ဗျားတို့ ယုံကြည်တဲ့ဘာသာအရ ဆိုရင်တော့ ဆုတောင်းမေတ္တာပို့ပေးရမယ် ထင်တယ်"

ဟုပြောသောအခါ ၎င်းတို့ယုံကြည်သော ဘာသာအရ ဆုတောင်းမေတ္တာများ ပို့ပေးနေလေသည်။ ပြီးမှဆက် မေးသည်။

"လူတွေဟာ သေတဲ့အခါမှာ အခုလို ဝိညာဉ်ဘဝမျိုး ပဲ နေကြတာပဲလား"

"သေရင်တော့ ဝိညာဉ်ဘဝရောက်ကြရတာပါ။ ဝိညာဉ်ဆိုတာ မှီခိုစရာမရှိတဲ့ဘဝမျိုးပါပဲ၊ သူမှီခိုနေတဲ့ ကိုယ် ခန္ဓာပျက်စီးသွားပြီးတဲ့နောက်မှာ နောက်ထပ်မှီတွယ်စရာ မရမချင်း ဒီလိုဘဝမျိုးနဲ့ပဲ နေကြရတာပါပဲ"

"သူပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကြောင့်သော် လည်းကောင်း၊ ကျန်ခဲ့တဲ့သူတွေက ရည်စူးပြီးပို့ပေးတဲ့ မေတ္တာ နဲ့ ကုသိုလ်ကောင်းမှုတွေကို ရလို့ပဲဖြစ်ဖြစ်၊ နောက်ထပ် တွယ်စရာ ခန္ဓာကိုယ်တစ်ခုနဲ့ ဘုံဘဝတစ်ခုခုကို ရနိုင်ပါတယ်"

ဒေါက်တာသော်ဟေက ဘာသာမတူသောကြောင့် ဦးမင်းဟန်က အတိုချုပ်ပြီး လိုရင်းကိုသာ ပြောပြလိုက်ခြင်း





ဖြစ်ပေသည်။

"သူတို့အတွက် တာဝန်ယူပေးမယ့်သူကောမရှိဘူး လား"

"ရှိပါတယ်"

"ဘယ်သူတွေလဲ"

"သူပြုခဲ့တဲ့ကောင်းမှု မကောင်းမှုတွေက သူသွားရ မယ့်လမ်းကို တာဝန်ယူပေးကြပါတယ်၊ ကောင်းတာလုပ် တော့လည်း ကောင်းတဲ့နေရာပို့ပေးပြီး၊ မကောင်းတာလုပ် တော့လည်း မကောင်းတဲ့နေရာရောက်အောင် ပို့ပေးကြတာ ပေါ့"

"မသိလို့ လုပ်မိရင်တော့ အပြစ်ရှိသလား"

"ဥပမာပြောရရင်တော့ 'အစားအသောက်စားသလို မျိုးပါပဲ၊ အစားအသောက်စားတဲ့အခါ သူ့ရဲ့ကောင်းကျိုး မကောင်းကျိုးကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဝမ်းဗိုက် ထဲရောက်သွားရင်တော့ သူပြုသမျှ ခံရတော့တာပါပဲ၊ ကောင်းမှုမကောင်းမှုတွေကို သိလိုလုပ်သည်ဖြစ်စေ မသိလို့ လုပ်သည်ပဲဖြစ်စေ အချိန်တန်ရင်တော့ စံစရာရှိရင်လည်းစံ၊ ခံစရာရှိရင်လည်း ခံကြရတာပါပဲ"

"အခုလို သဘောပေါက်အောင် ပြောပြပေးတာ ကျေးဇူးတင်ပါတယ် မစ္စတာမင်းဟန်"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သုံးညကျော်ပြီးနောက် တစ်နေ့မှာတော့ ဂူထဲသို့လာနေသော မီးရောင်များကိုလှမ်းမြင်ရသည်။ စကားပြောသံအချို့လည်း ကြားလာရသည်။ ထို့ကြောင့် ဝမ်းသာအားရဖြင့် အသံပြုလိုက်ကြသည်။

“ဟေး . . ငါတို့ဒီမှာရှိတယ်ဟေ့”

ထိုသို့အသံပြုလိုက်ပြီး မကြာမီမှာ သူတို့ရှိနေသောနေရာသို့ လူတစ်စုရောက်လာကြသည်။ ဟယ်လင်နှင့် မာရီယာတို့ပါသော အဖွဲ့ပင်ဖြစ်ပေသည်။ ၎င်းတို့ရောက်လာသောအခါ များစွာဝမ်းသာသွားကြလေသည်။

တစ်ကြိမ်တော့သေတွင်းက လွတ်ကြပြန်ပြီဟု ထင်လိုက်ကြသည်။

“ဟယ်လင် ဒီနေရာကို ဘယ်လိုထိပြီး လိုက်လာနိုင်တာလဲ”

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

“လင်းနို့ဖြူယောင်ဆောင်လာတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ဝိညာဉ်လာပြောပြလို့ သိရပြီး လိုက်လာနိုင်တာပါ”

ထိုစကားကြားတော့ ညဘက်တွင် သူတွေ့လိုက်ရသော ဝိညာဉ်ပင်ဖြစ်မည်ဟု စိတ်ထဲမှထင်လိုက်သည်။

ထို့နောက် ဟယ်လင်တို့က ၎င်းတို့ သယ်ဆောင်လာသော ရေနှင့်အစားအသောက်များကိုပေးရာ ထိုအခါမှပင်





ဝမ်းပြည့်အောင် စားသောက်ကြရသည်။

ဟယ်လင်တို့အဖွဲ့မှာ အမျိုးသမီးသုံးယောက်နှင့် လမ်းပြယောက်ျားနှစ်ယောက် ပါလာကြသည်။ သူတို့နှင့်အတူ ပစ္စည်းများထည့်ထားသော အထုပ်တစ်ထုပ်လည်း ပါလာသည်။

“တံခါးဖွင့်တဲ့သော့ကို သူတို့ယူသွားကြပြီ၊ ဒီတံခါးကို ဘယ်လိုဖွင့်ကြမလဲ”

“စိတ်မပူပါနဲ့ သော့မရှိတော့လည်း တဖြည်းဖြည်းနဲ့ ကြိုးစားရင်း လွတ်နိုင်စရာရှိပါတယ်”

ဟုပြောပြီး ပစ္စည်းများထည့်ထားသော အိတ်ကို ကြမ်းပြင်ပေါ်သို့ သွန်ချလိုက်သည်။ ထိုအထဲတွင် သံဖြတ်လွှများ ပါလာကြသည်။ လမ်းပြတစ်ယောက် လက်ထဲမှာ အကြောင်းရှိပါက လက်နက်အဖြစ် အသုံးပြုနိုင်သည့် သံတူရွင်းတစ်ချောင်းလည်း ပါလာသေးသည်။

ထို့နောက်မှာတော့ သံဖြတ်လွှများဖြင့် သံတိုင်များကို တိုက်ဖြတ်ကြလေသည်။ ရေဖြင့်ဆွတ်လိုက်၊ သံဖြတ်လွှများဖြင့် တစ်ယောက်တစ်လှည့်စီ တိုက်ဖြတ်ကြရာ အချိန်ကြာလာသောအခါ အတော်အတန် ပြတ်လာလေသည်။

ထိုသို့အရာထင်သည်နှင့် သံကလအော်များဖြင့် တလန့်ပြီး ချိုးသောအခါ ကျိုးထွက်သွားလေသည်။ သံတိုင်တစ်ချောင်း ကျိုးသောအခါမှာတော့ အားလုံး အပြင်သို့ထွက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြလေသည်။

ဖင်းတို့ထံမှာတော့ ရွှေခေါင်းအတွင်းမှယူစားသော ကျောက်မျက်ရတနာများဖြင့် စီချယ်ထားသော လက်ဝတ်ရတနာများတော့ ပါလာကြသည်။

ဂူအတွင်းမှ လွတ်မြောက်သောအခါ မိမိတို့တည်းခိုရာ နေရာများသို့ ပြန်ခဲ့ကြလေသည်။

တည်းခိုဆောင်သို့ ပြန်ရောက်သောအခါ မာရီယာနှင့် မာမက်တို့ မောင်နှမနှစ်ယောက်တို့ကိုလည်း ရင်းနှီးစားသောက်ရန် ပေးလိုက်သည်။

သူတို့ခေါ်လာသော လမ်းပြနှစ်ယောက်ကိုလည်း သင့်တော်သော ငွေကြေးများပေးကာ ပြန်လွှတ်လိုက်သည်။

မာမက်ကတော့ လမ်းပြခအဖြင့် အပိုငွေအတော်များများရသဖြင့် ဝမ်းသာနေလေသည်။ မာရီယာမှာလည်း ထိုအတိုင်းပင် ဖြစ်သည်။

"မင်းတို့နှစ်ယောက်က ငါတို့အပေါ်မှာ သစ္စာရှိကြတယ်၊ နောက်ပြီး အကူအညီလည်း ရခဲ့တယ်၊ ဒါကြောင့်ပေးတာပါ"

"ဆရာတို့ရဲ့ ကျေးဇူးကိုမမေ့ပါဘူး၊ နောက်လည်း ဒီနေရာတွေရောက်တဲ့အခါ ကျွန်တော်တို့ကိုခေါ်ပါ အကူအညီပေးပါ့မယ်"

ဟုပြောဆိုပြီး ပြန်သွားကြလေသည်။





ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်လည်း ဒေါက်တာသော်ဟေတို့မိသားစုနှင့် ခင်မင်ရင်းနှီးသွားကြပြီ ဖြစ်သောကြောင့် ၎င်းတို့လည်းခိုနေသော တည်းခိုဆောင်သို့ ရွှေ့ပြောင်းတည်းခိုကြလေသည်။

ဒေါက်တာသော်ဟေကတော့ ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်။

"ခင်ဗျားတို့နဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်၊ ခင်ဗျားတို့ အချိန်ရမယ်ဆိုရင်တော့ ခင်ဗျားတို့ကို ကျုပ်အိမ်ကို ဖိတ်ချင်ပါတယ်၊ အိမ်ရောက်တဲ့အခါ ရှေးဟောင်းပစ္စည်းတွေလည်း ပြချင်ပါတယ်၊ နောက်ပြီး တစ်ဦးနဲ့တစ်ဦး ကြုံတွေ့ခဲ့ကြရတဲ့ အတွေ့အကြုံတွေကို အချင်းချင်းဖလှယ်ပြီး ပြောဆိုချင်ပါတယ်"

ထိုသို့ဖိတ်ခေါ်သောအခါ ဒေါက်တာမင်းထင်ကျော်တို့ကလည်း ဝမ်းမြောက်ဝမ်းသာပင် လက်ခံလိုက်ကြလေသည်။ တစ်ချက်က ရှေးဟောင်းပစ္စည်းများကို လေ့လာကြည့်ရှုခွင့်ရပြီး ၎င်း၏အတွေ့အကြုံများ နားထောင်ခွင့်ရကြပေသည်။ နောက်တစ်ချက်ကတော့ ဟယ်လင်နှင့်ရင်းနှီးခင်မင်ခွင့် ရနိုင်မည်ဖြစ်သည်။

"ခင်ဗျားတို့လည်း သိမှာပေါ့၊ ကျုပ်တို့စခဲ့တဲ့ ခရီးစဉ်က အဆုံးမသတ်သေးဘူး၊ ကျုပ်တို့ရှာတွေ့ခဲ့တဲ့ ရွှေခေါင်းတလားကြီးရဲ့သတင်းကို စုံစမ်းရဦးမယ်၊ ဖြစ်နိုင်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာရောက်တယ်ဆိုတာ သိအောင်ကြိုးစားရမယ်"

"မှန်ပါတယ် ဒေါက်တာ၊ ဖြစ်နိုင်ရင်တော့ ရွှေခေါင်းကြီးကို ပြန်ရအောင်ကြိုးစားပြီး သက်ဆိုင်ရာကို အပ်ပေးနိုင်ရင်တော့ အကောင်းဆုံးဖြစ်မှာပါ"

ထိုစကားကို ဒေါက်တာသော်ဟေကလည်း လက်ခံလေသည်။ သို့သော်လည်း သူတို့အနေဖြင့် ထိုနေရာမှ ချက်ချင်းပြန်မထွက်နိုင်ကြသေးပဲ အထက်ပိုင်းမှ ပြန်ဆင်းလာမည့် သင်္ဘောပတ်ကို စောင့်ရင်းနားနေကြရသည်။

ထိုအချိန်များမှာပင် ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်လင်တို့မှာ ပိုမိုရင်းနှီးလာကြသည်။ တစ်ညမှာတော့ အပြင်ဘက်ထွက်ပြီး အေးအေးဆေးဆေး စကားပြောဖြစ်ကြလေသည်။

လသာဆောင်မှာ ချထားသော ကုလားထိုင်များမှာ ထိုင်၍ စားသောက်ရင်း စကားပြောကြခြင်းဖြစ်၏။

"သင်္ဘောပေါ်မှာတုန်းက လူမျက်နှာနဲ့တူတဲ့ လင်းနို့မိစ္ဆာတွေရဲ့ အန္တရာယ်ကလွတ်အောင် ရှင်အကူအညီပေးခဲ့တယ်၊ အခု ကျွန်မဒက်ဒီကိုလည်း ဂူထဲမှာ အကူအညီပေးခဲ့ရပြန်တယ်၊ ဘာပဲဖြစ်ဖြစ် ရှင်တို့ရဲ့ ကျေးဇူးကိုတော့ အသိအမှတ် ပြုရမှာပါပဲ"

ဟယ်လင်ကပြောသည်။

"ဒီလိုပေါ့လေ၊ ကျွန်တော်တို့က အကူအညီပေးခဲ့သလို ဂူထဲမှာ ကျွန်တော်တို့ ပိတ်မိနေတုန်းကလည်း ဟယ်လင်တို့ရောက်လာပြီး ကယ်ပေးလို့လွတ်ခဲ့ကြတာပါ၊ ကျေးဇူးဆိုတာ အတုံ့အလှည့်ပေါ့၊ ဒီကျေးဇူးကိုလည်း မမေ့ပါဘူး"

ထိုစကားကြားတော့ ဟယ်လင်က ပြုံးလိုက်သည်။

"ကျွန်မက အရှေ့တိုင်းသားတွေနဲ့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မနေခဲ့ဖူးတော့ သူတို့အကြောင်းတွေကိုလည်း သိပ်မသိပါဘူး၊ ကိုမင်းထင်ကျော်တို့နဲ့တွေ့တော့မှပဲ သိသင့်သလောက် သိရတော့တယ်လို့ ပြောရတော့မှာပဲ"

"ဒီတော့ ဟယ်လင်အမြင်ကိုလည်း ပြောပါဦး"

"ယဉ်ကျေးသိမ်မွေ့ပြီး ကျေးဇူးတရားသိတတ်တာတွေကတော့ ချီးကျူးစရာကောင်းပါတယ်"

"နောက်ထပ် ကျန်ပါသေးတယ်"

"ဘာတွေများပါလိမ့်"

"မှန်တာကို ရဲရဲဝံ့ဝံ့လုပ်တတ်တာနဲ့၊ မေတ္တာတရားနဲ့ ဝတ်သက်ရင်လည်း တန်ဖိုးထားတတ်ကြပါတယ်"

ဟယ်လင်က သဘောကျစွာ ထပ်မံပြုံးလိုက်ပြန်သည်။

"အနောက်နိုင်ငံတွေမှာတော့ အယူအဆတွေ မတူကြဘူးပေါ့၊ ဒါပေမယ့် ကျွန်မခံယူချက်တစ်ခုတည်း ပြောရရင်တော့ မေတ္တာတရားကို တန်ဖိုးထားတယ်ဆိုတော့ ဘဝတစ်လျှောက်လုံးအတွက် အစိတ်အပိုင်းတစ်ခု အဖြစ်တော့ လက်





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ခံထားသင့်တယ်ထင်တာပဲ”

“မှန်ပါတယ်၊ မေတ္တာကိုတန်ဖိုးမထားတတ်တဲ့ သူတစ်ယောက်ဟာ ဘဝကိုလည်း တန်ဖိုးမထားတတ်ကြပါဘူး။ ဒါကြောင့် အနောက်နိုင်ငံတွေမှာ လက်တွဲတာ ကွဲကွာကြတာတွေကို အချိန်မရွေးလုပ်နေကြတာပါပဲ”

“ဟုတ်မယ်ထင်ပါတယ်၊ အရှေ့တိုင်းမှာရော ဒီလိုပဲလား”

“မဟုတ်ပါဘူး၊ အရှေ့တိုင်းနိုင်ငံတွေမှာ ကိုယ်ကျင့်သိက္ခာနဲ့ ဟိရိဩတ္တပ္ပတရားကို အလေးထားတယ်၊ အရှက်အကြောက်ကြီးတယ်၊ မိန်းကလေးတွေပဲဖြစ်ဖြစ်၊ ယောကျ်ားလေးတွေပဲဖြစ်ဖြစ် လက်မထပ်ခင် ဘဝလက်တွဲဖော်တွေကို သေသေချာချာ လေ့လာဆန်းစစ်ပြီးတော့မှ လက်ထပ်ပြီး အတူတူနေလေ့ရှိကြတယ်၊ အဲဒီလိုနေကြပြီးရင်လည်း သေတပန်သက်တစ်ဆုံး တစ်ဦးနဲ့တစ်ဦး သစ္စာရှိရှိနဲ့ပဲ နေသွားကြပါတယ်”

ထိုသို့ပြောသောအခါ ဟယ်လင်က မျက်လုံးအဝိုင်းသားနှင့် ကြည့်နေလေသည်။ အတန်ကြာတော့မှမေးသည်။

“ရှင်ကော အဲဒီလို ခံယူချက်မျိုးရှိသလားဟင်”

“ရှိပါတယ်၊ ဒါကဘဝအတွက် အရေးအကြီးဆုံးပါပဲ”

ဒါထက် ဟယ်လင်ကရော ဘယ်လိုအယူအဆမျိုးတွေ လက်ခံထားသလဲ”





“ကျွန်မတော့ တစ်ခါမှ ဒီအကြောင်းမျိုးတွေ မစဉ်းစားခဲ့မိသေးဘူး၊ ဒါပေမယ့် ကိုမင်းထင်ကျော်ပြောတဲ့ အယူအဆမျိုးတွေကိုတော့ လက်ခံပါတယ်၊ အထူးသဖြင့်တော့ အမျိုးသမီးတွေအဖို့ ဒီလိုအယူအဆတွေကို စဉ်းစားသင့်ပါတယ်”

“ခေတ်မီတိုးတက်တာကို လက်ခံကြရတယ်ဆိုပေမယ့် ဘဝကိုတန်ဖိုးမထားပဲ ဖျက်ဆီးပစ်တာမျိုးတွေတော့ လုပ်သင့်ပါဘူး၊ ဒါတွေဟာ တစ်နေ့ကျရင် ကိုယ့်မိသားစုအသိုင်းအဝိုင်းတွေရဲ့ ဂုဏ်သိက္ခာတွေအပြင် ကိုယ့်ကိုပြန်ပြီး ှုပေးတတ်ကြပါတယ်၊ ဒါကြောင့် အရှေ့တိုင်းသူပဲဖြစ်ဖြစ်၊ အနောက်တိုင်းသူတွေပဲဖြစ်ဖြစ် ကိုယ့်ဘဝကိုတန်ဖိုးထားတတ်ကြတာ ကောင်းပါတယ်”

“ကိုမင်းထင်ကျော်တို့က ကျွန်မတို့ပြန်ရင် အတူလိုက်ာလား”

“ဒေါက်တာကို လိုက်ခဲ့ဖို့တော့ ကတိပေးထားပြီးပါပြီ၊ ကျွန်တော်တို့ လုပ်စရာလေးမပြီးသေးဘူး”

“ဘာတွေလဲဟင်၊ ဂူထဲမှာဘာတွေကြုံတွေ့ခဲ့ရတယ်ဆိုတာ ကျွန်မကို ပြန်ပြောပြပါလား”

ထိုသို့မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှာတင်ထားသော သစ်သီးဖျော်ရည်ဖန်ခွက်ကိုယူ၍ ာတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဂူထဲ၌ ဒေါက်တာသော်ဟေတို့နှင့်တွေ့ပြီး ရွှေခေါင်းကြီးရရှိခဲ့ပုံနှင့် လူတစ်စုရောက်လာပြီးနောက် ရွှေခေါင်းကြီးကိုယူကာ သူတို့ကို ဂူထဲထည့်ပြီးသော့ပိတ်ထားခဲ့ပုံများကို ပြန်ပြောပြလိုက်သည်။

"အဲဒီလူတွေက ကျွန်မတို့နဲ့သင်္ဘောတစ်စင်းထဲအတူ စီးလာကြတဲ့ သူတွေမဟုတ်လား၊ သူတို့အဖွဲ့ထဲမှာ အမျိုးသမီး တစ်ယောက်ပါတယ်"

"ဟုတ်ပါတယ်"

"သူတို့နောက်ကို ရွှေခေါင်းကြီးပါသွားပြီဆိုတော့ ရှင်တို့က ဘယ်လိုလုပ်မှာလဲဟင်"

"အဲဒီရွှေခေါင်းကြီးကို ပြန်ရအောင် ကြိုးစားရမှာပါ ဒီပစ္စည်းမျိုးက မသမာတဲ့သူတွေ လက်ထဲမှာမရှိသင့်ဘူး ပြ တိုက်တစ်ခုခုမှာရှိပြီး အားလုံးကြည့်ရှု လေ့လာလို့ရအောင် ထားသင့်တဲ့ ရှေးဟောင်းပစ္စည်းမျိုး ဖြစ်ပါတယ်"

"ကျွန်မစိတ်ထင်တာပြောရရင်တော့ သိပ်တော့မျှော် လင့်ချက် မရှိတော့ဘူးထင်တယ်"

"ကျွန်တော်ကတော့ ဒီလိုမထင်ဘူး၊ ကျွန်တော်တို့ အကူအညီပေးမယ့် သူတွေရှိပါတယ်"

"ဘယ်သူတွေလဲဟင်"

"ဝိညာဉ်တွေပါ။ ဟယ်လင်တို့ကို အကူအညီပေး လို အကူအညီပေးတဲ့ ဝိညာဉ်တွေနဲ့တွေ့ရင် မျှော်လင့်ချ



နိုင်ပါသေးတယ်"

"ရှင်က ဝိညာဉ်နဲ့ပတ်သက်ပြီး အယုံအကြည်ရှိသ သား"

"ဝိညာဉ်ဆိုတာ မမြင်ရပေမယ့် ကျွန်တော်တို့ပတ် န်းကျင်မှာ အများကြီးရှိတာပဲ၊ ယုံကြည်ပါတယ်. . ဟယ် င်လည်း လက်တွေ့မြင်ခဲ့ရပြီ မဟုတ်လား"

"ကျွန်မကို သဘောပေါက်အောင် ပြောပြပေးနိုင်မ သား"

"အတိုချုပ်ပြီး ပြောရရင်တော့ လူတစ်ယောက်သေ ် ရုပ်ခန္ဓာက ပျက်စီးသွားတယ်၊ ဒုတိယခန္ဓာကိုယ်လို့ခေါ် ဝိညာဉ်ခန္ဓာက တမလွန်ခရီးကို ဆက်ရတယ်၊ အီဂျစ်တွေ အယူအဆကတော့ လူသေပြီးရင် ကိုယ်ခန္ဓာကို ယာဉ်အ အသုံးပြုပြီး တမလွန်လောကကို သွားတယ်လို့ ယုံကြည်မှု တယ်"

"ရှင်တို့ ယုံကြည်ကိုးကွယ်တဲ့ ဘာသာတရားနဲ့ အယူ ဆတရော ဘယ်လိုမျိုးလဲ"

"ကျွန်တော်တို့ ဘာသာရဲ့အယူအဆကတော့ သေ နောက် ကျန်ခဲ့တဲ့ဝိညာဉ်ခန္ဓာကို မိမိပြုလုပ်ခဲ့တဲ့ ကောင်း မကောင်းမှုကံတွေကပဲ ဦးဆောင်ပြီး အခြားဘုံဘဝတစ် ကူးပြောင်းပေးတယ်လို့ ယုံကြည်လက်ခံကြပါတယ်"

"ရှင့် အယူအဆဆိုရင် ရွှေခေါင်းကြီးနဲ့သက်ဆိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်တွေက အကူအညီပေးမယ်လို့ ဆိုလိုတာမဟုတ်လား ဟင်"

"ဟုတ်ပါတယ်၊ သူတို့ အကူအညီပေးလာရင်တော့ ရွှေခေါင်းကြီး ဘယ်နေရာရောက်နေတယ်၊ ဘာတွေလုပ်ရမယ်ဆိုတာ သိလာပါလိမ့်မယ်"

ထိုသို့ပြောဆိုပြီး ညဉ့်နက်ပိုင်းရောက်တော့ စကားရပ်ကာ နှစ်ယောက်စလုံး တည်းခိုဆောင်အတွင်းသို့ ပြန်ဝင်လာကြလေသည်။









အခန်း (၁၂)

# ကလဲ့အားချေလိုသော ဝိညာဉ်များ

အချိန်ကာလမှာ (၁၉၁၂)ခုနှစ် နှစ်ဆန်းပိုင်းကာလသို့ ရောက်လာလေသည်။ ထိုအချိန်တွင် လန်ဒန်မြို့၌ ထင်ရှားကျော်ကြားသော လက္ခဏာပညာရှင်တစ်ဦး ရှိပေသည်။

ၡင်း၏အမည်မှာ ကိုင်ရို(CHEIRO)ဖြစ်ပြီး လက္ခဏာကြည့်၍ ဟောပြောပေးရာမှာ များစွာကျွမ်းကျင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုင်း၏ဟောပြောချက်တို့မှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အကြောင်းအရာများနှင့် ပတ်သက်ပြီး ရာနှုန်းပြည့် မှန်ကန်မှု ရှိခဲ့သဖြင့် လူအများယုံကြည်လေးစားမှုခံရသူ တစ်ဦးလည်း ဖြစ်သည်။

အချို့ကတော့ ကိုင်ရိုမှာ လက္ခဏာပညာ သာမက စိတ်စွမ်းအင်ဟုခေါ်သော မနောစွမ်းအားကောင်း သူတစ်ဦးဖြစ်သည်ဟုလည်း မှတ်ချက်ချကြသည်။ အချို့ကလည်း သူ့ကိုအကြားအမြင်ရရှိနေသူဟု လက်ခံယုံကြည်ကြသည်။

မည်သို့ပင်ရှိစေ ထိုအချိန်က လက္ခဏာပညာရှင် ကိုင်ရိုဟောပြောချက်များမှာ ရာနှုန်းပြည့်နီးပါး မှန်ကန်မှုရှိခဲ့သည်။

ထို့ကြောင့် မင်းစိုးရာဇာအသိုင်း အဝိုင်းများသာမကပဲ သူဌေးသူကြွယ် ကုန်သည်ပွဲစားများကပါ အကြောင်းရှိလျှင် လာရောက်မေးမြန်းမှု ပြုကြလေသည်။

တစ်နေ့သ၌ လန်ဒန်မြို့မှာရှိသော လက္ခဏာဆရာကြီးကိုင်ရို၏ ဟောပြောခန်းအတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာလေသည်။ ထိုသူ၏အမည်မှာ ပက်ထရစ်ဆိုသူဖြစ်ပြီး အသက်အရွယ်အားဖြင့် သုံးဆယ်ကျော်ခန့်သာ ရှိသေးသည်။ လူရွယ်တစ်ယောက်ပင် ဖြစ်သော်လည်း ၎င်းအမူအယာမှာ တက်ကြွမှုမရှိပဲ တစ်စုံတစ်ခုကို ထိတ်လန့်ကြောက်ရွံ့နေဟန် ရှိလေသည်။





ဂုင်းကစားပွဲရှေ့မှာ ချထားသော ကုလားထိုင်တွင် ဝင်ထိုင်ရင်းပြောသည်။

"ကျွန်တော်နာမည် ပက်ထရစ်လို့ခေါ်ပါတယ်၊ ကျွန်တော်ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ခင်ဗျားတစ်ခုခု ပြောပြပေးနိုင်မလား"

ကိုင်ရိုက ၎င်းလက်နှစ်ဖက်ကို စားပွဲပေါ်တင်ရန် ပြောလိုက်သည်။

"ဒီလက်နှစ်ဖက်က ခင်ဗျားဘယ်လက်ကို ရွေးမလဲ"

ပက်ထရစ်ကမေးသဖြင့် စားပွဲပေါ်တင်ပေးထားသောလက်နှစ်ဖက်ကို ကိုင်ကြည့်လိုက်သည်။ မျက်စိမှိတ်ထားလျက် ထိုကဲ့သို့ ကိုင်လိုက်စဉ်မှာပင် ကိုင်ရို၏ အာရုံထဲမှာ မြင်ကွင်းအချို့ ပေါ်လာလေသည်။

ဦးစွာတွေ့လိုက်ရသည်က လင်းနို့ဖြူတစ်ကောင်ပင် ဖြစ်သည်။ လူမျက်နှာနှင့် ဆင်ဆင်တူသော လင်းနို့ဖြူက ၎င်းအနီးမှာ လှည့်လည်ပျံသန်းနေသည်။ မျက်စိဖွင့်ကြည့်လိုက်တော့ ဘာမှမတွေ့ရပေ။

နောက်တစ်ကြိမ် မျက်စိမှိတ်လိုက်သောအခါမှာတော့ လင်းနို့ဖြူကို မတွေ့ရတော့ပဲ၊ ရွှေသားဖြင့်ပြုလုပ်ထားသော ခေါင်းတလားတစ်လုံးနှင့် မံမီအရုပ်အလောင်းတစ်ခုကို တွေ့ရပြန်သည်။

ဒီတစ်ကြိမ်မှာတော့ ကြောက်စရာကောင်းသော မြင်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းတစ်ခုကိုပါ ထပ်မံတွေ့ရသည်။ အခြားတော့မဟုတ်သေ

ရွှေခေါင်းကြီးအတွင်းမှာရှိနေသော မံမီရုပ်အ လောင်းကြီးက တဖြည်းဖြည်း ထလာပြီးနောက် ပက်ထ ဆိုသူ၏ လက်တစ်ဖက်ကို ဖျက်ဆီးပစ်လိုက်သည်ကို တွေ ပြန်လေသည်။

ထို့ကြောင့် ချက်ခြင်းမှိတ်ထားသော မျက်စိကိုပြန် လိုက်ကာ ရှေ့မှာထိုင်နေသော ပက်ထရစ်ကို ကြည့်လို သည်။

"ခင်ဗျား ဘာတွေမြင်တွေ့ရသလဲ"

"ခင်ဗျားအနေနဲ့ လင်းနို့ဖြူတစ်ကောင်ရယ် ရွှေနဲ့ ထားတဲ့ ခေါင်းတလားတစ်လုံးရယ် မံမီရုပ်အလောင်းတွေ ပတ်သက်ခဲ့ဖူးတယ်ဆိုရင် မကြာခင်မှာ ခင်ဗျားရဲ့ညာဘ လက်တစ်ဖက် ဆုံးရှုံးရလိမ့်မယ်"

"နောက်ထပ်ဘယ်လို အန္တရာယ်မျိုးတွေနဲ့ တွေ့နိုင် သေးလဲ"

"နောက်ဆက်တွဲ အန္တရာယ်တွေကတော့ အများကြ ပဲပေါ့ဗျာ၊ ခင်ဗျားအနေနဲ့ ဒါတွေကို မယုံကြည်လို့ထပ်ပြီး ဆ တိုးမယ်ဆိုရင်တော့ အသက်အန္တရာယ်ပါ တွေ့လာနိုင်တ

ကိုင်ရိုက ထိုမျှလောက်သာ ပြောလိုက်သည်။

လူတစ်ယောက်၏ အသက်သေဆုံးရမည့်အချိန်န မည်သို့မည်ပုံ ဖြစ်ပျက်လာမည်ကို သိသော်လည်း ပြော





မရှိပါချေ။

နောက်တော့ ပက်ထရစ်မှာ စိတ်မကြည်မသာနှင့်ပင် အိမ်သို့ပြန်လာခဲ့လေသည်။ ကိုင်ရိုပြောပြလိုက်သော အ ကြောင်းအရာများမှာ သူတို့ကြုံတွေ့ခဲ့ရသော အကြောင်းအ ရာများပင် ဖြစ်ပေသည်။

လင်းနို့ဖြူ၊ ရွှေခေါင်းတလား၊ မံမီရုပ်အလောင်း.. စသည်တို့မှာ လွန်ခဲ့သော လများကကြုံတွေ့ခဲ့ရသည့် အ ကြောင်းအရာများပင်ဖြစ်သည်။ ပက်ထရစ်ဆိုသူမှာ အခြား မဟုတ်ပေ။

ရှေးဟောင်းပစ္စည်းများ လိုက်လံရှာဖွေနေသော ဦးဒီပကျော်၏ လက်ထောက်တစ်ဦးပင်ဖြစ်သည်။ လွန်ခဲ့ သောလပိုင်းလောက်က နိုင်းမြစ်ဝှမ်းတစ်နေရာမှာရှိသော ဘုရင်များတောင်ကြားမှ ရွှေခေါင်းတလားတစ်လုံး ရရှိလာ ခဲ့သည်။ ထိုရွှေခေါင်းကြီးအား နည်းအမျိုးမျိုးဖြင့် လန်ဒန်သို့ ရောက်အောင်သယ်ဆောင်လာခဲ့သည်။

ထိုသို့သယ်ဆောင်လာစဉ်မှာပင် သူတို့အတွက် အန္တ ရာယ်မျိုးစုံနှင့် ကြုံတွေ့ခဲ့ရသေးသည်။ သင်္ဘောပေါ်မှာပင် လူအချို့သေဆုံးသွားသဖြင့် ပင်လယ်ထဲသို့ ပစ်ချထားခဲ့ရ သည်။

ညအချိန်ရောက်လာလျှင် သင်္ဘောကုန်းပတ်ပေါ်မှာ သွားလာနေသော မံမီအလောင်းကြီးကို တွေ့ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းတို့နှင့်ပါလာသော အလုပ်သမားအချို့မှာ တစ်ယောက်ပြီး တစ်ယောက် သေဆုံးသွားကြသည်။

တစ်ယောက်မှာ အခန်းထဲမှာ အိပ်နေရင်းနှင့် လည်ပင်းမှာ ကိုက်ဖြတ်ထားသော အစွယ်ရာများဖြင့် သေဆုံးနေသည်။ နောက်တစ်ယောက်ကတော့ ညဘက် သင်္ဘောပေါ်မှာ ကြောက်လန့်တကြား အော်ဟစ်ကာ ပြေးလွှားနေသည်။

"လုပ်ကြပါဦး. . ကယ်ကြပါဦး၊ နောက်ကနေ မံမီအလောင်းကြီး လိုက်သတ်နေတယ်၊ ကယ်ကြပါဦး. ."

ထိုအသံကြောင့် အပြင်သို့ထွက်ကြည့်ကြသောအခါ အော်ဟစ်ပြေးလွှားနေသော အလုပ်သမားမှာ ပင်လယ်တွင်းသို့ ခုန်ဆင်းသွားသည်ကိုသာ မြင်တွေ့လိုက်ရသည်။

ဂျင်းတို့အဖွဲ့တွင် လူ(၆)ယောက်ပါရာ၊ ထိုအလုပ်သမား(၆)ယောက်မှာ လန်ဒန် မရောင်ခင်မှာပင် တစ်ယောက်ပြီးတစ်ယောက် သေသွားခဲ့ကြသည်။

သေဆုံးသူများမှာလည်း သွေးရိုးသားရိုး သေကြခြင်းမျိုးမဟုတ်ပဲ မံမီအလောင်းကြီးက လိုက်လံသတ်ဖြတ်သဖြင့် သေဆုံးခဲ့ကြရခြင်း ဖြစ်ပေသည်။

သို့သော်လည်း ဦးဒီပကျော်ကတော့ ခေတ်ကာလတန်ဖိုးနှင့်ကြည့်လျှင် တန်ဖိုးကြီးလှသော ရွှေခေါင်းတလားကြီးအား လန်ဒန်မြို့နေအိမ်သို့ သယ်ဆောင်ယူလာခဲ့ပေသည်။





ပက်ထရစ်အနေဖြင့် ရွှေခေါင်းတလားကြီး ရလာစက ဝမ်းသာမိသော်လည်း နောက်ပိုင်းဂျင်းတို့နှင့်ပတ်သက်သူများ တစ်ယောက်ပြီးတစ်ယောက် သေကြရသည်ကို မြင်သောအခါ ကြောက်ရွံ့စိတ်ဖြစ်လာလေသည်။

သို့ကြောင့် လက္ခဏာဆရာကြီး ကိုင်ရိုထံသို့ သွားရောက်မေးမြန်းခဲ့ခြင်း ဖြစ်သည်။ ထိုသို့မေးမြန်းကြည့်တော့လည်း အခြေအနေကတော့ မကောင်းလှပေ။ ယာဘက်လက်တစ်ဖက် ဆုံးရှုံးရမည့်အပြင် အသက်အန္တရာယ်ပါ စိုးရိမ်ရမည့် အခြေအနေမျိုးရှိသောကြောင့် စိတ်ထဲမှာ တထင့်ထင့်နှင့် ဖြစ်နေခဲ့ပေသည်။

ကိုင်ရိုထံမှ ပြန်လာပြီး ရက်အတန်ငယ်ကြာသောအခါ မိတ်ဆွေတစ်စုရောက်လာပြီးခေါ်သဖြင့် တောထဲသို့ အမဲပစ်ရန် လိုက်သွားလေသည်။

ယခင်ကလည်း မိတ်ဆွေများနှင့် အမဲပစ်ထွက်လေ့ရှိသဖြင့် တောထဲရောက်သောအခါ အခြားစိတ်ပူပန်စရာအကြောင်းများ မေ့ပျောက်သွားလေသည်။

တောထဲရောက်ပြီး ညဘက်စခန်းချနေကြစဉ် ပက်ထရစ်မှာ အပေါ့အပါးသွားရန် အတွက် အပြင်ထွက်လာရာ နောက်ဖက်မှခြေသံလိုလို ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ အမှောင်ရိပ်ထဲမှာရပ်နေသော မံမီအလောင်းကြီးကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ခါးမှာအဆင်သင့်ထိုးထားသော သေနတ်နှင့်ထုတ်ပစ်သည်။

"ဖောင်း"

သေနတ်ကျည်ဆံက ရှေ့သို့မထွက်ပဲ နောက်သို့ပြန်ကန်ထွက်ရာ သေနတ်ကိုင်ထားသော ညာလက်တစ်ခုလုံး ကြေမွသွားတော့သည်။ သေနတ်သံကြောင့် တဲအတွင်းမှ အခြားအဖော်များက သေနတ်များကိုင်ကာ ပြေးထွက်လာကြသည်။

"ပက်ထရစ် . . ဘာဖြစ်တာလဲ"

ပက်ထရစ်က ဒဏ်ရာရထားသောလက်ကို ဆုပ်ကိုင်ထားရင်း မံမီအလောင်းကြီးရှိသောနေရာသို့ လှမ်းကြည့်လိုက်သောအခါ မတွေ့ရတော့ပေ။

ပက်ထရစ်က ၎င်းအဖော်များကို အကျိုးအကြောင်းပြောပြသောအခါ ဒဏ်ရာကို ပတ်တီးစည်း ပေးကြသည်။ နောက်တစ်နေ့ နံနက်ပိုင်းပြန်ရန်ပြင်သောအခါ သူတို့စီးလာသောကားက စက်နိုး၍မရတော့ပေ။ လူသူမနီးသောတောစပ်တွင် အခြားအကူအညီလည်း မရသောကြောင့် ရက်အတော်ကြာသွားခဲ့သည်။

လန်ဒန်ပြန်ရောက်ပြီး ဆရာဝန်နှင့် ပြသောအခါမှာတော့ ဒဏ်ရာအခြေအနေမှာ အတော်ပင် ဆိုးဝါးနေသောကြောင့် တတောင်ဆစ်မှ ဖြတ်ပစ်လိုက်ရတော့သည်။





ထိုအခြေအနေကြောင့် ပက်ထရစ်မှာ များစွာတုန်လှုပ်သွားလေသည်။

"ကိုင်ရိုပြောတဲ့အတိုင်း ငါ့ရဲ့ညာဘက်လက်တော့ဆုံးရှုံးသွားခဲ့ပြီ၊ ဒီအတိုင်းဆိုရင်တော့ မကြာခင် ငါသေရတော့မယ်ထင်တယ်"

ဟုတွေးမိရင်း ဦးဒီပကျော်ထံသို့သွားကာ အကျိုးအကြောင်း ပြောပြလိုက်သည်။ ဦးဒီပကျော်ထံရောက်တော့မှ ၎င်းတို့လံမှာလည်း အခြေအနေမကောင်းမှန်း သိရပြန်လေသည်။

"မင်းပြောတာ ဖြစ်နိုင်တယ်၊ ဒီမှာလည်း ရွှေခေါင်းကြီးရောက်လာမှ အခြေအနေမကောင်းဘူး"

"ဘယ်လိုတွေ ဖြစ်နေသလဲ"

"ရွှေခေါင်းကြီးကို မြေအောက်ခန်းထဲမှာ ထည့်ထားတယ်၊ ညဘက်အဲဒီအခန်းထဲ ထူးထူးခြားခြားအသံတွေကြားလို့ ဆင်းကြည့်တော့ ရှေးခေတ်အီဂျစ်အဝတ်အစားနဲ့ မိန်းမတစ်ယောက်ကို တွေ့ရတယ်"

"နောက်တော့ဘယ်လိုဖြစ်သလဲ"

"နေ့ဘက်ဆင်းကြည့်တော့ ရွှေခေါင်းကြီးရဲ့အပေါ်မှာ မိန်းမရုပ်တစ်ရုပ် ထွင်းထုထားတာတွေ့ရတယ်၊ အဲဒီမိန်းမရုပ်က ညဘက်တွေ့ရတဲ့ မိန်းမနဲ့တစ်ထေရာတည်း တူနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ပက်ထရစ်က များစွာအံ့ဩသွားလေသည်။

"ဒါထက် ထူးဆန်းတာ တွေ့ရသေးတယ်"

"ဘယ်လိုမျိုးလဲ"

"ရွှေခေါင်းပေါ်မှာ ပြုလုပ်ထားတဲ့ရုပ်တုက အသက်ဝင်လာသလို ဖြစ်ပြီးတော့ မျက်တောင်ခတ်နေတယ်၊ ငါ့ကို စိုက်ကြည့်နေတဲ့အကြည့်က အတော့်ကို ကြောက်စရာကောင်းတယ်"

ဦးဒီပကျော်က စကားပြောရင်း မျက်နှာပေါ်မှ ချွေးစက်တို့ကို ပုဝါဖြင့်သုပ်ပစ်နေသည်။

"စိတ်ထင်နေလို့များလား"

"ဒီလိုတော့ မဖြစ်နိုင်ပါဘူး၊ ငါလည်း ဒါမျိုးတွေနဲ့ ကြုံတွေ့ခဲ့ဖူးပါတယ်၊ ဒီလိုတစ်ခါမှ မဖြစ်ဖူးသေးဘူး"

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ငါတော့ ငါတို့ရထားတဲ့ ရွှေခေါင်းကြီးကို ရောင်းပစ်တော့မယ်လို့ စိတ်ကူးမိတယ်"

"ဝယ်မယ့်သူကော ရှိပါ့မလား"

"ဒီကိစ္စကို မေရီချိုက တာဝန်ယူပြီး လုပ်နေတယ် သူနဲ့တွေ့ပြီးတော့မှ အဖြေသိရမယ်"

ဟု ပြောလေသည်။

နောက်တစ်ရက်မှာတော့ ဦးဒီပကျော်နေသော အိမ်



၌ပင် မေရီချိုနှင့်ပြန်တွေ့ရလေသည်။

အခြေအနေကိုမေးတော့ သူမက ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြလေသည်။

"အရောင်းအဝယ်ကိစ္စကိုတော့ ဘာမှမလုပ်ရသေးဘူး၊ ဒီရက်ထဲမှာ ကျွန်မအတွက် မကောင်းတာတွေနဲ့ချည်း ကြုံနေရတယ်၊ ဒါထက်ရှင့်ရဲ့လက်တစ်ဖက်က ဘယ်ရောက်သွားပြီလဲ"

မေရီချိုက ဖြတ်ထားသောလက်ကို မြင်သွားသဖြင့် မေးလိုက်လေသည်။

"*ငါလည်းနင့်လိုပဲ အီဂျစ်က ပြန်ရောက်လာကတည်း*က အခြေအနေမကောင်းဘူး၊ ကြောက်စရာလန့်စရာတွေနဲ့ ချည်းတွေနေရတယ်၊ နောက်ဆုံးလက်တစ်ဖက် ဖြတ်လိုက်ရတဲ့အထိပါပဲ"

ပက်ထရစ်က သူကြုံတွေ့ခဲ့ရသော အကြောင်းများကို ပြောပြလိုက်လေသည်။

"နင်ရော ဘယ်လိုအန္တရာယ်တွေနဲ့ ကြုံခဲ့ရသလဲ ပြောပြပါဦး"

ထိုအခါ မေရီချိုက သူမကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလေသည်။

"ပြောစရာတွေကတော့ အများကြီးပဲ၊ ညတိုင်း . . ကျွန်မဆီကို လင်းနို့ဖြူကြီးတစ်ကောင် ရောက်လာလေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တံခါးတွေ ပြတင်းပေါက်တွေ ပိတ်ထားပေမယ့် သူ ဘယ်နေရာကနေ ဝင်လာမှန်းမသိဘူး။ ညအချိန်ရောက်တာနဲ့ အိမ်ထဲရောက်နေတော့တာပဲ"

ထိုစကားကြားတော့ ဦးဒီပကျော်နှင့် ပက်ထရစ်တို့မှာ သူတို့ကြုံတွေ့နေရသောအဖြစ်အပျက်နှင့် တူနေသောကြောင့် ထွေထွေထူးထူး ဘာမှမပြောကြတော့ပေ။

မေရီချို့က ဆက်ပြောပြသည်။

တစ်ညမှာတော့ အောက်ထပ်အခန်းမှ ခြေသံလိုလို ကြားရသဖြင့် လန့်နိုးလာသည်။

ပထမတော့ အတူနေသော အမျိုးသမီးကြီးကိုနှိုးရန် စိတ်ကူးလိုက်မိသေးသည်။ နောက်တော့မှ စိတ်ကူးပြောင်းသွားပြီး မနှိုးတော့ပဲ အောက်ထပ်သို့ဆင်းရန်ပြင်သည်။

အခန်းတံခါး ဖွင့်လိုက်သည်နှင့် သူမအနီးမှ ဖြတ်ပြေးသွားသော လင်းနို့တစ်ကောင်ကို တွေ့လိုက်ရသေးသည်။ မေရီချို့မှာ ဦးဒီပကျော်တို့နှင့် ခရီးထွက်ရာမှာ လိုက်ပါလေ့ရှိသူဖြစ်ရာ သချိုင်းဂူအတော်များများကို ရောက်ဖူးနေသူဖြစ်သဖြင့် တော်ရုံနှင့်တော့ မကြောက်တတ်ပေ။

ထို့ကြောင့် အပြင်သို့ထွက်လာပြီး အသံကြားရသော အောက်ဖက်သို့ ကြည့်လိုက်သည်။ ရှေးခေတ်အီဂျစ်အမျိုးသမီးများဝတ်ဆင်သည့် အဝတ်အစားများ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် လမ်းလျှောက်နေသည်ကို





တွေ့ရသည်။

ထိုအမျိုးသမီးကို မြင်သည်နှင့် သူတို့ယူလာသော ရွှေခေါင်းကြီးပေါ်၌ ပြုလုပ်ထားသော အရုပ်ကို ချက်ခြင်းသတိရလိုက်လေသည်။

ထိုအမျိုးသမီးက မေရီချို့ရပ်နေသော အပေါ်သို့ တစ်ချက်မော့ကြည့်ပြီးနောက် အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။ နောက်ထပ်မတွေ့ရတော့သဖြင့် မေရီချို့လည်း မိမိအခန်းရှိရာသို့ ပြန်လာခဲ့သည်။ ထိုအကြောင်းကိုတော့ အတူနေသောအမျိုးသမီးကိုပင် ပြောမပြတော့ပေ။

နောက်တစ်ညမှာတော့ အောက်ထပ်မှ အသံအချို့ကြားရပြန်သည်။ မေရီချို့က ထွက်မကြည့်တော့ပေ။ ထိုအခါ တစ်ဖက်ခန်းမှာရှိသော အမျိုးသမီးက ထွက်ကြည့်လေသည်။

သူမထွက်ကြည့်သောအချိန်မှာ အောက်ထပ်၌ အမျိုးသမီးတစ်ယောက် ရပ်နေသည်ကိုလှမ်းမြင်ရသည်။

"ဘယ်ကအမျိုးသမီးများ အိမ်ထဲရောက်နေတာပါလိမ့်"

ဇဝေဇဝါဖြင့် စဉ်းစားနေစဉ်မှာ အောက်ထပ်မှာရပ်နေသော အမျိုးသမီးက ဖျပ်ခနဲပျောက်သွားလေတော့သည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြ ဖြစ်နေစဉ်မှာပင် သူမရပ်နေသော အနောက်ဘက်မှ အသံကြားရသဖြင့် လှည့်ကြည့်လိုက်သည်။ နောက်မှာရပ်နေသူမှာ လူတစ်ယောက်တော့ မဟုတ်ပေ။

ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော မံမီအလောင်းကြီး ဖြစ်နေလေသည်။

"အမယ်လေး ကယ်ကြပါဦး"

ဟုအော်လိုက်စဉ် ရပ်နေသော မံမီအလောင်းကြီးက လက်ကားရားခြေကားရားဖြင့် ရှေ့သို့တိုးလာသဖြင့် ကြောက်လန့်တကြားနောက်ဆုတ်လိုက်ရာ လှေခါးထစ်များမှ အောက်သို့ဖြုတ်ကျသွားလေတော့သည်။

"အား"

လှေခါးမှ ဒလိမ့်ခေါက်ကွေးကျသွားသော အသံကြောင့် မေရီချိုအပြင်ထွက်လာပြီး ကြည့်သောအခါ လှေခါးခြေရင်းတွင် ခွေခွေလေးငြိမ်သက်နေသော အခန်းဖော်အမျိုးသမီးကို တွေ့မြင်ရသဖြင့် ဆင်းကြည့်သောအခါ အသက်မရှိတော့ပေ။ ထို့ကြောင့် ချက်ခြင်းရဲကိုအကြောင်းကြားရသည်။

သူမ မသတ်သော်လည်း တစ်အိမ်တည်းမှာ နေသူချင်း သေဆုံးသွားသောကြောင့် မသင်္ကာမှုဖြင့် စစ်ဆေးမေးမြန်းမှုများ ခံရလေသည်။ နေရင်းထိုင်ရင်း သံသယတရားခံဘဝ ရောက်ခဲ့ရသည်။

ရက်ပိုင်းလပိုင်းအတွင်းမှာပင် မေရီချိုအတွက် အခြားအကြောင်းအရာအဖြစ်အပျက်များထက် ပိုမိုဆိုးဝါးသော အဖြစ်အပျက်တစ်ခုနှင့်လည်း ကြုံတွေ့ရသေးသည်။

အခြားမဟုတ်ပေ။

လက်ထပ်ဖို့အထိ ရည်းစားထားသော ချစ်သူက သူမအပေါ်မှာ သစ်စိမ်းချိုးချိုးပြီး သစ္စာဖောက်သွားခဲ့ခြင်းပင် ဖြစ်၏။ နောက်ပိုင်းမှာတော့ အတူနေသော အခန်းဖော်အမျိုးသမီး သေဆုံးသွားပြီးနောက်မှာတော့ မေရီချိုတစ်ယောက် ထိုအိမ်ကြီးမှာ ဆက်မနေဝံ့လောက်အောင် ကြောက်လန့်လာလေသည်။

ညဘက်အိပ်ပျော်နေစဉ် အခန်းတွင်းသို့ လင်းနို့ဖြူကြီးတစ်ကောင် ရောက်လာပြီး သူမလည်ပင်းကို ဖောက်ပြီး သွေးစုပ်ယူနေသကဲ့သို့ ခံစားရလေသည်။

မနက်လင်းလာသောအခါမှာ လင်းနို့ကြီးကို မတွေ့ရတော့ပဲ လည်ပင်းတစ်နေရာ၌ကျန်ခဲ့သော အစွယ်ရာနှစ်ခါက်ကိုသာ တွေ့ရလေသည်။

"ကြာရင် ကျွန်မလည်း သေရတော့မယ် ထင်ပါရဲ့"

ဟု မေရီချိုက သူမပြောပြနေသော အကြောင်းအရာများကို အဆုံးသတ်လိုက်သည်။ ဒီတော့မှ ပက်ထရစ်က မေရီချို၏ပုံပန်းသဏ္ဌာန်ကို သတိပြုမိလေသည်။

ယခင်ကနှင့်မတူပဲ အတော်ပင် ပိန်ကျသွားသည်ဟု ထင်မိလေသည်။







www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အန္တရာယ်များမှာ သူတစ်ယောက်တည်း ထံသို့ ရောက်လာခြင်းမဟုတ်ပဲ အားလုံးထံသို့ ရောက်နေမှန်း သိရလေတော့သည်။

ဦးဒီပကျော်က ရင်းတို့ပြောသော စကားများကို နား ထောင်ပြီးမှ သူ၏ထင်မြင်ချက်ကို ပြောလေသည်။

"ဖာရိုးဘုရင်တွေရဲ့ သချိုင်းဂူတွေက ကျိန်စာတွေနဲ့ ထားခဲ့ကြတာဆိုတော့ သူတို့နဲ့သက်ဆိုင်တဲ့ပစ္စည်းတွေကို ယူ ခဲ့ရင် အန္တရာယ်တွေက အနည်းနဲ့အများတော့ တွေ့ကြရတာ ပါပဲ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီတစ်ခါ ကြုံ တွေ့ရတဲ့ အန္တရာယ်တွေကတော့ အတော့်ကိုတိုက်ဆိုင်တယ် အန္တရာယ်လည်းကြီးတယ်၊ ကြာရင် ကျွန်တော်တို့အားလုံး သေကြရလိမ့်မယ်၊ ဆရာကြီးရလာတဲ့ ရွှေခေါင်းကြီးကို တစ် ခုခုလုပ်မှ ကောင်းမယ်"

ဟု ပက်ထရစ်က ပြောသည်။

ထိုအခါ ဦးဒီပကျော်က မေရီချို့ကိုမေးသည်။

"အရောင်းအဝယ်လုပ်ဖို့ အဆက်အသွယ်တွေ ချိတ် မိပြီလား မေရီချို့"

"အခုထိတော့ မတွေ့သေးဘူး၊ တွေ့တဲ့လူတွေက လည်း သာမန်ပစ္စည်းလောက်ကိုသာ စိတ်ဝင်စားကြတယ် ဒီလောက်ကြီးတဲ့ ရွှေခေါင်းကြီးတစ်ခုလုံးကို ဝယ်ဖို့တော့





လက်တွန့်နေကြတယ်၊ ပြောရရင်တော့ ကြောက်လန့်နေကြပုံ ရတယ်"

ဦးဒီပကျော်က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

သူ့စိတ်ထဲမှ ထိုမျှလောက်အန္တရာယ်များသော ရွှေ ခေါင်းကြီးကို တစ်သက်လုံး သိမ်းဆည်းထားရန်လည်း စိတ် မကူးပေ။


အကယ်၍ သင့်တော်သူနှင့်တွေ့ပြီး ထုခွဲရောင်းချပြီး ပါက ပက်ထရစ်နှင့် မေရီချို့တို့အား သင့်တော်သလောက်စီ ခွဲဝေပေးပြီး ထိုလုပ်ငန်းများကို စွန့်လွှတ်တော့မည်ဟုပင် စိတ် ကူးထားပြီးပေပြီ။ ထိုအကြံအစည်ကို ပြောပြတော့လည်း တျန်နှစ်ယောက်က သဘောတူကြလေသည်။

သို့သော်လည်း နောက်ပိုင်းမှာတော့ သူတို့အကြံအ စည်ကို အကောင်အထည်ဖော်ရန် အခွင့်အရေးမရကြတော့ ပေ။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [၁၃]

# ရွှေတလားနှင့် ရွှေသားမိစ္ဆာ

ပက်ထရစ်မှာ မမျှော်လင့်ပဲ လက်တစ်ဖက်ဆုံးရှုံးသွားပြီးနောက်တွင် ယခင်ကကဲ့သို့ အမဲလိုက်သော အလုပ်ကိုပင် မလုပ်နိုင်တော့ပေ။ စိတ်ဓာတ်ကျသွားသောကြောင့် အပြင်သို့ သွားလာခြင်းပင် သိပ်မလုပ်တော့ပေ။

ထို့ထက် အလုပ်မလုပ်နိုင်တော့သဖြင့် ဝင်ငွေလည်း လျော့နည်းလာသည်။ ယခင်ရာငွေလိုလျှင် ဦးဒီပါကျော်ထံသို့



www.burmeseclassic.com

www.burmeseclassic.com



သွားကာတောင်းလျှင် သင့်တော်သလောက်တော့ရသည်။

ရွှေ ခေါင်းကြီးရလာပြီးနောက်ပိုင်းမှာတော့ သူကိုယ်တိုင်လည်း အခြေအနေမကောင်းတော့သဖြင့် မပေးနိုင်တော့ပေ။ ယခင်က ပြုလုပ်ထားသော စီးပွားရေးလုပ်ငန်းများမှာ တဖြည်းဖြည်းနှင့် ပျက်စီးလာသည်။

လက်တွဲလုပ်ကိုင်သော လုပ်ဖော်ကိုင်ဖက်များက သစ္စာဖောက်သဖြင့် လုပ်ငန်းများပျက်စီးရုံမကဘဲ ရင်းနှီးမြှုပ်နှံထားသောငွေကြေးများ ဆုံးရှုံးသွားသဖြင့် မချောင်လည်တော့ပေ။

သူ့အတွက် တစ်ခုတည်းသော ထွက်ပေါက်မှာ ရွှေခေါင်းကြီးပင် ဖြစ်ပေသည်။ ရွှေခေါင်းကြီးကို ရောင်းချရလျှင် ငွေမြောက်များစွာရမည်ဟု မျှော်လင့်ထားသည်။

ရှေးဟောင်းပစ္စည်း တန်ဖိုးအပြင် ရွှေခေါင်း၌စီခြယ်ထားသော ကျောက်မျက်ရတနာများ၏ တန်ဖိုးကပင် မနည်းလှပေ။ သို့သော် သူရောင်းချလိုသော ရွှေခေါင်းကြီးမှာ ယခုအထိ ဝယ်မည့်သူ မပေါ်သေးပေ။

သို့ကြောင့် ဦးဒီပကျော်မှာ အခက်တွေ့နေရသည်။ အခြားမှငွေမရသောကြောင့် ပက်ထရစ်နှင့် မေရီချိုတို့ အပါအဝင်စေခိုင်းထားသူတို့ကို ငွေကြေးထောက်ပံ့မှုများ မလုပ်ပေးနိုင်ပေ။

ထို့ထက်ဆိုးသည်က ရွှေခေါင်းကြီးရလာပြီးကတည်း





က ညစဉ်ပင် အခြောက်အလှန့် ခံနေရခြင်းပင် ဖြစ်သည်။

သစ်ပင်တစ်ပင်ကောင်းသော် ငှက်အပေါင်းနားခိုနိုင်သော်လည်း ထိုသစ်ပင်ချို့ယွင်းပျက်စီးသောအခါ ငှက်များဒုက္ခရောက်ကြရသကဲ့သို့ပင် ဦးဒီပကျော်အခြေအနေ ယိုယွင်းလာသောအခါမှာတော့ ကျန်လူများလည်း အနည်းနှင့်အများဆိုသလို ဒုက္ခရောက်ကြရပေသည်။

ထိုအထဲတွင် ပက်ထရစ်တို့လည်း အပါအဝင်ဖြစ်ပေသည်။ ပက်ထရစ်မှာ တစ်ယောက်တည်းနေသူဖြစ်သဖြင့် အသုံးအဖြုန်းကြီးသူ တစ်ယောက်ဖြစ်သောကြောင့် ငွေမစုမိပေ။ အလုပ်ကောင်းနေစဉ်က မသိသာသော်လည်း ယခုလို လက်တစ်ဖက်ပြတ်ပြီး အလုပ်မလုပ်နိုင်သောအခါ စီးပွားရေးကျပ်တည်းလာသည်။

သို့ကြောင့် မူလနေထိုင်သော မြို့လည်မှအခန်းကို ပြန်အပ်ပြီးနောက် မြို့စွန်ဘက်မှ အဖိုးနှုန်းချိုသာသော အိမ်တစ်လုံးကိုငှားရမ်းပြီး သွားရောက်နေထိုင်ရလေသည်။

ထိုအိမ်ကြီးမှာ သရဲခြောက်သဖြင့် အခြားသူများမနေဝံ့ကြသဖြင့် ဈေးချိုချိုဖြင့် ငှားရမ်းရရှိခဲ့ခြင်း ဖြစ်ပေသည်။

သို့သော်လည်း ထိုအိမ်ရောက်ကလည်း ညစဉ်သရဲခြောက်ခံရသဖြင့် ကောင်းစွာမအိပ်ရပေ။ မိုးချုပ်သွားသည်နှင့် လင်းနို့ဖြူတစ်ကောင် ရောက်လာပြီး သူနေသောအိမ်ကို သုံးလေးပတ် လှည့်ပတ်ပျံသန်းပြီးမှ ပြန်ထွက်သွားလေသည်။

www.burmeseclassic.com



လင်းနို့ဖြူပြန်ထွက်သွားသည်နှင့် ထိုအိမ်၌ရှိနေကြ
သော သရဲတစ္ဆေများထွက်လာပြီး ခြောက်လှန့်ကြလေသည်။

ပက်ထရစ်ကလည်း အရက်မူးအောင်သောက်ပြီး
ပေနေလေသည်။ တစ်ညမှာတော့ တံခါးခေါက်သံကြားရသ
ဖြင့် သွားဖွင့်ကြည့်ရာ ဘယ်သူမှမတွေ့ရပေ။

နောက်ညတွေမှာလည်း လင်းနို့ဖြူရောက်လာပြီး
မရှေးမနှောင်းမှာ တံခါးခေါက်သံကြားရလေ့ရှိသည်။

"ဒေါက်. . ဒေါက်. . ဒေါက်. . "

ဒီတစ်ခါကြားရသော တံခါးခေါက်သံက အတော်ပ
ကျယ်သည်။ ထို့ကြောင့် ပက်ထရစ်လည်း အိပ်ချင်မူးတူးပြ
ထသွားပြီး တံခါးဖွင့်ကြည့်လိုက်တော့ အပေါက်ဝမှာ လူတ
ယောက်ရပ်နေလေသည်။

တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားသောကြော
မည်သူမည်ဝါမှန်းတော့ မသိရပေ။

"မင်း ဘယ်သူလဲ"

"ငါက ဒီအိမ်ပိုင်ရှင်ပဲ၊ ဒီမှာနေလာတာ နှစ်အတော်
ကြာနေပြီ"

"ငါမသိဘူး၊ အခုတော့ ဒီအိမ်ကိုငါဝယ်ပြီးသွားပြီ"

"ဒါပေမယ့် မင်းဒီမှာ နေလို့မရဘူး"

"မရလည်း ငါကတော့ ဆက်နေရမှာပဲ၊ ငါမှာတခြား
ရွှေ့ပြောင်းစရာ ငွေလည်းမရှိတော့ဘူး"





"နေမယ်ဆိုလည်း ဒီအတိုင်းတော့ နေလို့မရဘူး"

ထိုစကားကြားတော့ အံ့ဩသွားသဖြင့် ပြန်မေးလိုက်
သည်။

"ဒါဖြင့် ဘယ်လိုနေရမှာလဲ"

"ငါတို့နဲ့ဘဝတူမှ နေခွင့်ရနိုင်မယ်"

"ဟင်"

ထိုစကားကြားရသောအခါ ကျောထဲမှာစိမ့်တက်
လာပြီး ခေါင်းနပန်းကြီးသွားလေသည်။ ထိုသို့ပြောပြီးနောက်
အဝတ်မည်းကြီးခြုံထားသောသရဲက အိမ်အတွင်းသို့ ဝင်လာ
သည်။ သူဝင်လာသည်နှင့် ဖွင့်ထားသော တံခါးချပ်များက
သူ့အလိုအလျောက် ပြန်ပိတ်သွားလေတော့သည်။

ထိုညက သရဲခြောက်သည်ဟု နာမည်ကြီးသော
အိမ်ကြီးဆီမှ စူးစူးဝါးဝါး အော်သံများကို ပတ်ဝန်းကျင်မှာ
နေသူများက တစ္ဆန်းတစကြားကြရသည်။

နောက်တစ်နေ့နံနက်တွင် ပုလိပ်များကို သတင်းပို့ပြီး
ထိုနေရာသို့ သွားကြည့်ကြသောအခါ အိမ်အတွင်း၌ ရုပ်ပျက်
ဆင်းပျက်ဖြစ်ကာ သေဆုံးနေသော ပက်ထရစ်အလောင်းကို
သာ တွေ့ကြရသည်။

ပက်ထရစ်သေသွားပြီး နောက်မှာတော့ ဦးဒီပကျော်
နှင့် မေရီချို့တို့လည်း ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြရပေတော့
သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ပက်ထရစ်တော့ သေသွားပြီ၊ ဒီအတိုင်းဆိုရင် ကျွန်မတို့လည်း ကြာကြာနေရတော့မယ် မထင်ဘူး"

မေရီချိုစကားကြားတော့ ဦးဒီပကျော်က ဆေးပြင်းလိပ်ကိုတွင်တွင်ဖွာရင်း လေးလေးနက်နက် စဉ်းစားနေသည်။

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ကျွန်မသဘောပြောရရင်တော့ ရွှေခေါင်းကြီးကို ဆက်မထားသင့်တော့ဘူး"

"ငါ့အတွက် အရင်းအနှီးတွေ အများကြီးကုန်ထားတာ၊ ဒီတော့ ဘယ်လိုလုပ်မလဲ"

"ကျွန်မသဘောပြောရရင် ရွှေခေါင်းမှာစီခြယ်ထားတဲ့ ကျောက်မျက်ရတနာတွေကိုဖြုတ်ယူပြီး ရောင်းရင်တောင် ဆရာကြီးရဲ့ ငွေတွေပြန်ရနိုင်ပါတယ်၊ ဒီရွှေခေါင်းကြီးကိုတော့ သက်ဆိုင်ရာအပ်လိုက်တာ ပိုကောင်းမယ်ထင်ပါတယ်"

ထိုစကားကြားတော့ ဦးဒီပကျော်မှာ တွေဝေနေသည်။ သက်စွန့်ဆံဖျားရလာသောပစ္စည်းကို အလွယ်တကူ ပြန်စွန့်ရမှာကို ဝန်လေးနေဟန်ရှိသည်။

နောက်သုံးရက်ခန့်ကြာတော့မှ မေရီချိုပြောသော အကြံအစည်ကို လက်ခံလေသည်။ ရွှေခေါင်းကြီးမှာ စီခြယ်ထားသော တန်ဖိုးရှိသည့် ကျောက်မျက်ရတနာများကို ဖြုတ်ယူထားပြီး ရွှေခေါင်းကြီးအား ဗြိတိသျှပြတိုက်သို့ သွားရောက်အပ်နှံလိုက်ကြလေသည်။





ရွှေခေါင်းတလားကြီး ပြတိုက်သို့ ရောက်သွားပြီးနောက်ပိုင်းတွင် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုးဖြစ်လာသည်ဟု သတင်းများထွက်လာလေသည်။

တာဝန်ရှိသူများ ကိုယ်တိုင်ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများနှင့် ကိုယ်တွေ့ကြုံရကြောင်း ပြောပြကြသည်။

သတင်းသမားများကလည်း ထူးထူးဆန်းဆန်း ရောက်လာသော ရွှေခေါင်းကြီးနှင့်ပတ်သက်ပြီး သတင်းယူရန် လာကြလေသည်။

ရွှေခေါင်းကြီးနှင့်ပတ်သက်ပြီး ဓါတ်ပုံမှတ်တမ်းရိုက်ခြင်း၊ သတင်းရေးသူတို့မှာလည်း အနည်းနှင့်အများဆိုသလို အန္တရာယ်များနှင့် ကြုံတွေ့ရသည်။ အချို့ အသက်သေဆုံးသည်အထိ ဖြစ်ကြရသည်။ ထိုအထဲတွင် ပန်းချီဆရာတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

၎င်းက ရွှေခေါင်းအပေါ်တွင် ပြုလုပ်ထားသော အမျိုးသမီးပုံကို ကူးယူရေးဆွဲခွင့်ရလေသည်။ပန်းချီဆရာအနေဖြင့် ကူးယူရေးဆွဲနေသောအချိန်မှာလည်း ထူးဆန်းမှုများ တွေ့ရသည်။

ရွှေတလားအဖုံးပေါ်တွင် ပြုလုပ်ထားသော ရွှေသားချပ်သွင်မှာ အမျိုးသမီးတစ်ယောက်၏ ပုံဖြစ်သည်။ ချောမောလှပသော အီဂျစ်အမျိုးသမီး တစ်ယောက်ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူရေးဆွဲနေစဉ်မှာ မကြာခဏဆိုသလို ရွှေသားရုပ်မှ အသက်ဝင်လာသကဲ့သို့ဖြစ်ကာ မျက်တောင်ခတ်လာခြင်း၊ ပါးစပ်ပွင့်လာခြင်းများဖြစ်ကာ သူ့ကိုကြည့်နေလေသည်။

ပထမတော့ ကြည့်ပါများသဖြင့် စိတ်ထဲမှထင်လာသည်ဟု သူကိုယ်သူထင်မိသည်။ သို့သော် မဟုတ်ပေ။

တစ်ကြိမ်မှာတော့ မျက်တောင်ခတ်နေပြီး သူ့ကိုစိုက်ကြည့်နေသည်ကို တွေ့ရသည်။ ကြည့်နေသော မျက်လုံးမှာလည်း လိုလားနှစ်သက်သည့် အမူအယာမျိုးလည်းမဟုတ်ပဲ ဒေါသဖြင့်ကြည့်နေသော မျက်လုံးမျိုးဖြစ်သဖြင့် လန့်ဖျပ်သွားသည်။

သို့သော်လည်း ရေးဆွဲခြင်းကိုတော့ မရပ်ပဲဆက်လက်ရေးဆွဲလေသည်။ ထိုသို့ရေးဆွဲသောအခါမှာလည်း ချောချောမွေ့မွေ့တော့ မဖြစ်ပေ။

ပုံကြမ်းလောင်းထားသော စာရွက်များကို တစ်စုံတစ်ယောက်က ဖျက်ဆီးပစ်သဖြင့် အကြိမ်ကြိမ်ပျက်စီးနေသဖြင့် မကြာခဏ အသစ်ပြန်ဆွဲရလေသည်။

ရက်အတန်ကြာသောအခါမှာ ဆေးဖြင့်ရေးဆွဲခြင်း ပြီးစီးသွားလေသည်။

ပန်းချီကားပြီးသွားသောအခါ ပြတိုက်ထဲမှ ထွက်လာစဉ် အရှိန်ဖြင့် မောင်းလာသော မော်တော်ကားတစ်စင်းက ဝင်တိုက်မိသဖြင့် ပန်းချီဆရာမှာ ပြတိုက်ရှေ့မှာပင် သေဆုံး





သွားလေသည်။

သူရေးဆွဲထားသော ပန်းချီကားမှာလည်း ရစရာမရှိအောင် ပျက်စီးသွားလေတော့သည်။

နောက်ပိုင်းမှာလည်း ဗြိတိသျှပြတိုက်တွင် ကြောက်စရာကောင်းသော အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ဖြစ်ပျက်ခဲ့သောကြောင့် ထိုပြတိုက်တွင် မထားဝံ့ကြတော့ပေ။

သို့ကြောင့် ပြတိုက်တာဝန်ရှိသူများက ထိုခေါင်းတလားကြီးကို ပြတိုက်မှာမထားတော့ပဲ နယူးရော့ခ်မြို့မှ ပြတိုက်သို့လှူရန် ဆုံးဖြတ်ကြလေသည်။

နယူးရော့စ်ပြတိုက်ကြီးတွင် အီဂျစ်ဆိုင်ရာ ပြတိုက်တစ်ခုလည်း သီးခြားရှိပြီး၊ အီဂျစ်တို့နှင့်သက်ဆိုင်သော ရှေးဟောင်းပစ္စည်းများစွာတို့လည်း ရှိကြသည်။

ထို့ကြောင့် နယူးရော့ခ်ပြတိုက်ကြီးမှ တာဝန်ရှိသူများက (၁၉၁၂)ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့တွင် လန်ဒန်မြို့မှ ထွက်ခွာလာမည့် ‘တိုက်တန်းနစ်’သင်္ဘောကြီးနှင့် တင်ပို့ပေးရန် အကြောင်းပြန်ကြလေသည်။

တိုက်တန်းနစ် သင်္ဘောကြီးမှာ ထိုခရီးစဉ်ကို ပထမဆုံးအကြိမ် စတင်ခုတ်မောင်းမည် ဖြစ်ပေသည်။

ဗြိတိသျှပြတိုက်မှ တာဝန်ရှိသူများက အန္တရာယ်များလှသော ရွှေခေါင်းတလားကြီးကို သစ်သားသေတ္တာကြီး ပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်၍ထည့်ကာ တိုက်တန်းနစ် သင်္ဘောကြီးနှင့် တင်ပို့ပေးလိုက်ကြသည်။

(၁၉၁၂)ခုနှစ်၊ ဧပြီလ(၁၀)ရက်၊ ဗုဒ္ဓဟူးနေ့တွင် လန်ဒန်မြို့ဆိပ်ကမ်းမှ စတင်ထွက်ခွာလာသော တိုက်တန်းနစ်သင်္ဘောကြီးမှာ မမျှော်လင့်ပဲ အန္တရာယ်ဆိုးများနှင့် တွေ့ကြုံရပုံများကို ရှေ့အခန်းတွင် သင့်သလောက် ဖော်ပြပေးပါဦးမည်။









## အခန်း (၁၄)

# တိုက်တန်းနစ်သင်္ဘောနှင့် ကြမ္မာဆိုး

အတိတ်၊ နိမိတ်၊ အယူတော်မင်္ဂလာနှင့် ပတ်သက်လျှင် အလေးအနက် ထားလေ့ရှိသော မြန်မာတို့အယူအဆနှင့် ဆိုလျှင်တော့ သင်္ဘောနာမည်က မကောင်းလှပေ။

တိုက်ပြီးတန်းနစ်မည်ဟူသော အဓိပ္ပာယ် သက်ဝင်သည့် တိုက်တန်းနစ် ( TITANIC) ဟူသောအမည်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သင်္ဘောတည်ဆောက်သူတို့ကတော့ ၎င်းတည်ဆောက်ခဲ့သော သင်္ဘောကို ဘယ်တော့မှမနစ်မြုပ်နိုင်ဟု အာမခံချက်ပေးခဲ့ကြသည်။

ထိုတိုက်တန်းနစ်သင်္ဘောကြီးကို နာမည်ကျော်ဟာလင်နှင့်ဝုဖ(ဖ) (Harland and Wolff) သင်္ဘောတည်ဆောက်ရေးကုမ္ပဏီမှ တည်ဆောက်ပေးခဲ့သည်။

တိုက်တန်းနစ်သင်္ဘောကြီးကို တည်ဆောက်ရေးကုမ္ပဏီမှ (၁၉၁၁)ခုနှစ် မေလ(၃၁)ရက်နေ့ကပင် စတင်တည်ဆောက်ခဲ့ကြသည်။

တိုက်တန်းနစ်သင်္ဘောကြီးကို (၁၉၁၂)ခုနှစ် ဧပြီလ (၂)ရက်နေ့တွင် ကျောက်မီးသွေးများ တင်ဆောင်ခြင်း ပြုလုပ်ခဲ့ပြီး ဧပြီလ(၁၀)ရက်နေ့တွင် ဆောက်သန်ပတန် ဆိပ်ကမ်းမှ စတင် ထွက်ခွာခဲ့သည်။

ထွက်စမှာပင် သင်္ဘောကျင်းအနီးတွင် ဆိုက်ကပ်ထားသော (The New York)ကုန်တင်သင်္ဘောကြီးနှင့် တိုက်မိတော့မလို ဖြစ်ခဲ့ရသေးသည်။

(၅)မိနစ်ခန့် နောက်ကျလျှင်ပင် တိုက်မိကြတော့မည်ဖြစ်၏။ သို့သော် စက်ရှိန်သတ်ပြီး ထိမ်းနိုင်ခဲ့သဖြင့် တိုက်မိခြင်းတော့ မရှိခဲ့ပေ။

တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်မှုအကြောင်းနှင့်ပတ်သက်၍ ပြည့်စုံစွာဖော်ပြပါမည်။





(၁၉၁၂)ခုနှစ်၊ ဧပြီလ (၁၄)ရက်၊ ည(၁၁)နာရီ (၄၀)မိနစ် အချိန်ဖြစ်သည်။

ဖရက်ဖလီသည် တိုက်တန်းနစ်သင်္ဘောကြီး၏ ကင်းမျှော်စင်ထက်မှ ဝဲယာသို့ကြည့်မိသည်။ သူနှင့်အတူ ပူးတွဲတာဝန်ကျသူ မစ္စတာလီ(Lee)မှာမူ အိပ်ပျော်နေလေပြီ။

ရာသီဥတုကား ဆိုးရွားလွန်းသည်ဟု ဖရက်ဖလီက ထင်မှတ်သည်။ လှိုင်းလေငြိမ်သက်သော်လည်း ခိုက်ခိုက်တုန်ချမ်းနေသည်။ ကြယ်ရောင်များကြောင့် သမုဒ္ဒရာရေပြင်တစ်ခုတစ်လျားကို မြင်နေရသည်။

သင်္ဘောကြီး၏ ကုန်းပတ်ပေါ်တွင်လူသူကင်းမဲ့လျက်ရှိ၏။ သင်္ဘောကြီး၏ မဟာစည့်ခန်းဆောင်ဘက်မှ မီးများထိန်လင်းလျက်ရှိပြီး ပထမတန်းခရီးသည်အချို့ ဖဲကစားနေကြဟန်တူသည်။

ထိုစဉ်က ခေတ်စားနေသည့် 'မေ့မရသော အချစ်ကလေးရယ်'ဟူသော ဓာတ်ပြားသံသဲ့သဲ့သည် ဧည့်ခန်းဆောင်မှ သင်္ဘောကြီး၏ ကင်းမျှော်စင်ထက်သို့ ပျံ့လွင့်လာသည်။

ဖရက်ဖလီသည် မာလိန်မှူးကြီးစမစ်ကို ည ၁၀ နာရီခန့်က သင်္ဘောကြီး၏ ကုန်းဘတ်(Bridge)ပေါ်တွင် မြင်လိုက်သည်။ သို့သော် ယခု သူသင်္ဘောကြီး၏ မာလိန်မှူးများ တာဝန်ယူရသည့် နေရာဖြစ်သော သင်္ဘောကုန်းပတ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် မာလိန်မှူးစမစ်ကို မတွေ့ရပေ။

လိုင်းလေငြိမ်သက်၍ အန္တရာယ်ကင်းရှင်းသည်ဟု ယူဆထားပုံရသဖြင့် စိတ်ချလက်ချ သူ့အိပ်ခန်းသို့သွားခဲ့ပြီဟု ဖရက်ဖလိက ထင်သည်။

အမှန်အားဖြင့် မာလိန်မှူးကြီးသည် တာဝန်ကို လေး စားသူ၊ ပင်လယ်ရေကြောင်းသွားလာရေးတွင် သူမတူအောင် ကျွမ်းကျင်သူ၊ လူတော်လူကောင်းတစ်ဦး ဖြစ်သည်ဟု နာမည် ကျော်ခဲ့သူ ဖြစ်သည်။

ကြယ်ဖြူသင်္ဘောလုပ်ငန်းတွင် ဝါအရင့်ဆုံးနှင့် အ တွေ့အကြုံများသူ မာလိန်မှူးဖြစ်သဖြင့် တိုက်တန်းနစ်သ င်္ဘောကြီးကို ငွေကုန်ကြေးကျခံ တည်ဆောက်ခဲ့သည့် ဟာ လင်နှင့်ဝု(ဖ) သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီကြီးနှင့် ကြယ်ဖြူသင်္ဘောလုပ်ငန်းတို့မှ တာဝန်ရှိသူ ဥက္ကဋ္ဌကြီးများ ကိုယ်တိုင် ရွေးချယ်၍ လစာအမြင့်ဆုံးပေးကာ တိုက်တန်းနစ် သင်္ဘောကြီး၏ မာလိန်မှူးကြီးအဖြစ် ခန့်ထားခဲ့ခြင်းဖြစ် သည်။

ရေကြောင်းသွားလာသူ သင်္ဘောများ၏ မာလိန်မှူး အားလုံးလိုလိုက 'ထင်ပေါ်၍ စင်တော်ကကောက်ခဲ့သူ' ဟု ဆိုစမှတ်ပြုခဲ့သည်။ သင်္ဘောခရီးသည်အားလုံးကပင် စိတ်ချ ယုံကြည် ကိုးစားကြသည်။

ဖရက်ဖလိကဲ့သို့ ဝါရင့်အတွေ့ အကြုံရှိသူ သင်္ဘော



သားအားလုံးမှာ မာလိန်မှူးကြီးစမစ်နှင့် ကြယ်ဖြူလုပ်ငန်းမှ တာဝန်ရှိသူများက သင်္ဘောအသီးသီးမှ ရွေးချယ်၍ ခန့်ထား ခဲ့သူများသာ ဖြစ်ကြသည်။

သူသည် 'သမုဒ္ဒရာ'(Oceanic)အမည်ရှိ သင်္ဘောကြီး ပေါ်တွင် ကင်းစောင့်တာဝန်ကို သုံးနှစ်သုံးမိုး တာဝန်ယူခဲ့ရသူ ဖြစ်သည်။

ထိုသင်္ဘောကြီးမှာလည်း လီဗာပူးနှင့် နယူးယောက် ခရီးစဉ်များကို ပြေးဆွဲခဲ့သည့် လူစီးသင်္ဘောကြီး ဖြစ်သည်။

ထိုခရီးစဉ်များတွင် အတတ်နိုင်ဆုံး တိုက်တန်းနစ် သင်္ဘောကြီး ခုတ်မောင်းနေသည့် ရေပြင်ကို ရှောင်၍ ခုတ် မောင်းခဲ့ကြ၏။ ဧပြီလသည် ဂရင်လန်ကျွန်းမှမျောလာလေ့ရှိ သော ရေခဲတောင်များကြောင့် အန္တရာယ်ထူပြောသောခရီး ဟု ရေကြောင်းသွားလာရေးတွင် တာဝန်ယူသူများက ယူဆ ထားခဲ့သည်။

ယခု ဤခရီးစဉ်ကြီးကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အန္တ ရာယ် စက်ကွင်းအတွင်းမှ ဖြတ်သွားသဖြင့် ဖရက်ဖလိက အံ့သြမိသည်။

မာလိန်မှူးကြီး စမစ်သည် 'မနှစ်မြို့နိုင်' ဟူသော သင်္ဘောတည်ဆောက်သူများ၏ ပြောကြားချက်ကို ယုံစား လွန်းသည်ဟု သူကထင်သည်။

အမှန်အားဖြင့် တိုက်တန်းနစ်သင်္ဘောကြီး၏ ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်မွှမ်းမံမှုသည် ပြိုင်စံမတူသည့် မွှမ်းမံထားမှုများ ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဟိုတယ်များတွင် မွှမ်းမံထားမှုထက် အဆပေါင်းများစွာသာခဲ့သည်ဟု ဆိုစမှတ်ပြုခဲ့သည်။

သင်္ဘောကြီးအား အသေးစိတ်မွှမ်းမံပြင်ဆင်မှုများကို ဟာလင်နှင့်ဝုဖ(ဖ)သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌကြီးဖြစ်သည့် ပီရီအင်ဒရူးတို့ မွှမ်းမံပြင်ဆင်စေခဲ့ခြင်းဖြစ်သည်။

သင်္ဘောကြီး၏ မွှမ်းမံပြင်ဆင်မှု၊ ခရီးသည်များအတွက် စိတ်ချမ်းသာမှုရစေရန် စီစဉ်ဆောင်ရွက်မှုတို့ကို ထိုလေသေးမရှိအောင် ဆောင်ရွက်ခဲ့ကြသော်လည်း သင်္ဘောကြီးတွင် တာဝန်ယူကြရသည့် သင်္ဘောသားများ၏ လုပ်ငန်းခွင် လိုအပ်မှုများကို မေ့လျော့နေဟန် တူသည်။

အခြားသင်္ဘောကြီးတွင် ကင်းစောင့်တာဝန်ယူထားကြရသူအားလုံးကို မှန်ပြောင်းများပေးထားခဲ့သည်။ တိုက်တန်းနစ်တွင် ကင်းစောင့်တာဝန်ယူကြသူ အားလုံးကို မှန်ပြောင်းများ ပေးထားခြင်းမရှိသဖြင့် ဖရက်ဖလိက အံ့ဩမိ၏။

သူယခင် အမှုထမ်းခဲ့ဖူးသော သင်္ဘောအားလုံးတွင် အစောင့်တာဝန်ယူသူအားလုံးကို မှန်ပြောင်းများပေးထားသည်ကို ကောင်းစွာမှတ်မိနေသည်။ ဤမျှအဆင့်အတန်းမြင့်မြင့် တည်ဆောက်ထားသည့် သင်္ဘောကြီးတွင် အဘယ်ကြောင့် ကင်းစောင့်တာဝန်ယူရသူများကို မှန်ပြောင်းများပေး





ထားခြင်း မရှိသနည်းဟူသည်မှာ အံ့ဩဖွယ်ဖြစ်သည်။

တိုက်တန်းနစ်ခုတ်မောင်းနေရသည့်ရေပြင်သည် အန္တရာယ်အများဆုံးရေကြောင်းဖြစ်သည်ကို အားလုံးသိရှိကြသည်။ သင်္ဘောကြီးပေါ်တွင် အသက်ကယ်လှေ(၂၀)ကိုသာ ထားရှိသည်ကို တွေ့ရသဖြင့်လည်း ဖရက်ဖလိအဖို့ အထူးအံ့ဩရပေသည်။

လူပေါင်း (၃၀၀၀)နီးပါးလိုက်ပါသည့် သင်္ဘောကြီးတစ်စင်းပေါ်တွင် အသက်ကယ်လှေ(၂၀)မျှသာထားရှိခြင်းမှာလည်း အံ့ဩဖွယ်ဖြစ်မိသလို နားမလည်နိုင်အောင် ဖြစ်ရပေသည်။

ညဦးပိုင်း(၉)နာရီခန့်ကမူ သင်္ဘောမာလိန်မှူးကြီးစမစ်နှင့် ဒုတိယမာလိန်မှူး ယားဘတ်(ဒ)လိုက်တိုလာတို့သည် စကားလက်ဆုံကျနေသည်ကို ဖရက်ဖလိ မြင်လိုက်ရ၏။ ဟားဘတ်(ဒ)မှာ မာလိန်မှူးကြီး စမစ်ကဲ့သို့ အသက်အရွယ်ငယ်ရွယ်စဉ်ကပင် ရေကြောင်းသွားလာရေး လုပ်ငန်းတွင် အမှုထမ်းခဲ့သူတစ်ဦးဖြစ်သည်။

သူသည် အသက်(၁၃)နှစ်သားခန့်ကစ၍ အမှုထမ်းခဲ့သဖြင့် သင်္ဘောသားဘဝ အတွေ့အကြုံ၊ ရေကြောင်းသွားလာမှု ဗဟုသုတနှင့် ပြည့်စုံသူ၊ ကျွမ်းကျင်သူ တစ်ဦးဖြစ်၏။

သင်္ဘောကြီးများပေါ်တွင် သာမန်သင်္ဘောသား ကလေးဘဝမှ ဒုတိယမာလိန်မှူးကြီးအထိ အဆင့်ဆင့် ရာထူး



www.burmeseclassic.com

www.burmeseclassic.com



တိုးမြှင့်လာခဲ့ရသူ ဖြစ်၏။

ဟားဘတ်(ဒ)သည် ကျန်းမာသန်စွမ်းသူနှင့် မျှော်လင့်ချက်ကြီးမားသူတစ်ဦး ဖြစ်သည်ဟု မိတ်ဆွေများက ဆိုစမှတ်ပြုခဲ့ကြ၏။ သူသည် ငယ်စဉ်က သင်္ဘောလေးကြိမ်တိတိ နစ်မြုပ်ခဲ့ရာတွင် သေတွင်းမှလွတ်မြောက်ခဲ့သူ ဖြစ်သည်။

ကြယ်ဖြူ သင်္ဘောလုပ်ငန်းကြီးတွင် (၁၂)နှစ်တိတိ အမှုထမ်းခဲ့ပြီး အသက်(၃၈)နှစ်တိတိတွင် ဒုတိယမာလိန်မှူးကြီး ဖြစ်လာခဲ့သည်။

ဤကဲ့သို့ ဝါရင့်မာလိန်မှူးကြီးများ တာဝန်ယူထားသည့် သင်္ဘောကြီး၌ အလွန်အရေးကြီးသည့် နေရာများတွင် ချို့ယွင်းချက်များဖြစ်နေရသည်မှာ အံ့ဩဖွယ်ကောင်းလှသည်။

ထို့နေညနေကပင် အတ္တလန္တိတ်သမုဒ္ဒရာကို တိုက်တန်းနစ်သင်္ဘောကြီးအရင် ဖြတ်သန်းခုတ်မောင်းသွားခဲ့ကြသော သင်္ဘောကြီးခြောက်စင်းတို့မှ တိုက်တန်းနစ် ဖြတ်သန်းခုတ် မောင်းနေသည့်ရေပြင်တွင် ရေခဲတုံးကြီးများ မျောပါလျက်ရှိသည့် သတိပေးချက်များကို အထက်ဖော်ပြပါ တာဝန်ရှိသူနှစ်ဦးသည် လျစ်လျူရှုခဲ့ကြသည်ဟု ယူဆနိုင်သည်။

မာလိန်မှူးကြီးနှင့် ဒုတိယမာလိန်မှူးကြီးကို စကားလက် ဆုံကျနေစဉ် ဂျာမန်သင်္ဘော'အမေရိက'ထံမှ 'အလွန်ကြီးမားသော ရေခဲတုံးကြီးကို တိုက်တန်းနစ်သင်္ဘော ခုတ်





မောင်းနေသည့်ရေပြင်တွင် တွေ့ရသည်'ဟူသော သတိပေးသံကြိုးစာကို ရရှိသဖြင့် တာဝန်ရှိသူ သင်္ဘောအမှုထမ်းတစ်ဦးက ထိုသံကြိုးစာကို မာလိန်မှူးကြီးနှစ်ဦးတို့ စကားလက်ဆုံကျနေသည့် နင်းကြမ်း *(Bridge)* ပေါ်သို့ တက်ရောက်လာခဲ့ပြီး မာလိန်မှူးကြီးထံ ပေးပို့ခဲ့သည်ကို ဖရက်ဖလိက မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်။

မာလိန်မှူးကြီးကမူ သံကြိုးစာကို ဖတ်ရှုခြင်းမပြုဘဲ သူ့ ဘောင်းဘီအိတ်အတွင်းသို့ ထိုးထည့်ခဲ့သည်ကို မြင်လိုက်ရ၏။ မာလိန်မှူးစမစ်သည် သင်္ဘောကြီး၏ ကွပ်ကဲခိုင်မှုကို ပိုမိုအထင်ကြီးဟန်တူလေသည်။

ဖရက်ဖလိသည် ကြယ်ရောင်များကြောင့် သင်္ဘောကြီး ဦးပိုင်းဝဲဘက်ခပ်လှမ်းလှမ်းတွင် မျောပါနေသည့် ထူးဆန်းသော အရာတစ်ခုကို မြင်လိုက်ရသည်။

ထိုအရာသည် မည်သည့်အရာဖြစ်သည်ကို ထင်ထင်ရှားရှား မပြောနိုင်သော်လည်း ရေခဲတုံးကြီးဖြစ်နိုင်သည်ဟု ယူဆခဲ့သည်။ ထိုအခါမှ အိပ်ငိုက်နေသော ဖရက်ဖလိသည် မျက်လုံးကျယ်လာသည်။

ချက်ချင်းအရေးပေါ် ခေါင်းလောင်းကို သုံးကြိမ်ထိုးလိုက်ပြီး မာလိန်မှူးကြီး စမစ်၏ နင်းကြမ်းပေါ်သို့ တယ်လီဖုန်းဖြင့် ကြီးမားသော ရေခဲတုံးကြီးကို တွေ့မြင်လိုက်ရသည့်အကြောင်း သတင်းပို့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ တယ်လီဖုန်းကို နားထောင်သူမှာ မာလိန်မှူးကြီး မဟုတ်ပေ။ ပထမအရာရှိ မစ္စတာ မာဒွတ်ဖြစ်သည်ကို သိလိုက်ရသည်။

သူသတင်းပို့သည့်သတင်းကို သိရှိပြီးဖြစ်ကြောင်း ဆက်လက်အာရုံစိုက်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

ဖရက်နှင့် တာဝန်ကျသူ မစ္စတာလီးမှာ အချက်ပေးခေါင်းလောင်းသံကြောင့် အိပ်မောကျနေရာမှ နိုးလာခဲ့သည်။ သူတို့နှစ်ယောက်စလုံး ကင်းမျှော်စင်မှထ၍ သင်္ဘောကြီးနှင့် တည့်တည့်မျှော်ပါလာနေသော ရေခဲတုံးကြီးကို စူးစိုက်ကြည့်နေမိကြသည်။

တစ်နာရီလျှင် ရေမိုင်(၂၁)မိုင်နှုန်းမောင်းနှင်နေသော သင်္ဘောကြီးသည် သမုဒ္ဒရာရေစီးကြောင်းတွင် လျှင်မြန်စွာမျှောပါလာနေသည့် ရေခဲတုံးကြီးဆီ ဦးတည်သွားနေသည်ဟု ဖရက်တို့နှစ်ဦးစလုံးက ထင်မိကြ၏။

"ဘုရား. . ဘုရား၊ သိပ်ကြီးတဲ့ ရေခဲတုံးကြီးပါလား"

သူတို့၏ စိတ်တွင် ရေခဲတုံးကြီးသည် တိုက်တိုင်းနှစ် သင်္ဘောကြီး၏ ဦးပိုင်းထက် ပေ(၁၀၀)ခန့် ပိုမြင့်နေသည်ဟု ထင်မှတ်လိုက်သည်။

ပထမအရာရှိဖြစ်သူ မစ္စတာမာဒွတ်၏ သင်္ဘောကြီးမောင်းနှင်နေသော စက်ရှိန်ကိုလျှော့၍ အင်ဂျင်စက်များကို





ရပ်ရန် အမိန့်ပေးသံကို သူတို့နှစ်ဦးစလုံးကြားရ၏။

သို့သော် နောက်ကျသွားခဲ့ပေပြီ။ သင်္ဘောကြီးသည် ကြီးမားသည့် ရေခဲတုံးကြီးဖြင့် တိုက်မိသွားခဲ့ပြီဖြစ်၏။

တိတ်ဆိတ်ငြိမ်သက်မှုကို ရေခဲတုံးကြီးနှင့် သင်္ဘောကြီးတိုက်မိသံသည် ဖြိုခွဲလိုက်၏။ သံပြားကြီးကို ဆွဲဖြဲလိုက်သည့်အသံနှင့်တူသည်ဟု ဖရက်ဖလိက ထင်မှတ်မိသည်။

သင်္ဘောကြီး အနည်းငယ် စောင်းသွားသည်ဟုထင်မိလိုက်သည်။ သင်္ဘောနင်းကြမ်းပေါ်မှ မစ္စတာမာဒွတ်နှင့် ဒုတိယ မာလိန်မှူးတို့၏ သင်္ဘောကြီးအတွင်း ရေလုံခန်းမှ သံမဏိတံခါးကြီးများကိုပိတ်ရန် တယ်လီဖုန်းဖြင့် အမိန့်ပေးနေသံကို ကြားနေရသည်။

လူသူကင်းမဲ့နေသည့် သင်္ဘောကုန်းပတ်ပေါ်သို့ ပထမဆုံးပြေးထွက်လာသူတစ်ဦးကို ဖရက်ဖလိက မြင်လိုက်ရသည်။ ထိုသူသည် ဒုတိယတန်းခရီးသည်များအခန်း စင်္ကြံမှ ပြေးထွက်လာခြင်း ဖြစ်သည်။

ပထမတန်းခရီးသည်များ၏ ထမင်းစားခန်းတွင် ဖဲကစားနေသူများမှာ ဆက်လက်ကစားနေကြ၏။ သင်္ဘောကြီး တစ်စုံတစ်ရာနှင့်တိုက်မိသည်ကို ဂရုပြုမိဟန်မတူပေ။

ဖဲကစားနေသည့် ခရီးသည်တစ်ဦးက ကုန်းပတ်ပေါ်သို့ ထွက်လာခဲ့ပြီး ထမင်းစားခန်းထဲသို့ အေးအေးဆေးဆေး ပြန်ဝင်သွားသည်ကို ဖရက်ဖလိတို့က မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် တိုက်တန်းနစ် သင်္ဘောကြီး၏ ဝမ်းနည်းတသဖွယ်ရာ ဇာတ်ခုံကြီးတွင် အဓိကအခန်းမှ ကပြခဲ့ရသူမှာ ကင်းမျှော်စင်ထက်မှ ကင်းစောင့်သမားလေး ဖရက်ဖလိပင်ဖြစ်၏။

သူ၏သတင်းပေးပို့ချက်ကို တာဝန်ရှိသူများက အရေးယူ ဆောင်ရွက်ခဲ့လျှင် ဤကဲ့သို့ ဝမ်းနည်းပူဆွေးသောကရောက်ရမည့် ဇာတ်လမ်းကြီး ပေါ်ပေါက်လာမည်မဟုတ်ပေ။

ဖရက်ဖလိနှင့်သင်္ဘောသား အချို့သည် မာလိန်မှူးကြီးစမစ်၏ အမိန့်ပေးမှုအတိုင်း အသက်ကယ်လှေများကို ပင်လယ်ပြင်အတွင်းသို့ ချရန်ပြင်ဆင်ခဲ့ရ၏။

ဗြိတိသျှအစိုးရ ရေကြောင်းသွားလာရေးအဖွဲ့၏ ထုတ်ပြန်ကြေညာထားသော နည်းဥပဒေများအရ တန်ချိန် (၁၀၀၀၀)ရှိသော ခရီးသည်တင်ဆောင်သည့် ပင်လယ်ခရီးသွားသင်္ဘောကြီးများသည် အသက်ကယ်လှေ (၁၆)စီးထားရှိရမည်ဟု သတ်မှတ်ထား၏။

သို့ဖြစ်၍ တန်ချိန်(၄၆၃၂၉) တန်ရှိသော တိုက်တန်းနစ်သင်္ဘောကြီးတွင် ထားရှိသင့်သော အသက်ကယ်လှေ အရေအတွက်ကို တိကျစွာမထားခဲ့ပဲ အသက်ကယ်လှေ (၁၆) စီးနှင့် ဖောင်လေးစီး စုစုပေါင်း(၂၀)စီးသာ ထားခဲ့ခြင်းမှာ အံ့သြစရာ ဖြစ်ဖွယ်ကောင်းလှသည်။





ဟာလင်နှင့်ဝု(ဖ) သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီကြီးနှင့်ကြယ်ဖြူသင်္ဘောလုပ်ငန်းမှ တာဝန်ရှိသူများ၏ အတွေးအခေါ်နှင့် အပြုအမူကို မစဉ်းစားတတ်နိုင်တော့ပေ။

တိုက်တန်းနစ် သင်္ဘောကြီးနစ်မြုပ်နေစဉ် တာဝန်ရှိသူမာလိန်မှူးကြီးစမစ်သည် တာဝန်ရှိသူ ဒုတိယမာလိန်မှူးဟားဘတ်(ဒ)လိုက်တိုလာ နှင့် အရာရှိကလေး ဟားဘက်(ဒ)လိုးတို့အား အမျိုးသမီးများနှင့် ကလေးများကို ဦးစားပေး၍ အသက်ကယ်လှေများပေါ်သို့တင်ရန် တာဝန်ပေးခဲ့၏။

စိတ်ဓာတ်ချောက်ချားနေသော ခရီးသည်များမှ အမျိုးသမီးများနှင့် ကလေးများကို ဦးစားပေး၍ အသက်ကယ်လှေများပေါ်သို့ တင်ပေးခဲ့ကြ၏။

ဤကဲ့သို့ဆောင်ရွက်နေရာတွင် ဖရက်ဖလိနှင့်ကြယ်ဖြူသင်္ဘောလုပ်ငန်းမှ ဥက္ကဋ္ဌကြီးဖြစ်သူ ဘရု(ခ)အစ်(စ)မေတို့ ပါဝင်သည်ဟု နောင်အခါတွင် တိုက်တန်းနစ်သင်္ဘောကြီးနစ်မြုပ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် ဖလိက ထွက်ဆိုခဲ့သည်။

အသက်ကယ်လှေများဖြင့် ကယ်ဆယ်ရာတွင် လူ (၇၀၀)ခန့်သာ ကယ်ဆယ်နိုင်ခဲ့သည်။ အမှန်အားဖြင့် လူပေါင်း (၁၂၀၀)ခန့် ကယ်ဆယ်နိုင်သည်ဟု ဆိုကြ၏၊

လှေများမှာ ချိတ်ထားသည့် တန်းများသည် လူများ၏ဒဏ်ကို ခံနိုင်မည်မဟုတ်သဖြင့် လူအနည်းငယ်သာ အ



www.burmeseclassic.com

www.burmeseclassic.com



သက်ကယ်လှေများပေါ်တွင် လိုက်ပါနိုင်ခဲ့ကြသည်။

ဖရက်ဖလိ၊ ဥက္ကဋ္ဌကြီး ဘရု(ခ)အစ်(စ)မေ ဒုတိယ မာလိန်မှူး ဟားဘတ်(ဒ)လိုက်တိုလာတို့သည် အသက်ကယ် လှေအမှတ်(၅)ပေါ်တွင် လိုက်ပါသွားခဲ့သဖြင့် ရေနစ်မည့် ဘေးအန္တရာယ်မှ လွတ်ကင်းခဲ့ရ၏။

ဖရက်ဖလိသည် သင်္ဘောကြီးနစ်မြုပ်ခဲ့စဉ်က သူတွေ့ ရသည့် မြင်ကွင်းအတွေ့အကြုံကို စုံစမ်းစစ်ဆေးရေး အဖွဲ့ များရှေ့တွင် ထွက်ဆိုခဲ့သည်။

"တိုက်တန်းနစ် သင်္ဘောကြီးသမိုင်း" အဖွဲ့သို့ ပေးပို့ သည့် စာများတွင်လည်း မခြွင်းမချန် ရေးသားဖော်ပြခဲ့သည်။

ဖရက်ဖလိ၏ ပေးစာနှစ်စောင်ကို တိုက်တန်းနစ် သင်္ဘောကြီး သမိုင်းအဖွဲ့၏ပြတိုက်တွင် ပြသထားခဲ့၏။

ဆောက်သမ်တန်မြို့၊ နော်မန်လမ်းနေအိမ်တွင် မိမိ ကိုယ်မိမိ ကြိုးဆွဲချ၍သတ်မသေမီအထိ ဖရက်ဖလိသည် သူ၌ မှန်ပြောင်းသာရှိခဲ့လျှင် တိုက်တန်းနစ်သင်္ဘောကြီး မနစ် မြုပ်ခဲ့ပါဟု တဖွဖွပြောသွားခဲ့လေသည်။

သို့သော်လည်း တိုက်တန်းနစ်သင်္ဘောကြီးကတော့ ပေးထားသောနာမည်နှင့်လိုက်စွာ တိုက်ပြီးသည်နှင့် တန်းနစ် ကာ ခရီးသည် အမြောက်အများ သေကြေပျက်စီးခဲ့ကြရပေ သည်။

သင်္ဘောပေါ်တွင် တင်ဆောင်သွားသည့် မြောက်





များစွာသော ပစ္စည်းဥစ္စာများ ပျက်စီးကြရာတွင် လန်ဒန် ပြတိုက်မှ နယူးရော့ခ်ပြတိုက်သို့ တင်ပို့ပေးလိုက်သော ရွှေ ခေါင်းတလားကြီးလည်း ပါသွားလေတော့သည်။





www.burmeseclassic.com



www.burmeseclassic.com





## အခန်း [၁၅]

# အံလျှနှင့်ဝိညာဉ်တမန်

ဒေါက်တာသော်ဟေယာဒဲလ်တို့မိသားစု နေထိုင်သော အိမ်ကြီးမှာ လန်ဒန်မြို့ လူကုံတန်များသာ နေထိုင်ကြသော ရပ်ကွက်တွင်ရှိပြီး ရှေးဟောင်းလက်ရာဖြင့် ဆောက်ထားသော အိမ်ကြီးတစ်လုံးပင် ဖြစ်သည်။

ခြံဝန်းမှာ အတော်ပင်ကျယ်ဝန်းပြီး အရိပ်ကောင်းသော သစ်ပင်ကြီးများအပြင် ဥယျာဉ်ခြံတစ်ခုလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဥယျာဉ်ခြံအတွင်းမှာ ပန်းမျိုးစုံတို့အပြင် ရှားပါးသော သစ်ခွပန်းများလည်း ရှိသည်။ အိမ်ကြီးရှိသော နေရာမှာ ကားလမ်းနှင့် မဝေးလှသော်လည်း သီးခြားနေရာတစ်ခုကဲ့သို့ ရှိနေလေသည်။ အိမ်အတွင်းရောက်တော့ အပေါ်ထပ်အောက်ထပ်တွင် သီးခြားအခန်းများ ပြုလုပ်ထားပြီး . . ရှေးဟောင်းပစ္စည်းများကတော့ နေရာအနှံ့တွင် ရှိကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ လန်ဒန်သို့ရောက်နေကြသည်မှာ အတော်ပင်ကြာခဲ့ပေပြီ။ ဒေါက်တာသော်ဟော၏ ဧည့်သည်များအဖြစ် ရောက်နေကြခြင်းဖြစ်သည်။

ဒေါက်တာ သော်ဟောနှင့်စိတ်တူ၊ စရိုက်တူ၊ ဝါသနာတူများဖြစ်သဖြင့် စကားလက်ဆုံပြောမကုန်အောင် ရှိနေကြသည်။ ဒေါက်တာသော်ဟောကလည်း မမျှော်လင့်ပဲ ဒေါက်တာမင်းထင်ကျော်တို့နှင့် အသိမိတ်ဆွေဖြစ်ရတာ ဝမ်းသာနေဟန် ရှိလေသည်။

ဒေါက်တာမင်းထင်ကျော် အနေဖြင့်လည်း သူတို့မိသားစုနှင့် မိတ်ဆွေဖြစ်ရသည်ကို ကျေနပ်နေမိသည်။ တစ်ချက်က ဝါသနာတူချင်းဖြစ်သော ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးနှင့် သိကျွမ်းခင်မင်ရတာဖြစ်ပြီး၊ ကျန်တစ်ချက်ကတော့ ဟယ်လင်နှင့် ရင်းနှီးခင်မင်ခွင့်ရခဲ့သောကြောင့်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့ လန်ဒန်သို့ ရောက်လာ



သာ အကြောင်းတစ်ခုမှာ ရွှေခေါင်းကြီးကို ပြန်လည်ရှာချန် ဖြစ်သည်။ နောက်တော့ လန်ဒန်ပြတိုက်သို့ ရွှေခေါင်းတစ်လုံး ရောက်လာသည်ဟု သတင်းကြားသဖြင့် သွားက် ကြည့်ရှုကြသည်။ မြင်သည်နှင့်ပင် ၎င်းတို့ရှာတွေ့ခဲ့က ရွှေခေါင်းကြီးဖြစ်မှန်း သိကြသည်။

"ဒီရွှေခေါင်းကြီးက ဘုရင့်တောင်ကြားဂူထဲမှာ ကျွန်က်တို့ အရင်ဆုံးတွေ့တဲ့ ခေါင်းတလားကြီးပဲ၊ ခေါင်းမှာထားတဲ့ ကျောက်မျက်ရတနာတွေတော့ မရှိတော့ဘူး"

"သူတို့ယူထားလို့ ဖြစ်မှာပေါ့၊ ဘယ်သူတွေက ဒါကြီးပြတိုက်လာပို့သွားတယ်ဆိုတာလည်း စုံစမ်းကြည့်ပါဦး"

ထိုသို့ပြောပြီး စုံစမ်းကြည့်သောအခါ ပြတိုက်သို့ လာက်လှူဒါန်းသွားသူမှာ ဦးဒီပကျော်ဆိုသူဖြစ်ကြောင်း သိရလေသည်။

"ဦးဒီပကျော်ဆိုတာ ကျွန်တော်တို့ကို ဒုက္ခပေးသွားအဖွဲ့ခေါင်းဆောင်ပဲ၊ လန်ဒန်ရောက်အောင် သယ်ယူလာဘာကြောင့် ပြတိုက်ကိုလာပို့သွားတာလည်း မသိဘူး"

ဦးမင်းဟန်က ပြောလိုက်သည်။ ထိုအခါ ဒေါက်တာ်ဟောက သူ့ထင်မြင်ချက်ကို ပြောသည်။

"ကျုပ်အထင်ပြောရရင်တော့ သူတို့ယူမထားဝံ့တော့ပြတိုက်ကို လာပို့ပေးသွားတာဖြစ်မယ်၊ ဒီလိုဖာရိုဘုရင်ရဲ့ သင်္ချိုင်းဂူကပစ္စည်းတွေက ကျိန်စာဆိုပြီးထားခဲ့တာဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ ယူရင် ကျိန်စာသင့်တာများတယ်၊ ကျုပ်ရထားတဲ့ တံဆိပ်တုံးကိုတောင် မူလနေရာပြန်ပို့ပေးရလိမ့်မယ်၊ လိုက်ခဲ့ကြမယ် မဟုတ်လား"

ဒေါက်တာသော်ဟေက အဖော်ညှိရာ ဒေါက်တာမင်းထင်ကျော်တို့ကလည်း လိုက်ခဲ့ရန် သဘောတူကြလေသည်။ နောက်ပိုင်းမှာတော့ လန်ဒန်ပြတိုက်မှာရှိသော ရွှေခေါင်းကို နယူးရော့ခ်မှာရှိသောပြတိုက်သို့ တိုက်တန်းနစ်သင်္ဘောကြီးနှင့် တင်ပို့လိုက်သောသတင်းနှင့်၊ တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ပျက်စီးသွားသော သတင်းများကို ထိတ်လန့်ဖွယ်ရာ ကြားကြရသည်။

တိုက်တန်းနစ် သင်္ဘောကြီးနစ်မြုပ်ပျက်စီးရခြင်းမှာ ရွှေခေါင်းကြီးပါသွား၍ ဖြစ်လေသလား။ တိုက်ဆိုင်မှုတစ်ခုပင် ဖြစ်လေသလားတော့ သူတို့မသိနိုင်ကြပေ။

သို့သော် သေချာတာတစ်ခုကတော့ လန်ဒန်ပြတိုက်မှ တာဝန်ခံများက (၁၉၁၂)ခု ဧပြီလတွင် ရွှေခေါင်းကြီးကို ပါကင်ဆေတ္တာဖြင့် အသေအချာထည့်ကာ တိုက်တန်းနစ်သင်္ဘောကြီးနှင့် တင်ပို့ပေးလိုက်သည်ကတော့ အမှန်ပင်ဖြစ်ခဲ့လေသည်။

ထိုသတင်းများကို ဆက်တိုက်ဆိုသလို ကြားရပြီးသောအခါမှာတော့ ဒေါက်တာသော်ဟေလည်း ဘုရင်များတော်ဝင်ကြား သချိုင်းဂူမှရထားသော လင်းနို့ဖြူတံဆိပ်ပါ



သော တံဆိပ်တုံးကို မူလနေရာပြန်ပို့ပေးရန် စီမံလေတော့သည်။ ဒေါက်တာသော်ဟေနှင့်အတူ ဟယ်လင်တစ်ယောက်သာ ပြန်လိုက်မည်ဖြစ်ပြီး ဇနီးဖြစ်သူ စတယ်လာနှင့် အစေအပါးနှစ်ယောက်တို့ကတော့ ဒေါက်တာမင်းထင်ကျော်တို့နှင့်အတူ သွားမည်ဖြစ်သောကြောင့် ကျန်ခဲ့ကြသည်။

"ကျွန်မပါလို့ အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"ကိုယ်ကတော့ မင်းပါလာလို့ ပျော်နေတာပါ"

"ဟင် ဘယ်လိုဖြစ်လို့လဲ"

"ဒီလောက်နေလာပြီးမှတော့ ကိုယ့်သဘောကို မရိပ်မိသေးဘူးလား"

"ရှင်မှ မပြောသေးတာ ဘယ်လိုသိမှာလဲ"

"ကိုယ်က မင်းအပေါ်မှာ ချစ်နေတာကြာပါပြီ၊ မင်းဘက်ကရော ဘယ်လိုသဘောထားသလဲ"

"ကျွန်မဘက်က လက်ခံပေးရင် ရှင်ဘက်က ဘယ်လို စီစဉ်မှာလည်းဟင်"

ဟယ်လင်က အနောက်တိုင်းသူဖြစ်သဖြင့် ရှက်ကိုးရှက်ကန်းဖြစ်မနေပဲ သိချင်တာကို ပွင့်ပွင့်လင်းလင်းပင် ပြန်မေးသည်။

"မင်းကကိုယ့်အချစ်ကို လက်ခံပေးရင် မင်း [illegible] ဆီမှာ ခွင့်တောင်းပြီး လက်ထပ်ပါ့မယ်၊ နေဘဝ [illegible] သဘောကျတဲ့ဆီမှာပဲနေပါ၊ မြန်မာပြည်လိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်"

"ဒါက အရေးမကြီးပါဘူး၊ ကျွန်မက ဘယ်နေရာမဆို နေလို့ဖြစ်ပါတယ်၊ အရေးကြီးတာက ရှင်ကျွန်မ်အပေါ်မှာ တကယ်ချစ်မချစ်ပဲ သိဖို့အရေးကြီးပါတယ်"

"ကိုယ်ကမင်း အပေါ်မှာ တကယ်ချစ်တာပါ၊ သစ္စာရှိရှိနဲ့ တစ်သက်လုံးလက်တွဲသွားပါမယ်လို့ ကတိပေးပါတယ်"

"ကျေနပ်ပါပြီ၊ ဒါပေမယ့် ရှင်ကျွန်မကို သက်သေမပြသေးဘူးနော်"

"ဘယ်လိုသက်သေပြရမှာလဲ"

"ကိုယ်ချစ်တဲ့မိန်းကလေးတစ်ယောက်ကို . . ဘာကြောင့် အခုထိ မနမ်းသေးတာလဲ"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။

"နမ်းစေချင်ရင် နမ်းပါ့မယ်၊ ကိုယ်တို့က ကိုယ်ချစ်မြတ်နိုးတဲ့ အမျိုးသမီးတစ်ယောက်ကို တန်ဖိုးထားတတ်လို့ မင်း သဘောမတူပဲ မနမ်းသေးတာပါ"

ပြောပြောဆိုဆိုနှင့်ပင် ဟယ်လင်ကိုယ်လေးကို ပွေ့ဖက်ပြီး နှစ်ချိုက်စွာဖြင့် နမ်းလိုက်လေသည်။

ဒီတော့လည်း ဟယ်လင်၏ ဖြူဖွေးသောပါးပြင်ပေါ်မှာ ပန်းနုရောင်သမ်းသွားပြီး ကျေနပ်သောအပြုံးကလေးများဖြစ်ပေါ်လာလေသည်။





နောက်ရက်မှာတော့ အစီအစဉ်များပြုလုပ်ပြီး စတင်ပြီး ခရီးထွက်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်နှင့် ဒေါက်တာသော်ဟေတို့ သားအဖနှစ်ယောက်ပါငါးယောက်ဖြစ်သည်။ ခရီးအဆင့်ဆင့်သွားကြပြီး နိုင်းမြစ်ရောက်တော့ ခရီးသည်တင်သင်္ဘောနှင့် မသွားကြတော့ပဲ သင်္ဘောတစ်စင်းကို စင်းလုံးငှားပြီး သွားကြလေသည်။

နံနက်ပိုင်းလိုအပ်တာများ ဝယ်ယူရန် သင်္ဘောဆိပ်တစ်ဝိုက်သို့ တက်လာစဉ် သစ်ပင်တစ်ပင်အောက်မှာ ပစ္စည်းအဟောင်းများ ပုံရောင်းနေသော အဖိုးကြီးနှင့် နောက်တစ်ကြိမ်ပြန်တွေ့ရလေသည်။ ဒေါက်တာမင်းထင်ကျော်ကို မြင်တော့မှ မှတ်မိသလို အကြည့်မျိုးဖြင့် ကြည့်နေလေသည်။

"ဘာပစ္စည်း ယူချင်သေးလဲ"

"ခင်ဗျားကို ကျေးဇူးဆပ်ချင်လို့ပါ၊ အရင်တစ်ခေါက်လာတုန်းက ခင်ဗျားဆီကယူသွားတဲ့ ပစ္စည်းတွေက အတော်ကလေး အသုံးတည့်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က မရဏာကျိန်စာ တံဆိပ်တော်ဟု စာတမ်းပါသောကြေးပြားတံဆိပ်၊ သော့တစ်ချောင်းနှင့် ကြေးပုရပိုဒ်များအကြောင်းကို ပြန်ပြောပြလိုက်သည်။

"အရင်တစ်ခေါက် ရောက်လာတုန်းက သင်တို့ကယူဖို့ သွားကြတာဆိုတော့ ပေးသင့်တဲ့ပစ္စည်းတွေ ပေးလိုက်တာပါ။ ဒီတစ်ခေါက်လာတော့ ပြန်ပေးဖို့ သွားကြမှာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီက ပေးစရာမလိုတော့ပါဘူး"

ဒေါက်တာမင်းထင်ကျော်ကတော့ သူပြောသော စကားအဓိပ္ပာယ်ကို သဘောမပေါက်ပေ။ သို့သော်လည်း ပစ္စည်းဟောင်းရောင်းသော အဖိုးကြီးကို ကျေးဇူးဆပ်သော အနေဖြင့် ငွေအချို့ထပ်ပေးခဲ့ပြီးနောက် သင်္ဘောဆိပ်သို့ ပြန်ဆင်းခဲ့ကြလေသည်။

နောက်တော့ နိုင်းမြစ်တလျှောက် သင်္ဘောခရီးစဉ် စတင်ကြလေသည်။ ဒီတစ်ခေါက်လာကြသည့်မှာ. . စိုးရိမ်သောကရောက်စရာများ မရှိသဖြင့် အေးအေးလူလူပင် ရှိနေကြသည်။ သင်္ဘောသားများ စီစဉ်ချက်ပြုတ်ပေးသော အစားအသောက်များစားရင်း လိုက်ခဲ့ကြသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်လင်တို့အတွက်ကတော့ ချစ်စကြင်နာစဖြစ်သဖြင့် ပျားရည်ဆမ်းခရီး ထွက်လာကြသကဲ့သို့ပင် ရှိပေသည်။

တစ်နေကုန်မောင်းလာကြပြီး ညအချိန်ရောက်တော့မှ မောင်းနေသောသင်္ဘောက စက်ရပ်သွားသည်။ ထို့ကြောင့် အပြင်ဘက်ထွက်ပြီး အခြေအနေ မေးမြန်းကြည့်ရသည်။

"ဘာဖြစ်တာလဲ"

"သင်္ဘောနောက်ဘက်မှာ သေတ္တာကြီးတစ်လုံး ချိတ်ပါလာလို့ စက်ရပ်ပြီး ဖြုတ်နေကြတာပါ"

ဒေါက်တာမင်းထင်ကျော်က ပဲ့ပိုင်းသို့ထွက်သွားပြီး





အလင်းရောင် သိပ်မရှိသော ရေပြင်ပေါ်မှာ ရေးရေးသာ့ပေါ်နေသော သေတ္တာကြီးတစ်လုံးကို တွေ့ရသည်။

အဖုံးပေါ်မှာလည်း စာများရေးထားသဖြင့် ဒေါက်တာမင်းထင်ကျော်က လက်နှိပ်ဓာတ်မီးတစ်လက် တောင်းယူကာ ထိုးကြည့်လိုက်သည်။

"ဟင်"

သေတ္တာအဖုံးပေါ်တွင် ရေးထားသောလိပ်စာမှာ. .

"နယူးရော့ခ်မြို့တိုက်"

ဟူသော လိပ်စာပင်ဖြစ်သည်။

ပို့လိုက်သော လိပ်စာမှာ လန်ဒန်မြို့တိုက် လိပ်စာပင်ဖြစ်သည်။ ထို့ကြောင့် ဝမ်းသာသွားပြီး ကျန်လူများကိုပါ ခေါ်ပြလိုက်သည်။

"မမျှော်လင့်ပဲ ကျွန်တော်တို့ လိုချင်တဲ့ ပစ္စည်းတော့ ပြန်တွေ့ရပြီ"

ထိုသို့ပြောဆိုနေစဉ်မှာ အဝေးမှလင်းနို့ဖြူကြီး တစ်ကောင်ပျံဝဲလာပြီး သင်္ဘောအပေါ်မှာ လှည့်ပတ်ပျံနေလေသည်။ နောက်တော့ ထိုသေတ္တာကြီးကို ကြိုးများဖြင့်ဆိုင်းကာ သင်္ဘောပေါ်သို့ တင်စေသည်။ သင်္ဘောသားများကတော့ တင်မပေးချင်ကြပေ။ နောက်ထပ်ငွေပေးပြီး ခိုင်းတော့မှ တင်ပေးကြလေသည်။

ထိုသေတ္တာကြီး သင်္ဘောပေါ်ရောက်မှ စက်ငြိမ်နှိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



ခရီးဆက်ခဲ့ကြရာ နောက်တစ်နေ့တွင် သင်္ဘောများရပ်နားသောဆိပ်ကမ်းသို့ ရောက်သွားကြသည်။

ထိုဆိပ်ကမ်းရောက်တော့ အလုပ်သမားများကိုခေါ်ပြီး သေတ္တာကြီးကို အပေါ်တင်ခိုင်း ရသည်။ နောက်တော့ လမ်းပြလိုက်ဖူးသော မာမက်ကိုခေါ်ပြီး အလုပ်သမားအတော်များများ ခေါ်ခိုင်းရသည်။

မာမက်ကလည်း ဒေါက်တာမင်းထင်ကျော်တို့ ပြန်ရောက်လာသဖြင့် ဝမ်းသာအားရနှင့်ပင် အလုပ်သမားများ ရှာဖွေပေးလေသည်။ အလုပ်သမားများရသောအခါ သေတ္တာကြီးကို ကြိုးများဖြင့်ဆိုင်း၍ ထမ်းသယ်ကြသည်။

ဘူရင်များတောင်ကြားရောက်တော့ ဒေါက်တာသော်ဟောက သူယူလာသော လင်းနို့ဖြူတံဆိပ်တုံးကို မူလယူလာသောနေရာသို့ ပြန်ပို့ပေးသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း သေတ္တာကြီးကို ခက်ခက်ခဲခဲနှင့် သယ်ယူသွားရာ အမှတ်(၃)သိုးမက်စ် သချိုင်းဂူအပေါက်ဝသို့ ပြန်ရောက်သွားလေသည်။

ထိုနေရာရောက်တော့မှ သေတ္တာကြီးကို ဖွင့်လိုက်ရာ အတွင်း၌ ရွှေခေါင်းကြီးကို ပြန်တွေ့ရသဖြင့် ဝမ်းသာသွားကြလေသည်။

"အချိန်တန်တော့လည်း သူ့နေရာမှန်ကို ပြန်ရောက်လာပါပေါ့လား"





ဟု ဒေါက်တာသော်ဟောက ရေရွတ်လိုက်သည်။

"ရွှေခေါင်းကြီး ရောက်လာပေမယ့် သံတံခါးက ပိတ်နေတော့ အထဲရောက်အောင် ဘယ်လိုသွင်းမလဲ"

ကျော်စွာက မေးလိုက်သည်။

အတွင်းသို့ဝင်ရန် သံတံခါးက ပိတ်ထားပြီး သော့က မရှိတော့ပေ။ သူတို့ထွက်စဉ်က ဖြတ်ထားခဲ့သော သံတိုင်ပေါက် ရှိသော်လည်း ရွှေခေါင်းကြီးတော့ သွင်း၍မရပေ။

ဒေါက်တာမင်းထင်ကျော်က ပိတ်ထားသောနေရာသွားပြီး ကိုင်ကြည့်လိုက်တော့ သော့ကပွင့်လျက်သား ဖြစ်နေသည်။

"သော့ကဖွင့်ထားပြီးသားပဲ"

"ဒီတော့လည်း အဆင်ပြေတာပေါ့"

ဟုပြောပြီး သံတံခါးကိုဖွင့်ပြီး ရွှေခေါင်းကြီးကိုအတွင်းသို့သွင်းကာ ကျောက်သေတ္တာအတွင်းသို့ နေသားတကျ ဖြစ်အောင်ထည့်သည်။

ဒေါက်တာမင်းထင်ကျော်တို့ထံမှာရှိသော လက်ဝတ်ရတနာများကိုလည်း ရွှေခေါင်းအတွင်းသို့ ပြန်ထည့်တာ အဖုံးပိတ်လိုက်သည်။ ထို့နောက် ကျောက်သေတ္တာအဖုံးကို လူအားဖြင့် မတင်ပြီး ပိတ်လိုက်သောအခါ နေသားတကျ ပြန်ပိတ်သွားလေတော့သည်။

အဖုံးပိတ်သွားတော့ သော့ပေါက်ထဲမှာ ထည့်ထား

www.burmeseclassic.com



သော ကြေးပြားတံဆိပ်လည်း အပြင်ပြန်ရောက်လာသဖြင့် ဒေါက်တာမင်းထင်ကျော်က ကောက်ယူလိုက်သည်။

"ဒီကြေးပြားတံဆိပ်မရှိရင် ဒီကျောက်တလားကြီး ကို ဖွင့်လို့လည်းမရ၊ ဖျက်ဆီးလို့လည်း မရတော့ဘူး"

ဟုပြောကာ အိတ်ထဲထည့်ထားလိုက်လေသည်။ ပြီးတော့မှ အားလုံးအပြင် ပြန်ထွက်ကြသည်။

သူတို့အပြင်ရောက်ပြီး တံခါးကိုပြန်စေ့လိုက်ရုံနှင့် ဂျိုင်းခနဲ မြည်သံထွက်လာပြီး သော့ကျသွားပေတော့သည်။ ထို့နောက် အားလုံးထိုနေရာမှ ထွက်လာကြသည်။

တစ်နေရာရောက်၍လှည့်ကြည့်လိုက်ရာ ရှေးခေတ် အီဂျစ်အမျိုးသမီးများ ဝတ်ဆင်သည့် အဝတ်အစားများ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် ဂူထဲသို့ဝင်သွားပြီးနောက်၊ ကျောက်တလားကြီးအတွင်းသို့ လှဲချလိုက်သည်ကို အားလုံးမြင်တွေ့ကြရသည်။

"အခုမှသူ့နေရာသူ ပြန်ရောက်တော့တယ်၊ အနှောင့်အယှက်ကင်းကင်းနဲ့ အေးချမ်းစွာ နေနိုင်ပါစေ"

ဟုဆုတောင်းမေတ္တာပို့ပေးခဲ့ပြီး ဂူအတွင်းမှ ပြန်ထွက်ခဲ့ကြလေတော့သည်။

နောက်ပိုင်းတွင် ရွှေခေါင်းကြီးမှ ကျောက်မျက်ရတနာများကို ဖြုတ်ယူထားခဲ့သော ဦးဒီပကျော်နှင့် မေရီချိုတို့ နှစ်ယောက်မှာတော့ ဘေးအန္တရာယ်များနှင့် တစ်မျိုးပြီးတစ်





မျိုးတွေ့ကြကာ နောက်ဆုံးသေကြေပျက်စီးမှုဖြစ်ကြပြီး ရတနာများကိုလည်း မသုံးစွဲကြရရှာပေ။

နိုင်ငံမြစ်ဝှမ်းသို့ လေ့လာရေး ခရီးထွက်ဘောအဲ့သော အဖွဲ့တွင် ဒေါက်တာမင်းထင်ကျော်ကတော့ အကြံ့ခဲ့ဆွင် မမျှော်လင့်ပဲ ဘဝလက်တွဲဖော်ရခဲ့သဖြင့် ပျော်ရွှင်စရာခရီး တစ်ခု ဖြစ်ခဲ့လေသည်။

ဘဝဆိုတာ အချစ်နဲ့ကင်းကွာလို့ မရပါဘူး၊ အချစ်ဆိုတာ အလှရဲ့ဝိညာဉ်ဖြစ်တဲ့အတွက် ချစ်သူတို့ရဲ့ ရင်ထဲမှာ အချစ်တိုးလာတာနှင့်အမျှ အလှတွေလည်း တစ်မျိုးပြီးတစ်မျိုး တိုးလာတော့မှ အမှန်ပါပဲ။

သူတို့အတွက်လည်း ကြည့်လေရာ မြင်လေရာ နိုင်ငံမြစ်တစ်ဝှမ်းလုံး အလှအပတွေချည်း ဖြစ်နေပါတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ရွှေတလားနှင့် ကိုယ်ပွားမိစ္ဆာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည် လည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာပေတာ့တု သုခိအတ္တာနံ ပရိဟရန္တု ။

စာပြီးချိန်။ ။(၂၀၁၅)ခုနှစ်၊ မေလ(၁၄)ရက်၊ ကြာသပတေးနေ့၊ နံနက်(၃)နာရီ